ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်၊ တနင်္ဂနွေနေ့။ Sunday , 16 October 2016 (၈၇၁၆)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။ **(နှုတ်ခွန်းဆက်စကားများကို စာမျက်နှာ ၆၊ ၇ တွင် ဖော်ပြထားပါသည်။)**

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလမ်းပြမြေပုံ

၁။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း။
၂။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်ပြင်ဆင်ခြင်း။
၃။ ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေးဆွေးနွေးမှုမူဘောင်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခြင်း။
၄။ (၂၁)ရာစုပင်လုံညီလာခံရလဒ်များအား စုစည်း၍ ပြည်ထောင်စုသဘောတူညီချက် 21st Century Panglon Conference Agreement လက်မှတ်ရေးထိုးခြင်း။
၅။ ပြည်ထောင်စုသဘောတူညီချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်း။
၆။ ပြင်ဆင်ရေးသားအတည်ပြုပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပခြင်း။
၇။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်နှင့်အညီ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်း။



ကြေးမုံ

## ယဉ်ကျေးဖွယ် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း

ဤအချိန်ကာလမှာ ကျွတ်သုံးကျွတ်ကာလဟု ဆိုနိုင်သည်။ ရဟန်းတော်များ ဝါတွင်းကာလ ဝိနည်းနှင့်အညီ သီတင်းသီလ ဆောက် တည်ရာမှ ကျွတ်လွတ်သောကာလ၊ ဝါတွင်းသုံးလမှ ကျွတ်လွတ်သောလ၊ ထို့အပြင် အေးမြသော၊ စိုစွတ်သော မိုးရာသီကာလမှ ကျွတ်လွတ်သောလဟူသည့် လွတ်မြောက်ခြင်းကာလဖြစ်သည်။

ထိုသို့ကျွတ်လွတ်ပြီးသကာလ ဖြစ်ပေါ်လာသည့်အစဉ်အလာများမှာ စိတ်ကြည်နူးဖွယ်၊ ဝမ်းမြောက်ဖွယ်၊ စိတ်ချမ်းသာဖွယ်၊ ကုသိုလ်ထူးဖွယ်စသည့် ကောင်းမြတ်ဖွယ်ရာများနှင့်ထုံမွှမ်းနေသည်။

တောင်သူလယ်သမားများ စပါးအထွက်တိုးရေးကို ဦးတည်ကာ ဖွဲ၊ လှံ့လ၊ အားမာန်အပြည့်ဖြင့် ကြိုးစား စိုက်ပျိုးထားသော မြသားရောင်ခြယ် ကောက်စပါးများ ပေါက်ဖွားထောင်မတ်သောလ။ ကောက်ပင်၊ စပါးပင်များ အသီးအနှံဖုံးသောလ။

မိုးသားကင်းစင်ပြီး သာယာလှပသောလ။ ဘုရားဆွမ်းတော်တင်သော သင်ပုတ်ပလ္လင်ကို ဆေးကြောသည့်အနေဖြင့် နောက်ဆုံးမိုး တစ်ဖြိုက်၊ နှစ်ဖြိုက်ရွာသွန်းဖြိုးသောလ။ လယ်ကွင်းများနှင့် ရေကန်တို့တွင် ကြာမျိုးငါးပါးတို့ ပွင့်အာလန်းဆန်းကုန်သောလ။ မြန်မာလူမျိုးတို့ ရှေးအစဉ်အဆက် အထွတ်အမြတ်ထား ပြုလုပ်ကြသော မီးထွန်းပွဲတော်ကာလ။ မြန်မာလူမျိုးတို့၏ အစဉ်အလာယဉ်ကျေးမှုကို ထိန်းသိမ်းသောအားဖြင့် အမိအဖ၊ သက်ကြီးရွယ်အိုတို့နှင့်ဆရာသမားတို့အား ကန်တော့ခြင်း ဂါရဝမင်္ဂလာ ပြုလုပ်သောလ။

ဘုရား၊ ကျောင်းကန်၊ ဇရပ်များတန်ဆောင်းများတွင် တရားဓမ္မများ ရွတ်ဖတ်ပူဇော်သောလ။ ရဟန်းသံဃာများ သိက္ခာတော် ဝါကြီးငယ်စဉ်အလိုက် ပဝါရဏာပွဲပြုလုပ်သောလ စသည့်ကောင်းမြတ်သည့်အစဉ်အလာများ ထုံမွှမ်းနေသောလဖြစ်သည့်အပြင် အမြတ်ဆုံးသော မြတ်ဘုရားရှင်သည် ဤသီတင်းကျွတ်လတွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကဿမြို့သို့ ပြန်လည်ကြွချီဆင်းသက်သည်ကိုရည်စူးပြီး သီတင်းကျွတ်မီးထွန်း ပူဇော်ခြင်းဟု အနှစ်ချုပ်ဖြစ်တည်ခဲ့သည်။

ထိုသို့ကောင်းခြင်းများနှင့်စုံလင်သောလ၊ ကောင်းခြင်းများနှင့်ထုံမွှမ်းသောအရပ်မှာ ကျွန်ုပ်တို့မြန်မာနိုင်ငံပင်ဖြစ်သည်။ ယဉ်ကျေးဖွယ်၊ ချမ်းမြေ့ဖွယ်၊ ကြည်နူးဖွယ်ကောင်းသော ထုံးတမ်းအစဉ်အလာဓလေ့များကို တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး အယုတ်အလတ်အမြတ်မရွေး ပါဝင်ပြုလုပ်လေ့ရှိသော အပြုအမူများသည် မြန်မာတို့၏ အစဉ်အလာစရိုက်လက္ခဏာများပင်ဖြစ်သည်။

စည်းလုံးညီညွတ်၊ ချစ်ခင်ဖွယ်အပြုအမူများကို ဤနိုင်ငံ၊ ဤအရပ်၊ ဤအချိန်၊ ဤလူမျိုးများသာ ပြုမူဆောင်ရွက်လေ့ရှိသည်။ ဤအရာများ၊ ဤအစဉ်အလာများအား မည်သည့်အရာအစဉ်အလာများနှင့်မျှ လဲနိုင်လိမ့်မည်မဟုတ်ချေ။

သိမ်မွေ့ယဉ်ကျေးသော ကောင်းမြတ်သည့် အစဉ်အလာများသည် အေးချမ်းပျော်ရွှင်မှု အသွင်ကိုဆောင်သည်။ ကုသိုလ်ထူးများနှင့် ပျော်ရွှင်ဖွယ်ရာများ ပေါင်းစုဝေဆာနေသော မြန်မာပြည်မှာနေချင်စဖွယ်ကောင်းလှသည်။

အေးချမ်းပျော်ရွှင်ဖွယ်ကောင်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ဤမြေ၊ ဤအချိန်ကာလ တွင် မအေးချမ်းဖွယ်၊ အမြင်မတင့်ဖွယ် အနိဋ္ဌာရုံများ၊ အကျိုးမများဖွယ်ရာ အမှုကိစ္စများ ဖြစ်ပေါ်လာမည်ကိုမည် သူတို့ကမျှ လိုလားမည်၊ လက်ခံမည်မဟုတ်ချေ။ အေးချမ်းပျော်ရွှင်ဖွယ်ဘဝဓလေ့ထုံးတမ်းအစဉ်အလာများနှင့် မဆီလျော်သည့် မငြိမ်းချမ်းဖွယ်၊ စိတ်ညစ်ညူးဖွယ်၊ မကောင်းမှုများ ပေါ်ပေါက်လာပါကလည်း ဝိုင်းဝန်းဖယ်ရှားကြရမည်ဖြစ်သည်။

မြန်မာလူမျိုးများ၏ ကောင်းမြတ်သော အစဉ်အလာများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ နိုင်ငံသားတိုင်း၏တာဝန်ဖြစ်ပြီး ထိုကောင်းမြတ်သော ယဉ်ကျေးမှုအမွေများကို ဆက်လက်လက်ဆင့်ကမ်းသယ်ဆောင်သွားကြရမည်ဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်ကြရာတွင် ရပ်အတွင်း၊ ရွာအတွင်း ရပ်သူရွာသားများ အချင်းချင်း ညီညီညွတ်ညွတ်ဖြင့် ထိုကောင်းမြတ်သော အစဉ်အလာများကို ဆောင်ကြဉ်းခြင်းသည် အထောက်အပံ့ကောင်းဟု ဆိုနိုင်သည်။

ဘာသာ၊ ယဉ်ကျေးမှု အစဉ်အလာကောင်းများနှင့်ပြည့်စုံကြွယ်ဝသော မြန်မာနိုင်ငံတွင် ထိုအစဉ် အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အေးချမ်းသာယာသော နိုင်ငံတစ်နိုင်ငံအဖြစ် ဖော်ညွှန်းနေခြင်းဖြစ်ရာ မြတ်နိုးဖွယ်၊ နှစ်လိုဖွယ်၊ ယဉ်ကျေးဖွယ် အစဉ်အလာကောင်း များကို ဆက်လက်ထိန်းသိမ်းရင်း မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ဂုဏ်ဒြပ်ကိုမြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ကျင်းပ
## ဈေးချိုနာရီစင်မှ မြို့တော်ခန်းမအထိတပျော်တပါးလမ်းလျှောက်

**မန္တလေး အောက်တိုဘာ ၁၅**

မသန်စွမ်းသူများ၏ အရေးကိစ္စအား ပြည်သူလူထုက ပိုမိုဂရုပြုသိရှိလာစေရန်၊ မသန်စွမ်းသူများ၏စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်မှုများကို ပြည်သူများပိုမိုသိရှိလာစေရန်၊ မသန်စွမ်းသူများသည်ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှုပိုမိုရရှိပြီး စိတ်ဓာတ်ခွန်အားပိုမိုမြှင့်တင်စေရန် ရည်ရွယ်လျက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)တို့ပူးပေါင်း၍ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့တွင် ကျင်းပသည်။




နိုင်ငံတကာ လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ်အဖြစ် နံနက် ၆ နာရီခွဲတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဈေးချိုနာရီစင်အနီးတွင် မန္တလေး၊စစ်ကိုင်း၊မုံရွာ၊ ပြင်ဦးလွင်တို့ရှိ ပရဟိတကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၅၀ တို့ နေရာယူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးသစ်က သေနတ်ပစ်ဖောက်ပေးရာ(၂၆)လမ်းအတိုင်း မန္တလေးမြို့တော်ခန်းမအထိ တုတ်ဖြူများနှင့် လုပ်အားပေးသူများ အကူအညီရယူပြီး တပျော်တပါး လမ်းလျှောက်ကြသည်။

ဆက်လက်ပြီး နံနက် ၈ နာရီတွင် မြို့တော်ခန်းမ၌ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနားကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ် တက်ရောက်အားပေးပြီး အမှာစကားပြောကြားကာ နိုင်ငံတကာမျက်မမြင်လမ်းလျှောက် တုတ်နေ့တွင် ပါဝင်ဆင်နွှဲသော မျက်မမြင်ပရဟိတကျောင်းများမှ တာဝန်ရှိသူများအား ဂုဏ်ပြုငွေနှင့်လက်ဆောင် ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် မျက်မမြင်ပရဟိတကျောင်းများမှ တေးဂီတအဖွဲ့များက တေးသီချင်းများဖြင့်ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မန္တလေး-လားရှိုး-မူဆယ်ကားလမ်း ဂုတ်တွင်း၌လမ်းပိတ်မှုဖြစ်ပွား



**သီပေါ အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး-လားရှိုး-မူဆယ်ကားလမ်းပေါ်ရှိ နောင်ချိုမြို့နှင့် ကျောက်မဲမြို့နယ်ကြားမှ အဓိကကျသော ဂုတ်တွင်းကားလမ်းသည် အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက တွဲကားကြီးတစ်စီး ကန့်လန့်ခံပိတ်ဆို့သွားခဲ့မှုကြောင့် နှစ်ဖက်အစုန်၊ အဆန် မော်တော်ယာဉ်များ အသွားအလာရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် ပိတ်ဆို့ဂုတ်တွင်းကားလမ်းအမြန်ပြန်ပွင့်၍ ကားများသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ရှိသူများနှင့်ကျောက်မဲ၊ နောင်ချိုယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်ပေးသဖြင့် အစုန်၊အဆန် ကုန်စည်တင်ဆောင်လာသော မော်တော်ယာဉ်ကြီးများ၊ မှန်လုံယာဉ်များနှင့်ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းအပတ်စဉ် (၆/၂၀၁၆) ဆင်းပွဲ အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၁၃၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီပံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၁၃၃၀၊ ဖက်စ် ၀၁-၂၉၁၃၅၅

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနား၏ ထုတ်ပြန်ကြေညာချက်

**၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးကြိုးပမ်းမှု၏ အဓိကသမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ စာချုပ်မူကြမ်းကို စတင်ညှိနှိုင်းစဉ်က နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့မှ ကိုယ်စားလှယ်များပါဝင်ညှိနှိုင်းခဲ့ကြပြီး ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် မူကြမ်းအဆင့်အား နိုင်ငံတော်သမ္မတထံအပ်နှံခဲ့ပြီးနောက် ဩဂုတ်လ ၇ ရက်နေ့တွင် လော်ခီးလာညီလာခံမှ မူချောအဖြစ် ထပ်မံ အတည်ပြုနိုင်ခဲ့ကြပါသည်။ ၁၇ လအကြာ ညှိနှိုင်းဆွေးနွေးမှုများအပြီး အခန်း(၇)ခန်းနှင့် အချက်ကြီး (၃၃) ချက်ပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့တို့အကြား နိုင်ငံတကာနှင့် ပြည်တွင်းသက်သေများရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ အားလုံးပါဝင်ညှိနှိုင်းပြုစုထားသည့် NCA သဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြည်ထောင်စုလွှတ်တော်က တရားဝင်၊ ကန့်ကွက်သူမရှိ အတည်ပြုပေးလိုက်သည့်နောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးအတွက် သမိုင်းဝင်အခြေခံအုတ်မြစ်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

၃။ NCA လက်မှတ်ရေးထိုးခဲ့သည့် တစ်နှစ်တာအတွင်း စာချုပ်ပါအချက်များကို အတိုင်းအတာတစ်ခုအထိ သက်ဆိုင်သူများအားလုံးမှ ကြိုးစားအကောင်အထည်ဖော်ခဲ့ကြပါသည်။ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်မှု၊ လေးစားမှုတို့ကို အခြေခံ၍ ရရှိခဲ့သည့် ယုံကြည်မှုကို အရင်းအနှီးပြုကာ NCA ကို ထိန်းသိမ်းလျက် ငြိမ်းချမ်းရေးလုပ်ငန်းများ ပူးတွဲအကောင်အထည်ဖော်မှုတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်း လုပ်ဆောင်လျက်ရှိပါသည်။

၄။ NCA ပါ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ထိထိရောက်ရောက်လိုက်နာမှုရှိစေရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကို ဖွဲ့စည်းပြီး စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

၅။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံတစ်ခုကိုလည်း NCA တွင် သဘောတူညီခဲ့ကြသည့်အလျောက် ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်းကာ အကောင်အထည်ဖော်လျက်ရှိပါသည်။ ရလဒ်အဖြစ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ခုကိုရေးဆွဲ၍ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။

၆။ နိုင်ငံတော်၏ပြောင်းလဲလာသောအခြေအနေများနှင့်အညီ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေးဆွဲရေး ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းညီလာခံတွင် အားလုံးပါဝင်တက်ရောက်နိုင်ခဲ့ကြပြီး လွတ်လပ်စွာ ဆွေးနွေးတင်ပြနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံမှတစ်ဆင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေးအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ပေါက်မြောက်စေရန်အတွက် နောက်ထပ်သမိုင်းစာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းလည်းဖြစ်ပါသည်။

၇။ NCA ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာခြင်းအားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာမက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပေါ် စောင့်ကြည့်၍ ညှိနှိုင်းဖြေရှင်းသည့် လုပ်ငန်းစဉ်များကို သဘောတူညီခြင်းဖြစ်သည့်အပြင် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များအတွက်ပါ နှစ်ဦးနှစ်ဖက်အကြား အာမခံချက်များ ထားရှိခြင်းဖြစ်ပါသည်။ NCA ပါ အချက်များသည် အင်အားစုများအကြား ညှိနှိုင်းသဘောတူညီထားသော ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ၎င်းအချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးသည် အနာဂတ်ပြည်ထောင်စုအတွက် အရေးပါသော ခြေလှမ်းများဖြစ်ပါလိမ့်မည်။ NCA ပါ လုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော်ခြင်းဖြင့် ပဋိပက္ခဖြေရှင်းရေးကိုအခြေခံသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်တစ်ရပ်ကို တည်ဆောက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

**✱ ရှေ့ဖုံးမှ**

ဆက်လက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)၏အနှစ်ချုပ်အား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းတို့က ဖတ်ကြားကြသည်။ **(တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(အနှစ်ချုပ်) ကို စာမျက်နှာ ၉ တွင်ဖော်ပြထားပါသည်။)**

အခမ်းအနားအပြီးတွင် NCA နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များသည် အဖွဲ့လိုက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှ ခေါင်းဆောင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်များမှ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ UPWC အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်နှင့် အထောက်အကူပြုအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ သံတမန်များ၊ NCA အသိသက်သေများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)




နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# အိန္ဒိယထိန်းချုပ်သော ကက်ရှမီးယားဒေသ၌ စစ်သွေးကြွများတိုက်ခိုက်၍ ရဲတပ်ဖွဲ့ဝင်ကိုးဦးဒဏ်ရာရ

**ဆရင်နာဂါ အောက်တိုဘာ ၁၅**
အိန္ဒိယနိုင်ငံမှ ထိန်းချုပ်သော မငြိမ်မသက်ဖြစ်နေသည့် ကက်ရှမီးယားဒေသတွင် အောက်တိုဘာ ၁၄ ရက်က လက်နက်ကိုင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အိန္ဒိယရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံမှ ထိန်းချုပ်သော ကက်ရှမီးယားဒေသမှ နွေရာသီမြို့တော် ဆရင်နာဂါ၏ ဆင်ခြေဖုံးဒေသ၌ အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် အဆိုပါတိုက်ခိုက်မှုဖြစ်သွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ ရဲတပ်ဖွဲ့ဝင်များအား နီးစပ်ရာဒေသရှိ ဆေးရုံများသို့တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိပြီး ယင်းတို့အနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု အိန္ဒိယဗဟိုအရန်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အိန္ဒိယရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ တစ်နေ့တာလုပ်ငန်းတာဝန်များ ဆောင်ရွက်အပြီး အခြေစိုက်စခန်းသို့ တပ်ဖွဲ့ပိုင် ကြို/ပို့ယာဉ်ဖြင့် အပြန်တွင် ယင်းသို့ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့ တာဝန်ရှိသူက ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား ခွဲဝေပိုင်းခြား ပိုင်ဆိုင်ထားသည့် ဟိမဝန္တာဒေသမှ ကက်ရှမီးယားဒေသအား နှစ်နိုင်ငံစလုံးမှ ၎င်းတို့က အပြည့်အဝပိုင်ဆိုင်ကြောင်း ပြောကြားထားပြီး ဗြိတိန်လက်အောက်မှ အဆိုပါနှစ်နိုင်ငံ လွတ်လပ်ရေးရပြီးနောက် နှစ်နိုင်ငံအကြား စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ရာ နှစ်ကြိမ်မှာ ကက်ရှမီးယားဒေသပိုင်ဆိုင်ရေးနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**




# ဗီယက်နမ်အလယ်ပိုင်းတွင် မိုးသည်းထန် ရေယာဉ်နှစ်စင်း နစ်မြုပ်ပြီး ခြောက်ဦးပျောက်ဆုံးနေ

**ဟန္နိုင်း အောက်တိုဘာ ၁၅**
ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွမ်ဘင့်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကုန်တင်ရေယာဉ်နှစ်စင်း နစ်မြုပ်ပြီး လူခြောက်ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ် ကမ်းရိုးတန်းဒေသ သတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။



လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် စုပေါင်းကျောက်ချရပ်နားထားသည့် ကျောက်မီးသွေးတင် ရေယာဉ်ငါးစင်းမှာ ကျောက်ကြိုးများပြတ်ပြီး ပင်လယ်တွင်း မျောပါခဲ့သည်။ ယင်းသင်္ဘော ငါးစင်းအနက် နှစ်စင်းမှာ အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် နစ်မြုပ်သွားခဲ့ပြီး သင်္ဘောနစ်မြုပ်မှုကြောင့် သင်္ဘောသား ၁၃ ဦးမှာ ပင်လယ်တွင်းသို့ ကျသွားခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။

အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်း၌ သင်္ဘောသား ခုနစ်ဦးအား ကယ်ဆယ်ရရှိသော်လည်း အခြား ခြောက်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် လွန်ခဲ့သည့် သုံးရက်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်မှုကြောင့် လူငါးဦး သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ကွမ်ဘင့်ပြည်နယ်နှင့် လာတင့်ပြည်နယ်တို့တွင် လူနေအိမ်ခြေ ၃၀၀၀၀ ကျော်တို့ ရေအောက်သို့ နက်ရှိုင်းစွာနစ်မြုပ်ခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

❑

# ဟေတီနှင့် ကန်ဒေါ်လာ နှစ်ဘီလီယံတန် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ တရုတ် လက်မှတ်ရေးထိုး

**မက္ကစီကိုစီးတီး အောက်တိုဘာ ၁၅**
တရုတ်နိုင်ငံက ဟေတီနိုင်ငံနှင့် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံတန်ကြေးရှိသော ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသန္တရ မီဒီယာများက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်၏ တစ်စိတ်တစ်ဒေသအဖြစ် နားလည်မှုစာချွန်လွှာနှစ်ခု လက်မှတ်ရေးထိုးခဲ့ကြောင်း စီမံကိန်းနှင့် ပြည်ပပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး အဗ္ဗိုင်းဖလောရန့်က ပြောကြားကြောင်း Haiti Libre သတင်းစာက ဆိုသည်။

အဆိုပါသတင်းစာ၏အဆိုအရ ပထမသဘောတူညီချက်မှာ လေနှင့် နေစွမ်းအင် စက်ရုံများအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကုန်ကျမည့် မဟာဓာတ်အားလိုင်းစီမံကိန်းတစ်ခု တည်ဆောက်မည်ဖြစ်ပြီး ဒုတိယသဘောတူစာချုပ်မှာ ဟေတီနိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

တရုတ်နိုင်ငံပိုင် တရုတ်အမျိုးသားအကြီးစားစက်မှုကော်ပိုရေးရှင်း (Sinomach) ၏ လက်အောက်ခံလုပ်ငန်းခွဲတစ်ခုဖြစ်သော China Automation Control System Corporation (CACS) မှာ ယင်းစီမံကိန်းများတွင်ပါဝင်နေသော ကုမ္ပဏီများအနက် တစ်ခုဖြစ်သည်။ ဝန်ကြီး ဖလောရန့်သည် အခြေခံအဆောက်အအုံကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံရန် ပြီးခဲ့သော မေလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**



# ဆိုမာလီနိုင်ငံတွင် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ သင်တန်းပေး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၁၅**
ဆိုမာလီနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲများ ငြိမ်းချမ်းစွာကျင်းပနိုင်ရေးအတွက် အာဖရိကသမဂ္ဂအဖွဲ့က ရဲအရာရှိများအား အောက်တိုဘာ ၁၅ ရက်မှစတင်ပြီး လုံခြုံရေးဆောင်ရွက်မှုဆိုင်ရာသင်တန်းပေးခဲ့ကြောင်း သိရသည်။

ဆင်ခြင်စဉ်းစားဆုံးဖြတ်မှု၊ လွတ်လပ်မှု၊ ပွင့်လင်းမြင်သာမှု၊ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများအား အဆိုပါသင်တန်းတွင် ပို့ချသွားမည်ဖြစ်သည်။ "ရဲတပ်ဖွဲ့ဝင်တွေဟာ နိုင်ငံတိုင်းရဲ့ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာကိစ္စတွေမှာ အရေးပါပြီး သူတို့ရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ဖို့လိုပါတယ်"ဟု အာဖရိကသမဂ္ဂ ရဲတပ်ဖွဲ့အကြီးအကဲ အလက်ဇန္ဒား ကူကူက ပြောကြားသည်။ ကစ်မီရိုနှင့် ဘာဒိုတို့တွင် ပထမပတ်သင်တန်းများကိုပို့ချပေးခဲ့ပြီး ယင်းသင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းများ ပါဝင်သည်။ ဂျဘာလန်မြို့မှ ရဲအရာရှိဟာဆန်က သင်တန်းတွင် သင်ကြားပေးခဲ့သောအချက်များသည် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအတွက် အလွန်အရေးပါကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

# နိုင်ငံရဲ့နောင်လာနောက်သားတွေအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကိုယ့်အတွင်းမီးတွေကိုလည်း ငြိမ်းပြီးတော့ ဝိုင်းဝန်းပြီးဆောင်ရွက်ကြ

နေပြည်တော် အောက်တိုဘာ ၁၅

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

ယနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်သမ္မတကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။

ကျွန်မတို့ ဒီနေ့ဟာ (NCA–Nationwide Ceasefire Agreement) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်ရဲ့ တစ်နှစ်ပြည့်မြောက်တဲ့ အခမ်းအနား ဖြစ်ပါတယ်။ ဒီတစ်နှစ်အတွင်းမှာလည်း အတော်အတန်ပဲ တိုးတက်မှုရှိခဲ့တယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ ဒီစာချုပ်ကို ပထမဦးဆုံး လက်မှတ်ရေးထိုးဖြစ်အောင် ဝိုင်းဝန်းပြီးတော့ ကူညီခဲ့ကြတဲ့ ယခင်အစိုးရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တကွ အားလုံးကိုလည်း ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ ဂုဏ်ပြုပါတယ်။

လမ်းတစ်လမ်းကို စလျှောက်မယ်ဆိုရင် ပထမခြေလှမ်းက အရေးအကြီးဆုံးပါပဲ။ အဲဒီတော့ ကျွန်မတို့ဟာ ပထမခြေလှမ်းကို လှမ်းလို့ ပြီးပါပြီ။ ဆက်ပြီးတော့ လှမ်းစရာ ခြေလှမ်းတွေ ရှိပါသေးတယ်။ အခုကျွန်မတို့ရဲ့ NCA ထဲမှာ ဘာတွေပါလဲဆိုတာကိုတော့ အခု အခမ်းအနားမှာ ဖတ်ပြကြမှာဖြစ်ပါတယ်။ ကျွန်မတို့ အခုဆိုရင် အပစ်အခတ်ရပ်စဲရေး(Nationwide)ဆိုတာ၊ တစ်နိုင်ငံလုံးဆိုင်ရာဆိုပေမယ့်လည်း တစ်နိုင်ငံလုံးဆိုင်ရာ ကျွန်မတို့ပါစေချင်တဲ့ပုဂ္ဂိုလ်များ၊ ပါသင့်ပါထိုက်တဲ့အဖွဲ့များအားလုံး မပါသေးဘူးဆိုတာကိုလည်း ကျွန်မတို့သိပြီးသားဖြစ်ပါတယ်။ အားလုံးပါဝင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်မတို့နိုင်ငံအတွက် အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ဘာနဲ့မှလဲလို့ မရတဲ့ ရတနာကြီးတစ်ခုပါပဲ။ ကျွန်မတို့ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ဆိုတဲ့နေရာမှာ ကျွန်မက Nationwide Ceasefire Agreement ဆိုတဲ့ စကားကို ဆင်ခြင်လိုက်ပါတယ်။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ဆိုတာကို NCA လို့ လွယ်လွယ်နဲ့ ခေါ်ကြပါတယ်။ မြန်မာစကားနဲ့ကျတော့ အပစ်အခတ်ရပ်စဲရေးပေ့ါ။ အင်္ဂလိပ်ဘာသာ စကားနဲ့ဆိုရင် Ceasefire၊ Fire ဆိုတာ ပစ်ခတ်ခြင်း၊ Fire ဆိုတာတိုက်ခိုက်ခြင်းပါပဲ။ ဒီတော့ Fire ဆိုတာ မီးဆိုတဲ့စကားကနေ လာတာဖြစ်ပါတယ်။ အဲဒီတော့ ငြိမ်းချမ်းရေးရဖို့ဆိုရင်၊ အပစ်အခတ်ရပ်စဲရေးတွေရဖို့ဆိုရင် ကျွန်မတို့ရဲ့ အတွင်းမီးတွေဖြစ်တဲ့ ဒေါသတွေ၊ အာဃာတတွေငြိမ်းဖို့ဟာ အင်မတန်မှအရေးကြီးပါတယ်။ သက်ဆိုင်ရာပုဂ္ဂိုလ် အသီးသီး၊ အဖွဲ့အစည်းအသီးသီးက မိမိတို့အတွင်းက ဒေါသတွေ၊ အာဃာတတွေ ငြိမ်းအောင်လုပ်နိုင်မှ ကျွန်မတို့စစ်မှန်တဲ့ ငြိမ်းချမ်းရေး ရနိုင်မှာပါ။

ကျွန်မတို့အဖွဲ့အစည်းများအတွင်းမှာရှိတဲ့ အာဃာတဒေါသမီးတွေ ငြိမ်းမှ ပြည်သူပြည်သားတွေရဲ့ သောကမီးတွေ ငြိမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အပစ်အခတ်ရပ်စဲရေး Ceasefire အတွက် လုပ်တယ်ဆိုရာမှာ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများကို သောကဖြစ်စေတဲ့ မီးများအားလုံး ငြိမ်းဖို့အတွက် လုပ်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာကို အဓိကထားပြီး ကျွန်မတို့ရဲ့ အဖွဲ့အစည်းအသီးသီးက ဆင်ခြင်စေချင်ပါတယ်။ အားလုံးဟာ ကိုယ့်အမြင်နဲ့ကိုယ်ရှိကြတာပါပဲ။ နာကြည်းချက်တွေရှိခဲ့တယ်ဆိုတာလည်း ကျွန်မတို့မငြင်းပါဘူး။ ဒါပေမယ့် ဒီနာကြည်းချက်တွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းလည်း ကျွန်မတို့အားလုံးမှာရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကိုကျော်လွှားနိုင်တဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ပြိုင်ရမှာပါ။ တကယ်ဆိုရင် ကျွန်မတို့က(Fire Power) မီးအင်အားကို ပြိုင်ရမှာမဟုတ်ပါဘူး။ မီးကို ငြှိမ်းနိုင်တဲ့အင်အားကို ပြိုင်ရမှာဖြစ်ပါတယ်။ ဒီလိုကျွန်မတို့ ကြိုးစားနေတဲ့အခါမှာ တစ်နိုင်ငံလုံးကနေပြီးတော့ စောင့်ကြည့်နေကြပါတယ်။ တစ်နိုင်ငံလုံးက မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်မျှော်နေကြပါတယ်။ ပြီးတော့ ကျွန်မတို့ပြည်သူတွေက အခုအစိုးရနဲ့တကွ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့များနဲ့ ဘာတွေလုပ်နေလဲဆိုတာ ကြည့်တဲ့အခါ မှာ ကျွန်မတို့ရဲ့ပြည်သူတွေကို လျှော့မတွက်ပါနဲ့လို့ မေတ္တာရပ်ခံချင်ပါတယ်။

အများသိတဲ့ကမ္ဘာကျော်အဆိုတစ်ခုရှိပါတယ်။ အများကိုတစ်ခဏ လှည့်ဖြား လို့ရမယ်၊ အချို့ကို ထာဝရလှည့်ဖြားလို့ရမယ်၊ အားလုံးကိုတော့ ထာဝရလှည့်ဖျားလို့ မရဘူးဆိုတဲ့ အဆိုပဲဖြစ်ပါတယ်။ ပြောချင်တာကတော့ အဖြစ်မှန်အတိုင်း ရေရှည်မှာတော့ ပြည်သူ ပြည်သားတွေက သိမှာပါပဲ။ ဒီအဆိုထက် ကျွန်မပိုပြီးတော့သဘောကျလို့ အခွင့်အရေးရှိတိုင်း ကျွန်မမျှဝေတဲ့ အဆိုတစ်ခုရှိပါတယ်။ ဒါကတော့ ၁၉၈၈ ခုနှစ်လောက်တုန်းက ကျွန်မကို အင်းလေးဘက်က ဆရာတော်ကြီးတစ်ပါး မိန့်လိုက်တဲ့ ဩဝါဒစကားပါပဲ။ ဆရာတော်ကြီးက အသက်အားဖြင့် ဟိုးအရင်တုန်းက ဇာတ်မင်းသားကြီး ဦးဖိုးစိန်ရဲ့ခေတ်ကိုမီခဲ့ပါတယ်။ ဆရာတော်ကြီးက ကျွန်မကို မိန့်ပါတယ်။ မင်းသားကြီးဦးဖိုးစိန်ဇာတ်ကိုသွားပြီးတော့ ကြည့်တဲ့အခါမှာ လူရွှင်တော်ကြီးတစ်ဦးက ဇာတ်မကခင်အမြဲပြောတယ်။ ဖိုးစိန်ကြီး ခင်ဗျားလောက်ကတတ်တဲ့သူ ဒီပရိသတ်ထဲမှာ တစ်ယောက်မှမရှိဘူး။ ဒါပေမယ့် ခင်ဗျားခြေထိုးတာလေး နည်းနည်းမှားရင် အားလုံးသိတယ်။ စိန်ဗေဒါကြီး ခင်ဗျားလောက်တီးတတ်တာ ဘယ်သူမှမရှိဘူး။ ဒါပေမယ့် တီးလုံးလေးတစ်ကွက်လွဲသွားရင် အားလုံးသိတယ်လို့ သတိပေးတယ်။ အဲဒါက ဘာကိုဆိုလိုတာလည်းဆိုတော့ ကိုယ်က ဘယ်လောက်ပဲတော်တော် ကိုယ့်ပရိသတ်ကို အထင်မသေးရဘူးဆိုတဲ့ သဘောပါပဲ။

အဲဒီတော့ ကျွန်မတို့ရဲ့အစိုးရနဲ့တကွ၊ တပ်မတော်နဲ့တကွ၊ တိုင်းရင်းသား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။

ညီအစ်ကိုမောင်နှမများ၊ အဖွဲ့အစည်းများဟာ ကျွန်မတို့ပြည်သူပြည်သားတွေရဲ့ ဆင်ခြင်တုံ တရားကိုလျှော့ပြီးတော့မတွက်ပါနဲ့။ ကျွန်မတို့ ပြည်သူပြည်သားတွေဟာ တစ်ယောက်ချင်း တစ်ယောက်ချင်းအားဖြင့် အစိုးရအလုပ်ကိုလုပ်နိုင်တဲ့ အရည်အချင်း ရှိချင်မှရှိမယ်။ တပ်မတော်ရဲ့တာဝန်တွေကို ထမ်းဆောင်နိုင်တဲ့အရည်အချင်း ရှိချင်မှရှိမယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေက ခေါင်းဆောင်များရဲ့ အရည်အချင်း ရှိချင်မှရှိမယ်။ ဒါပေမယ့် ဒီနိုင်ငံကို ဘာကအကျိုးပေးတယ်၊ ဘာကအကျိုးမပေးဘူးဆိုတာ ရေရှည်မှာ ပြည်သူပြည်သားအားလုံး သိကြပါတယ်။ ဒါကြောင့် ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေရဲ့ ကူညီထောက်ပံ့မှုနဲ့အတူ လိုအပ်တဲ့ခြေလှမ်းကို လှမ်းစေချင်ပါတယ်။

ဒီလိုလိုအပ်တဲ့ ခြေလှမ်းတွေလှမ်းဖို့ သတ္တိလိုတယ်ဆိုတာ ကျွန်မ မကြာခဏ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အတိတ်လမ်းကြောင်းကနေပြီးတော့ ပစ္စုပ္ပန်မှာ အနာဂတ်အတွက် ပြောင်းလဲဖို့ဆိုတာ ပြောင်းလဲခြင်းကို လုပ်ရဲတဲ့သတ္တိ၊ ရင်ဆိုင်ရဲတဲ့သတ္တိ အင်မတန်မှ အရေးကြီးပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်လုပ်နေကျကိစ္စဆိုရင် ပိုပြီးတော့သက်သာပါတယ်။ အသစ်အဆန်းကို ရင်ဆိုင်ဖို့ဆိုတာကတော့ သတ္တိလိုတယ်၊ အတွေးအခေါ်လိုတယ်၊ အရည်အချင်းလိုတယ်။ ဒီလိုသတ္တိတွေ၊ အတွေးအခေါ်တွေ၊ အရည်အချင်းတွေ ကျွန်မတို့အားလုံးမှာရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။

အဲဒီလိုရှိတဲ့ အရည်အချင်းတွေကို ထုတ်ပြီးတော့သုံးစေချင်ပါတယ်။ အခု ကျွန်မတို့ NCA လက်မှတ်ထိုးပြီးတာ တစ်နှစ်ကြာပါပြီ။ တစ်နှစ်ကြာပြီဆိုပေမယ့်လည်း မထိုးရသေးတဲ့အဖွဲ့တွေ တစ်ခုမှထပ်ပြီးတော့ မတိုးသေးတာဟာ ကျွန်မတို့အတွက် အင်မတန်မှ ဝမ်းနည်းစရာဖြစ်ပါတယ်။

ကျွန်မပြောချင်တာကတော့ အစိုးရအဖွဲ့၊ တပ်မတော်အဖွဲ့၊ တိုင်းရင်းသားများ အဖွဲ့အစည်းများအားလုံးဟာ ဘယ်သူတွေကပိုပြီးတော့ သဘောထားကြီးနိုင်သလဲ။ ဘယ်သူတွေကပိုပြီးတော့ ခွင့်လွှတ်သည်းခံနိုင်သလဲ။ ဘယ်သူတွေက နိုင်ငံရဲ့ အနာဂတ်ကို အတိတ်ထက်ပိုပြီးတော့ တန်ဖိုးထားနိုင်သလဲဆိုတဲ့နေရာမှာပဲ ပြိုင်ကြပါလို့ ကျွန်မပြောချင်ပါတယ်။ (Fire Power) တိုက်ခြင်း၊ ခိုက်ခြင်း၊ တိုက်နိုင်တဲ့ အရည်အချင်းကို ပြိုင်မယ့်အစား မီးငြိမ်းအောင်လုပ်နိုင်တဲ့ အင်အားကို၊ အရည်အချင်းကို ပြိုင်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်မတို့ အစိုးရအဖွဲ့ရဲ့ ရည်ရွယ်ချက်တွေကတော့ အားလုံးသိပြီးသားဖြစ်ပေမယ့်လည်း ထပ်ပြီးတော့သတိပေးပါရစေ။ ကျွန်မတို့ဟာ အခု အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ပထမအားဖြင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒုတိယအားဖြင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီလို သုံးသပ်ပြင်ဆင်တဲ့နေရာမှာ အားလုံး ပါဝင်နိုင်အောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်။ နောက်ပြီးတော့လည်း ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေး ဆွေးနွေးမှု မူဘောင်နဲ့အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မတို့ အခုဆိုရင် (၂၁) ရာစု ပင်လုံညီလာခံ ရလဒ်များအား စုစည်းပြီး ပြည်ထောင်စု သဘောတူညီချက် (21st Century Panglon Conference Agreement) လက်မှတ်ထိုးခြင်းကို ဦးတည်ရပါမယ်။ ပြည်ထောင်စု သဘောတူညီချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်းကို နောက်တစ်ဆင့်သွားရပါမယ်။ နောက်တစ်ဆင့်ကျတော့ ပြင်ဆင်ရေးသား အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပဖို့ ဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်နဲ့အညီ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီ ပြည်ထောင်စုနဲ့ပတ်သက်လို့၊ ဒီမိုကရေစီနဲ့ပတ်သက်လို့ ကျွန်မ ထပ်တလဲလဲ သတိပေးပါတယ်။ ဘယ်နှခါပဲ သတိပေးရပေးရ မလုံလောက်ဘူးလို့ထင်လို့ ကျွန်မထပ်ပြီးတော့ သတိပေးပါရစေ။ ဒီမိုကရေစီဆိုတာ အခွင့်အရေးတွေရှိသလို တာဝန်တွေ အင်မတန်မှကြီးပါတယ်။ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုစနစ်ဟာ ပြည်သူတစ်ယောက်ချင်း တစ်ယောက်ချင်းမှာတာဝန်ရှိတဲ့စနစ်လို့ ဒီလိုပဲ ကျွန်မတို့ ပြောရပါလိမ့်မယ်။ ဒါကြောင့်မို့ ကျွန်မတို့ငြိမ်းချမ်းရေးကိုဦးဆောင်ပြီးတော့ ကြိုးပမ်းနေတဲ့ အဖွဲ့အစည်းများ၊ ခေါင်းဆောင်များအားလုံးဟာ တာဝန်ကိုရှေ့ကထားပြီး အခွင့်အရေးကို နောက်ကထားစေချင်ပါတယ်။ တာဝန်ကို ရှေ့ကထားပြီးတော့ လုပ်ဆောင်သွားမှ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် အာမခံချက်ရမှာပါ။ အတိတ်ဆိုတာ ပြန်ပြင်လို့မရပါဘူး။ အတိတ်ကတော့ ဖြစ်ပြီးသွားပါပြီ။ သို့သော်ငြားလည်း အတိတ်ရဲ့ အကျိုးဆက်ကို ပြင်နိုင်ဖို့အတွက် ကျွန်မတို့လိုချင်တဲ့ပုံစံဖြစ်အောင် လုပ်နိုင်ဖို့အတွက် အားလုံးမှာ ချက်ချင်းလက်ငင်း အခုပစ္စုပ္ပန်မှာ အခွင့်အရေးတွေရှိပါတယ်။ ဒီအခွင့်အရေးတွေကို မှန်မှန်ကန်ကန် အသုံးချမယ်ဆိုရင် အနာဂတ်ဟာ ကျွန်မတို့လိုချင်တဲ့ ပုံစံပေါ်လာမှာပါ။

ကျွန်မတို့အားလုံးဟာ အနိစ္စတရားကို မလွန်ဆန်နိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ကျွန်မတို့မရှိတော့တဲ့အခါ ဒီနိုင်ငံကို ဘယ်လိုအမွေအနှစ်တွေထားခဲ့မလဲဆိုတာ အားလုံးက လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ပြည်သူလူထုက သမိုင်းအဆက်ဆက်မှာ တန်ဖိုးထားကျေးဇူးတင်ရမယ့် အမွေအနှစ်မျိုးတွေ ထားခဲ့စေချင်ပါတယ်။ ဒီလိုအမွေအနှစ်ထားခဲ့ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ ဖြစ်မှာမဟုတ်ပါဘူး။ မလွယ်ဘူးလို့ ပြောရတာ ဘာလဲဆိုတော့ တကယ့်အခက်အခဲဆုံးကိစ္စက စောစောက ပြောသလို ကိုယ့်ရဲ့အတွင်းမီးတွေကို ငြှိမ်းဖို့ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်မတို့နိုင်ငံရဲ့ အနောက်ပိုင်းဖြစ်တဲ့ ရခိုင်ပြည်နယ်မှာဆိုရင် စစ်မီးတောက်တွေ ပြန်ပြီးတောက်လာတာကို တွေ့ရပါတယ်။ ပဋိပက္ခမီးတောက်တွေ ပြန်ပြီး တောက်လာတာကိုတွေ့ရပါတယ်။ ဒါတွေအမြန်ဆုံးငြိမ်းအောင်လုပ်ရပါမယ်။ မီးတောက်တွေ ငြှိမ်းပစ်ရာမှာ အပြင်ကနေမြင်ရတဲ့ မီးတောက်တွေကို ငြိမ်းဖို့ဆိုတာ မြန်မြန်ဆန်ဆန်နဲ့ လုပ်နိုင်ပေမယ့် အတွင်းမီးတောက်တွေ ငြှိမ်းဖို့ဆိုတာ တော်တော်ခက်ခဲပါလိမ့်မယ်။ အဲဒါကို အားလုံးကနေပြီး တစ်ဦးချင်း၊ တစ်ဦးချင်း တာဝန်ယူပြီးလုပ်စေချင်ပါတယ်။

ကျွန်မတို့အချင်းချင်းကြားမှာ အာဃာတတွေ ပိုပြီးပွားများမယ့် ကိစ္စတွေ၊ အမုန်းတရားပွားများမယ့်ကိစ္စတွေ ရှောင်းရှားဖို့ဆိုတာ တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်ရှိပါတယ်။ တာဝန်အရ လုပ်သင့်လုပ်ထိုက်တာတွေလည်း လုပ်သွားမှာပါပဲ။ တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်းက လုပ်သင့်လုပ်ထိုက်တာတွေ လုပ်သွားမှာပါ။ နိုင်ငံသူနိုင်ငံသားများရဲ့ လုံခြုံရေး၊ နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကို ကျွန်မတို့ တရားဥပဒေဘောင်အတွင်းက မှန်မှန်ကန်ကန်နဲ့၊ သတ္တိရှိရှိနဲ့ လုပ်သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ပြည်သူကလည်း ဝိုင်းဝန်းပြီး ကျွန်မတို့ကို ထောက်ခံမယ်လို့ ယုံကြည်ပါတယ်။

ဘယ်သူတွေဟာ တကယ်စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လိုချင်သလဲ၊ ဘယ်သူတွေဟာ ငြိမ်းချမ်းရေးကို တကယ်မလိုလားဘူးဆိုတာဟာ ပြည်သူတွေ မကြာခင်မှာ မြင်ရမှာပါ။ ပြည်သူတွေကလည်း ဒါကို မျက်စိဒေါက်ထောက်ကြည့်နေမှာဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့ ကျွန်မတို့နိုင်ငံဟာ ပြည်သူပြည်သားများရဲ့ အထင်၊ ပြည်သူပြည်သားများရဲ့ အမြင်၊ ပြည်သူပြည်သားများရဲ့ သုံးသပ်ချက်တွေကို အလေးထားပြီး လုပ်သွားမှာဖြစ်ပါတယ်။ ပြည်သူပြည်သားတွေဟာ အစဉ်အမြဲ လုပ်သမျှမှန်တယ်လို့မပြောပါဘူး။ အားလုံးဟာ အတိုင်းအတာအချိန်တစ်ခုအထိ တစ်ခဏလမ်းလွဲပေါ်မှာရောက်ရင်ရောက်သွားမယ်။ ဒါပေမယ့် ထာဝရအားလုံးဟာ လမ်းလွဲပေါ်မှာ ရောက်မှာမဟုတ်ပါဘူး။ အကြောင်းကြောင်းမို့လို့ ပြည်သူပြည်သားတွေ နားမလည်တဲ့ကိစ္စတွေရှိရင် ရှင်းလင်းဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ဒီတာဝန်အရ အများနားလည်အောင်လို့ ရှင်းလင်းသွားမယ်ဆိုရင် ပြည်သူတွေဟာ မှန်မှန်ကန်ကန်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဝန်းရံနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို မေတ္တာရပ်ခံချင်ပါတယ်။ နာကြည်းချက်တွေ ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမယ့်လည်း အတိတ်ကိုပြန်ပြီးတော့ ကြည့်မနေပါနဲ့။ အတိတ်က သင်ခန်းစာတွေကိုပဲ ယူပါ။ နောင်ကျရင် ကျွန်မတို့ မျိုးဆက်တွေ ခံခဲ့ရတဲ့ ဒုက္ခတွေ၊ သောကတွေကနေ တတ်နိုင်သမျှ နောင်မျိုးဆက်တွေ ကင်းဝေးဖို့အတွက် ကြိုးစားကြပါ။ အကောင်းဆုံးအမွေအနှစ်ကိုလည်း ဒီနိုင်ငံအတွက်ထားခဲ့ပေးပါ။ အကောင်းဆုံးအမွေအနှစ်ဆိုတာကတော့ ငြိမ်းချမ်းရေးပဲဆိုတာ ဘယ်နှခါပဲ ထပ်ပြောပြော လုံလောက်မှာမဟုတ်ဘူးလို့ထင်တာကြောင့် ဒါနဲ့ပဲ နိဂုံးချုပ်ပါရစေ။ ကျွန်မတို့ နိုင်ငံရဲ့နောင်လာနောက်သားတွေအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကိုယ့်အတွင်းမီးတွေကိုလည်း ငြှိမ်းပြီးတော့ ဝိုင်းဝန်းပြီး ဆောင်ရွက်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြာမြင့်လာသည်နှင့်အမျှ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုတွေ၊ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနောက်ကျမှုတွေရှိလာမှာဖြစ်

နေပြည်တော် အောက်တိုဘာ ၁၅

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် နှုတ်ခွန်းဆက်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

ဒီကနေ့မှာ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကြဖို့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ချုပ်ဆိုခဲ့တာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ယခုလို ထူးမြတ်တဲ့နေ့ရက်မှာ နှုတ်ခွန်းဆက်စကားပြောကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနဲ့ အခမ်းအနားကို တက်ရောက်လာကြသူအားလုံး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး "ငြိမ်းချမ်းသာယာရှိကြပါစေ"လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီအုပ်ချုပ်ရေးစနစ်ရဲ့ ဆိုးရွားခါးသီးမှုတွေကို ခံစားခဲ့ရပြီး လွတ်လပ်ရေးပြန်လည်ရရှိချိန်မှာလည်း ဒီဆိုးမွေအဖြစ် အချင်းချင်း စိတ်ဝမ်းကွဲပြားမှုတွေနဲ့အတူ မငြိမ်းချမ်းမှုကိုပါ တစ်ပါတည်း တွေ့ရှိခံစားခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ရာမှာ အဖွဲ့အစည်းများစွာ၊ အင်အားစုများစွာနဲ့ နိုင်ငံတကာမှ ကိုယ်စားလှယ်များပါ ပထမဆုံးအကြိမ် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးသဘောတူစာချုပ်ဟာ ယခု(၁)နှစ်ပြည့် အခမ်းအနားပြုလုပ်နေတဲ့ NCA ပဲ ဖြစ်ပါတယ်။ ခက်ခက်ခဲခဲ သဘောတူညီချုပ်ဆိုခဲ့တဲ့ NCA စာချုပ်အပေါ် အဖွဲ့အစည်းများအနေနဲ့ ထိန်းထိန်းသိမ်းသိမ်းလိုက်နာအကောင်အထည်ဖော်နိုင်ခဲ့ကြလို့ ကျေးဇူးတင်ရှိကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုပါတယ်။ အောက်ခြေမှာ နားလည်မှုလွဲမှားပြီး ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များကိုလည်း ညှိနှိုင်းလုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အခက်အခဲမရှိ ပြီးမြောက်အောင်မြင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒီထက်အခြေအနေပိုမိုကောင်းမွန်လာအောင် ဆက်လက်ဆောင်ရွက်နိုင်ကြဖို့ကိုလည်း အကြံပြုတိုက်တွန်းလိုပါတယ်။

ယနေ့ကျွန်တော်တို့ လျှောက်လှမ်းနေတဲ့ပြည်သူတွေ လိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာဖို့၊ အောင်မြင်ဖို့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံအကျဆုံးနဲ့ အဓိကအကျဆုံး ပကတိလိုအပ်ချက်က တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ ယခင် တပ်မတော်အစိုးရလက်ထက် ပါတီစုံဒီမိုကရေစီအခြေခံကောင်းများ တည်ဆောက်ရာမှာ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခတွေချုပ်ငြိမ်းရေးကိုပါ ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ် ပထမသက်တမ်းကာလမှာလည်း ရွေးချယ်ခံအစိုးရအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွေမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ခွဲခြားမရနိုင်ဘဲ အတူယှဉ်တွဲဖြစ်ပေါ်တိုးတက်ရမယ့်လုပ်ငန်းစဉ်အဖြစ်ခံယူပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခဲ့တဲ့အချိန်က စတင်ရေတွက်မယ်ဆိုရင် NCA ကို လက်မှတ်ရေးထိုးခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့အထိ အချိန်ကာလအားဖြင့် လေးနှစ်ကျော်ကြာမြင့်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုစိတ်နဲ့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အဖွဲ့အစည်းအရပ်ရပ်များအကြားမှာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သဘောတူညီမှုတွေရရှိအောင် စိတ်ရှည်သည်းခံမှုတွေနဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးညှိနှိုင်းလုပ်ဆောင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

နှစ်ပေါင်း ၇၀ နီးပါး သက်တမ်းရှိနေပြီဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေဟာ နိုင်ငံရေးအရ အဖြေရှာရမယ့် နိုင်ငံရေးပြဿနာဖြစ်တယ်ဆိုတာကို NCA ကို ဆွေးနွေးစဉ်က ပါဝင်ခဲ့တဲ့ အင်အားစုအားလုံးက သဘောတူလက်ခံခဲ့ကြတယ်။ ဒီအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတိုင်း ပထမအဆင့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ချင်းနဲ့ သက်ဆိုင်ရာပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရယူခဲ့ကြတယ်။ ဒုတိယအဆင့်အနေနဲ့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီခဲ့ကြတယ်။ အတိုချုပ်ပြောရရင်တော့ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ ပထမဆုံးအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့တယ်။ အဲဒီကနေ ၂၀၁၄ ခုနှစ် ဧပြီလ ၈ ရက်နေ့မှာ နှစ်ဖက်ဆွေးနွေးတင်ပြချက်တွေကို စုစည်းပြီး တစ်ခုတည်းသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA Single Text) ရေးဆွဲခြင်း၊ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ တစ်ခုတည်းသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(မူကြမ်း)ရေးဆွဲခြင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှာ စာချုပ်ကိုအပြီးသတ်ရေးဆွဲခြင်းများ ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါတွေကို ထည့်သွင်းပြောကြားရခြင်းဟာလည်း ငြိမ်းချမ်းရေးအတွက် ပြီးစလွယ်၊ အလျင်အမြန်လုပ်ဆောင်ခဲ့တာမဟုတ်ဘဲ ဘယ်လောက်ကြိုးစားလုပ်ကိုင်ခဲ့ရတယ်။ တွေ့ကြုံရတဲ့ အခက်အခဲတွေကို ကျွန်တော်တို့ရဲ့ ညီညွတ်တဲ့ ပေါင်းစည်းစွမ်းအားများနဲ့ ဘယ်လိုကျော်ဖြတ်ခဲ့ရတယ်ဆိုတာကို အမှတ်ရစေဖို့နဲ့ နောင်ဆက်လက်လုပ်ဆောင်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတွက် ခွန်အားတွေဖြစ်စေဖို့ ဖြစ်ပါတယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

NCA ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်တွေ အကြိမ်ကြိမ်တွေ့ဆုံပြီး ညှိနှိုင်းရေးဆွဲခဲ့ကြတာပါ။ အဲဒီလိုရေးဆွဲရာမှာ အခန်းတစ်ခန်းချင်း၊ ပုဒ်မတစ်ခုချင်း၊ စာပိုဒ်တစ်ပိုဒ်ချင်း၊ စာလုံးအသုံးအနှုန်း တစ်ခုချင်းကို အသေးစိတ် အကျေအလည်ဆွေးနွေးပြီး အားလုံးသဘောတူညီချက်ရပြီးမှသာ ထည့်သွင်းရေးဆွဲခဲ့တာဖြစ်ပါတယ်။ စာချုပ်ကို လက်မှတ်ရေးထိုးတဲ့အခါမှာတော့ သဘောတူညီဆွေးနွေးခဲ့တဲ့ အဖွဲ့အချို့ အကြောင်းအမျိုးမျိုးကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ အဆင်သင့်ဖြစ်နေတဲ့ အဖွဲ့တွေနဲ့ ကနဦးလက်မှတ်ရေးထိုးခဲ့ရပါတယ်။

ဒါကြောင့်လည်း လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ အဖွဲ့အားလုံးပါဝင်နိုင်ရေးကို ကျွန်တော်တို့အားလုံး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ သူတို့အတွက်လည်း တံခါးဖွင့်ပြီး ကမ်းလှမ်းကြိုဆိုနေပါတယ်။ သူတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးညှိနှိုင်းသဘောတူခဲ့တဲ့အချက်များအပေါ် အုတ်မြစ်ချထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ဒီဖြစ်စဉ်ကို အကောင်အထည်ဖော်ရာမှာ သူတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာခြင်းဖြင့် သူတို့ရဲ့ဆန္ဒတွေကိုပါ ထင်ဟပ်စေမှာဖြစ်ပါတယ်။ NCA စာချုပ်ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်လို့ အမည်တွင်ပေမယ့် စာချုပ်ထဲမှာပါဝင်ခဲ့တဲ့ သဘောတူညီချက်တွေဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတာထက် ပိုမိုကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားနိုင်ငံရေးလိုအပ်ချက်၊ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန် အရေးသုံးပါးကို စာချုပ်ရဲ့ အခန်း(၁)နဲ့ အခန်း(၅)တို့မှာ လေးလေးနက်နက် သဘောတူညီအာမခံထားတာကို ထင်ရှားစွာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက စုစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းရှိ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်မှာမဆို တိုင်းရင်းသားလူမျိုးစုတစ်စုတည်း သီးသန့်နေထိုင်တာမဟုတ်ဘဲ လူမျိုးပေါင်းစုံ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ သာဓကအားဖြင့် ၂၀၁၄ ခုနှစ် လူဦးရေစာရင်းအရ ကချင်ပြည်နယ်မှာဆိုရင် လူဦးရေ ၁၆ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးမှာ ဗမာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ ရှမ်း ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဂျိမ်းဖော ၁၈ ဒသမ ၉၇ ရာခိုင်နှုန်း၊ လီဆူး ခုနစ်ရာခိုင်နှုန်း၊ ရဝမ် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ လော်ဝေါ် ၃ ဒသမ ၃၃ ရာခိုင်နှုန်း၊ လာချိတ် ၂ ဒသမ ၈၉ ရာခိုင်နှုန်း၊ ဇိုက်ဝါး ၁ ဒသမ ၅၇ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများအနေနဲ့ ရှစ်ရာခိုင်နှုန်းခန့် ရောနှောနေထိုင်တာကို တွေ့ရှိရပါတယ်။ ကယားပြည်နယ်မှာဆိုရင် လူဦးရေ ၂၆၀၀၀၀ ကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးမှာ ကယား ၅၉ ဒသမ ၄၅ ရာခိုင်နှုန်း၊ ရှမ်း ၁၆ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဗမာ ၁၅ ဒသမ ၄၄ ရာခိုင်နှုန်း၊ ကရင် ၇ ဒသမ ၀၄ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများအနေနဲ့ ၂ ဒသမ ၀၂ ရာခိုင်နှုန်း ရောနှောနေထိုင်ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်နယ်ကြီးတစ်ခုဖြစ်တဲ့ ရှမ်းပြည်နယ်မှာဆိုရင် လူဦးရေ ၅၈ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးမှာ ရှမ်း ၃၅ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဗမာ ၁၁ ဒသမ ၄၄ ရာခိုင်နှုန်း၊ ပအိုဝ်း ၈ ဒသမ ၉၄ ရာခိုင်နှုန်း၊ ပလောင် ၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ "ဝ" ၆ ဒသမ ၄၁ ရာခိုင်နှုန်း၊ ခနု ၄ ဒသမ ၄၆ ရာခိုင်နှုန်း၊ ကိုးကန့် ၃ ဒသမ ၂၂ ရာခိုင်နှုန်း၊ လားဟူ ၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဂျိမ်းဖော ၂ ဒသမ ၃၅ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများအနေနဲ့ ၁၆ ဒသမ ၈၄ ရာခိုင်နှုန်း ရောနှောနေထိုင်ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုးလို့ဆိုသော်လည်း တိုင်းရင်းသားမျိုးနွယ်စုများအနေနဲ့ ၁၃၀ ကျော်ခန့် ရှိပါတယ်။ အချို့တိုင်းရင်းသားတွေက လူဦးရေများပြားပြီး အချို့တိုင်းရင်းသားတွေကတော့ လူဦးရေနည်းပါးပါတယ်။ ပြည်နယ်အကြီးအသေးကွဲပြားခြားနားခြင်း၊ လူဦးရေနဲ့ မျိုးနွယ်စု ကွဲပြားခြားနားခြင်းများရှိပေမယ့် တိုင်းရင်းသားအားလုံး ရရှိခံစားရတဲ့အခွင့်အရေးကတော့ တန်းတူညီမျှရှိပြီး ဘယ်သူ့ကိုမှ ပိုပေးထားတာမရှိပါဘူး။ ဒီမိုကရေစီဆိုရာမှာ လူများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစားရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်အာဏာခွဲဝေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၈၊ နောက်ဆက်တွဲဇယား (၂) ဥပဒေပြုစာရင်းအရ ညီတူမျှတူ ခွဲဝေပေးထားတာကို တွေ့ရမှာဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက်လည်း ဇယား(၃)မှာ ပြဋ္ဌာန်းပေးထားပါတယ်။ ဒါတွေဟာ ဖက်ဒရယ်စနစ်ကို အခြေခံထားတယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလုပ်ပိုင်ခွင့်အာဏာ၊ အခွင့်အလမ်းတွေကို ပြည့်ပြည့်ဝဝ ခံစားနိုင်ဖို့အတွက် တိုင်းရင်းသားများအနေနဲ့ လွှတ်တော်အဆင့်ဆင့်ကနေ ဥပဒေပြုခြင်း နည်းလမ်းများအတိုင်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီကျင့်စဉ်ဖြစ်ပါတယ်။

ဒီလိုအခွင့်အရေး၊ အခွင့်အလမ်းတွေကို မျက်ကွယ်ပြုပြီး လက်နက်ကိုင်ဖြတ်လမ်းနည်းနဲ့ အခွင့်အရေးရယူလိုခြင်းဟာ ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်ဘက်ဖြစ်ကြောင်း ပြောလိုပါတယ်။ တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုတာ တိုင်းပြည်ကို လုံခြုံအောင်လုပ်ဖို့၊ ပြည်သူကို ကာကွယ်ဖို့၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့၊ ဥပဒေနဲ့ညီညွတ်တဲ့ ပြည်သူ့ဆန္ဒကို ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ဆန္ဒကို ဆန့်ကျင်ပြီး လုပ်ဆောင်နေတာမှန်သမျှ အကြောင်းအမျိုးမျိုးပြပြီး ပြည်သူတွေကို ဖိအားပေးနေတာမှန်သမျှကို တပ်မတော်အနေနဲ့ ပြည်သူ့ဘက်ကရပ်တည်ပြီး ကာကွယ်စောင့်ရှောက်သွားရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ စနစ်တကျအဆင့်လိုက် အစီအစဉ်တကျဆောင်ရွက်သွားမှ ခိုင်မာမှုရှိမှာဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ဖြစ်ချင်တာထက် ဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို ဦးစားပေးလုပ်ကိုင်ရခြင်း (Art of Possible)ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာလည်း ဖြစ်ချင်တာထက် ဖြစ်နိုင်တာတွေ၊ ဖြစ်သင့်တာတွေ ဦးစားပေးဆောင်ရွက်မှ ကျွန်တော်တို့ရည်မှန်းထားတဲ့ တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကို အချိန်အတိုင်းအတာတစ်ခုအတွင်း ရရှိမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ဖို့ တည်ငြိမ်အေးချမ်းမှုမဖြစ်မနေလိုအပ်ပါမယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းမှုအတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းရပါမယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ဆိုရင် နိုင်ငံတကာမှာပြုလုပ်နေတဲ့ လုပ်ငန်းစဉ်များနဲ့အညီ အဆင့်ဆင့်မပျက်မကွက်ပြုလုပ်ရပါမယ်။ ဒီနေ့ ကျွန်တော်တို့ပြောဆိုနေတဲ့ (NCA) စာချုပ်ဆိုတာဟာ လုပ်ငန်းစဉ်များရဲ့ အစကနဦး အခြေခံမျှသာဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေ မရပ်စဲဘဲ လုပ်နေတဲ့တွေ့ဆုံမှုတွေ၊ ဆွေးနွေးပွဲတွေဟာ သံသယစိတ်တွေ၊ မယုံကြည်စိတ်တွေ၊ အခက်အခဲအနည်းငယ်ရှိတာနဲ့ လက်နက်ကိုင်လမ်းစဉ်ကိုသာ ပြန်လည်ငဲ့စောင်းသွားလိုတဲ့ စိတ်တွေနဲ့ ပြည့်နှက်နေမှာ အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ တိုင်းရင်းသားများ၏ ရိုးသားမှုအပေါ်မှာ အခြေခံပြီး ယုံကြည်မှုထားခဲ့တာဖြစ်လို့ ဒါကို ခိုင်မာအောင် ဆက်လက်လုပ်ဆောင်နိုင်ရေးနဲ့ ကတိကဝတ်တည်ရှိရေးဟာ အလွန်အရေးကြီးပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီကိုလက်ခံတယ်ဆိုရင် ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်နက်ကိုင်လမ်းစဉ်အပေါ် အစွဲအလမ်းကို ဖြတ်တောက်ပစ်ဖို့လိုမှာဖြစ်ပါတယ်။ ဒါကို ဖြတ်တောက်ပစ်ဖို့ ကျွန်တော်တို့မှာ အင်အားစုတော်တော်များများ သဘောတူညီထားတဲ့ NCA ဆိုတဲ့ စာချုပ်ရှိနေပြီဖြစ်ပါတယ်။ စာချုပ်ထဲမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိုသာမက ရှေ့ဆက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေကိုပါ တိတိကျကျဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်အနေနဲ့လည်း ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ပြီး စစ်မှန်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်နေတာဖြစ်ပါတယ်။ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့ "အသိတရား"ဖြစ်သလို လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုကို ခိုင်မြဲစေဖို့ "အရှိတရား"လည်းဖြစ်ပါတယ်။ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်နဲ့ NCA စာချုပ်ဟာ လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊

**စာမျက်နှာ ၇ သို့ »»»**

# NCA ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် နားလည်မှုတူညီကြဖို့ နှစ်ဖက်ခေါင်းဆောင်တွေမှာ တာဝန်ရှိပြီး ကြိုးစားကြရမှာဖြစ်

နေပြည်တော် အောက်တိုဘာ ၁၅

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးပြောကြားသည့် နှုတ်ခွန်းဆက်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

လေးစားအပ်ပါသော နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးခြင်းတွင်ပါဝင်သော ပြည်တွင်းနဲ့ နိုင်ငံတကာမှ အသိသက်သေများ၊ ယခင်အစိုးရမှ ဖွဲ့စည်းထားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အုတ်မြစ်ချပေးခဲ့ကြတဲ့ UPCC၊ UPWC၊ MPC တို့မှ ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားခြင်းခံထားရတဲ့ ပြည်တွင်း၊ ပြည်ပဧည့်သည်တော်များနဲ့ ဒီအခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးတွဲဆောင်ရွက်ခဲ့ကြတဲ့ နှစ်ဖက်သောခေါင်းဆောင် ကိုယ်စားလှယ်များ၊ အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများအားလုံးနဲ့ သတင်းမီဒီယာများကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

ဒီနေ့လို သမိုင်းဝင် NCA လက်မှတ်ရေးထိုးပြီးခဲ့တဲ့ တစ်နှစ်ပြည့်ဂုဏ်ပြုအခမ်းအနားမှာ ကျွန်တော့်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ကိုယ်စား အဖွင့်မိန့်ခွန်းပြောကြားခွင့်ပြုတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပထဝီနိုင်ငံရေးအရရော၊ ဒေသတွင်းတည်ငြိမ်ရေးမှာရော အရေးပါတဲ့နေရာမှာရှိနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နည်းမှန်လမ်းမှန်နဲ့ အဘက်ဘက်က တည်ငြိမ်အောင်လုပ်နိုင်ရေး ကြိုးစားကြရာမှာ NCA ဟာ အဓိကနေရာမှာ ရှိနေပါတယ်။ NCA ကိုအခြေခံပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိဖို့ နိုင်ငံရေးအရ အဖြေရှာရာမှာ ကျွန်တော်တို့ EAOs တွေ အတူတကွ ပါဝင်နိုင်ခြင်းအတွက် ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပြီး ဒါဟာ ကျွန်တော်တို့ အတူတကွပိုင်ဆိုင်တဲ့နိုင်ငံကို ပြန်လည်တည်ဆောက်ရေးအတွက် ပူးပေါင်းတာဝန်ယူ ဂုဏ်ယူကြရမှာဖြစ်ပါတယ်။ တစ်ခါတည်းမှာပဲ အတွေးအခေါ်၊ အယူအဆနဲ့ ခံယူချက်ကအစ အနှစ်သာရအရ ပါဝင်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာပြည်ထောင်စု တည်ဆောက်ရေးကို ရှေးရှုဖို့လိုအပ်ပါတယ်။ ဒီနေ့ ရရှိခဲ့ကြတဲ့ နိုင်ငံတကာရဲ့ထောက်ခံမှု၊ နိုင်ငံတကာရဲ့ ဖြေလျှော့မှုတွေနဲ့ပတ်သက်ရင် NCA နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အဓိကကျတဲ့ ဒေါက်တိုင်တစ်ခုအဖြစ် ပါဝင်နေပါတယ်။ နိုင်ငံတကာက သူတို့ ပံ့ပိုးနိုင်တဲ့ အပိုင်းကို တာဝန်ဝိုင်းယူကြတယ်ဆိုပေမယ့် အနှစ်သာရပါတဲ့ ပြောင်းလဲဖြစ်ထွန်းမှုအတွက် ကျွန်တော်တို့အားလုံး ဘယ်လောက်အားစိုက်ထုတ်ကြမယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် ဘယ်လောက်လေးနက်မှုရှိတဲ့ ဘယ်လိုလုပ်ငန်း၊ ယန္တရားတွေကို အတူတကွ ချမှတ်အကောင်အထည်ဖော်ကြမယ်ဆိုတာ NCA ရဲ့ ခိုင်မာမှုအပေါ်မှာ မူတည်တာဖြစ်ပါတယ်။

NCA ရဲ့ အနှစ်သာရတစ်ခုဖြစ်တဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို လက်တွေ့ကျင့်သုံး၊ အကောင်အထည်ဖော်ဖို့ ကြိုးစားနေတဲ့နေရာမှာ သော်လည်းကောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ညှိနှိုင်းအဖြေရှာရာမှာသော်လည်းကောင်း၊ အင်အားသုံးတဲ့ကိစ္စတွေကို ရှောင်လွှဲဖို့လိုမှာဖြစ်ပါတယ်။ ဖြတ်သန်းခဲ့ကြရတဲ့ ခေတ်ကာလနဲ့ မတူညီကြတဲ့ သင်ခန်းစာများရဲ့ လွှမ်းမိုးမှုကနေ ရုန်းထွက်နိုင်ဖို့ တိကျတဲ့ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဝါဒတွေကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်ကြဖို့ တောင်းဆိုလိုပါတယ်။ ဥပမာ-လက်ရှိ မြောက်ပိုင်းဒေသတွေမှာဖြစ်ပွားနေတဲ့ စစ်ရေးပဋိပက္ခများကို အမြန်ဆုံး ရပ်စဲဖို့လိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်ရေး အတွက် ဝိုင်းဝန်းကြိုးပမ်းတဲ့နေရာမှာ ပြည်သူလူထုပါဝင်မှုသာ အားလုံးပါဝင်တဲ့ ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းဟာ ပိုပြီးပေါ်လွင်လာမှာဖြစ်ပါတယ်။ အောင်လည်း အောင်မြင်နိုင်ပါတယ်။



ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး

NCA အနှစ်သာရဖြစ်တဲ့ တန်းတူရည်တူဆက်ဆံခြင်း၊ ပူးတွဲအကောင်အထည်ဖော်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း စတာတွေကို ပါဝင်လက်မှတ်ရေးထိုးသူများ၏ အဆင့်တိုင်းက သိရှိ နားလည်၊ လက်ခံပြီး ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဒီအနှစ်သာရကနေ မတိမ်းမစောင်းဘဲ အကောင်အထည်ဖော်ကြဖို့လိုပါမယ်။

မတော်တဆဖြစ်တဲ့ ထိတွေ့မှုတွေကို နားလည်နိုင်ပေမယ့် ရည်ရွယ်ချက်ရှိတဲ့ ထိတွေ့မှုမဖြစ်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ NCA ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် နားလည်မှုတူညီကြဖို့ နှစ်ဖက်ခေါင်းဆောင်တွေမှာ တာဝန်ရှိပြီး ကြိုးစားကြရမှာဖြစ်ပါတယ်။

NCA မှာ သဘောတူညီထားကြပြီး အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ပြီး အကောင်အထည်မဖော်နိုင်သေးတဲ့ အပိုင်းတွေအတွက် နှစ်ဖက်က လေးလေးနက်နက်ထားပြီး ဆက်လက်ညှိနှိုင်း အကောင်အထည်ဖော်ဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

တစ်နှစ်တာကာလအတွင်း NCA နှင့်အညီ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို စတင်ပြုလုပ်နိုင်ခြင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ကျင်းပနိုင်ခြင်းတို့ကြောင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု၊ သံတမန်ရေး ထောက်ခံမှုတွေရရှိနေသော်လည်း NCA အကောင်အထည်ဖော်မှုတွေမှာ အားနည်းမှုတွေ ရှိနေသေးတယ်ဆိုတာ သတိပြုဖို့လိုအပ်ပါတယ်။

NCA ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ စိုင်းပြင်းနေကြတာဟာ နိုင်ငံပြန်လည်တည်ဆောက်ဖို့အတွက်ဖြစ်ပေမယ့် NCA လက်မှတ်ရေးထိုးဖက်တွေအကြား Dialogue Space ကို ပိုမိုခိုင်မာအောင် ဆက်လက်တည်ဆောက်ထားဖို့ တိုက်တွန်းလိုပါတယ်။ ဖွဲ့စည်းထားခဲ့ကြတဲ့ Joint Committee တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်တဲ့ နှစ်ဖက်ကခေါင်းဆောင်များအကြား Dialogue Space ဖြစ်ပေမယ့် အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေး ဆွေးနွေးမှုမျိုးလိုအပ်ကြောင်း ထောက်ပြလိုပါတယ်။

ပြည်ထောင်စုအဆင့်မှာ Dialogue Space အတော်အတန်ရှိသော်လည်းပဲ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့်တွေမှာ NCA အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်တဲ့ကဏ္ဍတိုင်းမှာ Dialogue Space ဖန်တီးနိုင်မှုအားနည်းနေပါသေးတယ်။ ဒါကြောင့် Elite Peace Process ပုံစံကဲ့သို့ဖြစ်နေတဲ့ အခြေအနေကို Inclusive Peace Process ဖြစ်စေဖို့ ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အသက်တမျှအရေးကြီးပါတယ်။ ဒါကြောင့် NCA လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ ညီနောင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် လမ်းဖွင့်ပေးရာမှာလည်း နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ဘက်မှ သဘောထားကြီးပြီး မူဝါဒဆိုင်ရာမှာ ဖြေလျှော့မှုအချို့ပြုလုပ်ခြင်း၊ အင်အားသုံးတိုက်ခိုက်မှုတွေကို ရပ်ဆိုင်းထားခြင်းတို့ကို ပြုလုပ်ပေးဖို့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုယ်စား ကျွန်တော့်အနေနဲ့ အလေးအနက်တောင်းဆိုလိုပါတယ်။

မိမိတို့ NCA လက်မှတ်ရေးထိုးထားခဲ့ကြတဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား စာချုပ်ရဲ့ အနှစ်သာရကို အပြန်အလှန်လိုက်နာပြီး အသိအမှတ်ပြုမှု၊ ပူးတွဲအကောင်အထည်ဖော်မှုဖြစ်စဉ်အရ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပြည်သူလူထုတောင့်တနေသော ငြိမ်းချမ်းရေးကို အခိုင်အမာတည်ဆောက်နိုင်ရန် နှစ်ဖက်ကြားမှာ အပေးအယူအလျှော့အတင်းပြုလုပ်နိုင်ကြဖို့လည်း လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ NCA ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းပြီး အင်အားသုံးရေးကိုရှောင်ရှားတဲ့ နည်းလမ်းကို လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် ဒီတစ်နှစ်ပြည့်အခမ်းအနားမှာ ထပ်မံကတိပြုရင်း အာရှဒေသမှာသာမက နိုင်ငံတကာမှာပါ ဂုဏ်သိက္ခာပြန်လည်မြင့်တက်လာမယ့် တည်ငြိမ်အေးချမ်း သဟဇာတရှိပြီး ငြိမ်းချမ်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ကို အတူတကွတည်ဆောက်ကြပါစို့လို့ သန္နိဋ္ဌာန်ပြုရင်း နိဂုံးချုပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

**»»» စာမျက်နှာ ၆ မှ**

ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုဖြစ်စေဖို့ လမ်းခင်းပေးထားပါတယ်။ မည်သည့်အင်အားစုကိုမှ အကျပ်အတည်း၊ အခက်အခဲမတွေ့စေဘဲ ပြည်သူလူထုရဲ့ အကျိုးစီးပွား၊ ပြည်ထောင်စုရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် ပြည်ထောင်စုရဲ့ ထွက်ရပ်လမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို လေးစားလိုက်နာပြီး NCA စာချုပ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးစေဖို့ ရှေးရှုတိုက်တွန်းနေရခြင်း ဖြစ်ပါတယ်။

NCA စာချုပ် လက်မှတ်ရေးထိုးခြင်းရဲ့ အကျိုးရလဒ်အနေနဲ့ အဲဒီဒေသမှာ လက်မှတ်ရေးထိုးပြီးချိန်ကစပြီး တိုက်ပွဲတွေမရှိတော့ဘဲ နယ်မြေအေးချမ်းသွားတာတွေ၊ ဒေသခံပြည်သူလူထု စိတ်ချလက်ချကူးသန်းသွားလာ အသက်မွေးဝမ်းကျောင်းပြုလာနိုင်တာတွေ၊ နှစ်ဖက်တပ်ဖွဲ့များအကြား ခိုင်မာတဲ့ယုံကြည်မှု တည်ဆောက်နိုင်ခြင်းတို့အပေါ်မှာကြည့်ပြီး သက်သေပြနိုင်ပါတယ်။ ဒါကြောင့် NCA ကို လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေတဲ့ အဖွဲ့များအနေဖြင့်လည်း နမူနာကောင်းအဖြစ် ရယူသင့်တယ်လို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်သူတွေ လိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာမှာ ဒီမိုကရေစီကျင့်စဉ်များနဲ့အညီ လျှောက်လှမ်းဖို့ လိုအပ်ပါတယ်။ အဖွဲ့အစည်းအသီးသီးရဲ့ လိုအင်ဆန္ဒတွေကို ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနည်းများဖြင့် အဖြေရှာရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း တံခါးအားလုံးကို ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ဖွင့်ထားတဲ့ တံခါးပေါက်တွေကို လျစ်လျူရှုပြီး လက်နက်စွဲကိုင် အခွင့်အရေးတောင်းဆိုခြင်းဟာ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ဒီလိုတောင်းဆိုမှုတွေဟာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွေကို ပျက်စီးစေပြီး ပြည်ထောင်စုကို အဆိုးကျော့သံသရာလည်စေမှာဖြစ်လို့ သက်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ သေချာသုံးသပ်ဖို့လိုအပ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။

၂၀၁၅ ခုနှစ်၊ ပြည်သူ့ရွေးကောက်ခံ အစိုးရအနေနဲ့လည်း ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကို ကျင်းပခဲ့ပါတယ်။ အင်အားစုအသီးသီးရဲ့ သဘောထားဆန္ဒ သဘောထားတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့သလို တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကိုလည်း ပွင့်လင်းမြင်သာစေခဲ့ပါတယ်။ တိုင်းပြည်ရဲ့အင်အားဟာ ပြည်တွင်းမှာသာ ရှိပါတယ်။ အဲဒီအင်အားများနဲ့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရာမှာ NCA ကို အခြေခံပြီး ဆောင်ရွက်မယ်လို့လည်း အခြေခံမူအဖြစ်ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။ သို့သော်ဒါကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြာမြင့်လာသည်နှင့်အမျှ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးမှုတွေ၊ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး နောက်ကျမှုတွေရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ တိုင်းရင်းသားများရဲ့ အကျိုးကိုရှေးရှုပြီး NCA လက်မှတ်ရေးထိုးခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးညီလာခံကြီးကို အချိန်မဆွဲဘဲ ဆောလျင်စွာပြီးစီးအောင် ဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဒီ NCA စာချုပ်ဟာ အစိုးရတစ်ရပ်တည်းရဲ့သဘောထားအမြင်၊ တပ်မတော်ရဲ့ သဘောထားအမြင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ရဲ့ သဘောထားအမြင်မဟုတ်ဘဲ NCA စာချုပ်ထဲမှာ ပါဝင်တဲ့ သဘောတူညီချက်အားလုံးနီးပါးဟာ တိုင်းရင်းသားလက်နက်ကိုင်များဘက်က တင်ပြချက်များအပေါ် အခြေခံပြီး နိုင်ငံတော်ဘက်က ညှိနှိုင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ NCA ကို လက်မှတ်ရေးထိုးခြင်းမရှိဘဲ NCA စာချုပ်ပါ ကိစ္စရပ်များကို ကျော်လွန်ပြီး အမျိုးသားအဆင့် ဆွေးနွေးပွဲများသို့သွားနိုင်ရန် ကြိုးစားနေခြင်းဟာ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ဘာတွေလုပ်ခဲ့ကြတယ်၊ ဘယ်လို သဘောထားတွေရှိခဲ့ကြတယ်၊ ငြိမ်းချမ်းရေးကို ဘယ်လိုဖော်ဆောင်ခဲ့ကြတယ်ဆိုတာကို သမိုင်းက သက်သေခံပါလိမ့်မယ်။ အနာဂတ်မျိုးဆက်သစ်များကလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းကို လေ့လာတဲ့အခါမှာ ကျွန်တော်တို့ဟာ သူတို့အတွက်ငြိမ်းချမ်းသာယာ ခိုင်မာတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသူများအဖြစ်အတုယူနိုင်ကြစေဖို့ ဒီ NCA စာချုပ်ကို ဆက်လက်အကောင်အထည်ဖော် ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု အကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၅**
ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု အကောင်အထည်ဖော်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ ၄၅ မိနစ်အထိ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်သို့ ပြည်ထောင်စုဝန်ကြီးများ သွားရောက်ခဲ့သည့် ခရီးစဉ်အတွေ့အကြုံများ၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်သင့်သည်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးခင်မောင်တင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

ဆက်လက်၍လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသော မျက်မမြင်ကျောင်းနှင့် အလုပ်ရုံများမှ မျက်မမြင် ၁၃၅၀ အား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ခန်းမကြီး၌ ဆက်လက်ကျင်းပရာ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ဧည့်သည်တော်များက ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြကြောင်း သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ စောသိန်းဝင်း)**

### ✪ ဆင်အကမှ

ဆင်အက၊ ဆင်အလှပြိုင်ပွဲကြီးကို နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကာ ပြိုင်ပွဲဝင်ဆင်များနှင့် ဧည့်ခံဖျော်ဖြေရေးဆင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ယခုနှစ် ဆင်ပြိုင်ပွဲကို စည်းကမ်းချက်အချို့ပြောင်းလဲကာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲကိုလည်း ဖွင့်ပွဲကျင်းပပြီးဆုံးချိန်မှ စတင်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်ဆင်များ လှည့်လည်ဖျော်ဖြေပြိုင်ပွဲဝင်ရာတွင်လည်း ယခုနှစ်များနှင့်မတူ လမ်းကြောင်းများပြောင်းလဲကာ ပိုမိုကျယ်ပြန့်လာသဖြင့် လမ်းကြောင်းများကျပ်မှုကိုလည်း အတန်အသင့်ရှင်းလင်းနိုင်ခဲ့သည်။

ကျောက်ဆည်မြို့၏ ဆင်ပြိုင်ပွဲသည် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်၍ နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားမှုများသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲသို့ ယခင်နှစ်ကထက် နိုင်ငံခြားခရီးသွားများ ပိုမိုများပြားခဲ့ကာ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအလိုက်ရှိသလို ခရီးစဉ်သက်သက်ဆွဲကာ လာရောက်ကြည့်ရှုခဲ့ကြသူများလည်း ရှိသည်။

၂၀၁၆ ခုနှစ် ဆင်ပြိုင်ပွဲကြီးတွင် ရိုးရာဆင် ၁၇ ဖွဲ့၊ ဘော်ကြယ်ဆင် ခြောက်ဖွဲ့နှင့် အလေးဆင် ခြောက်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရိုးရာဆင်များအား ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ရှစ်သိန်း၊ တတိယဆု ခြောက်သိန်း၊ ဘော်ကြယ်ဆင်များအား ပထမဆု ရှစ်သိန်း၊ ဒုတိယဆု ခြောက်သိန်း၊ တတိယဆု လေးသိန်းနှင့် ကလေးဆင်အဖွဲ့များအား ပထမဆု ခြောက်သိန်း၊ ဒုတိယဆု လေးသိန်း၊ တတိယဆု နှစ်သိန်းဖြင့် ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုချီးမြှင့်သွားမည်ဖြစ်သလို ကမ္ဘောဇဘဏ် (ကျောက်ဆည်)ကလည်း အဆိုပါ ဆုကြေးများအတိုင်း ထပ်မံချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အထူးဆုကိုလည်း ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှု ဆင်ပွဲတော်ကြီးသည် တစ်ရက်တည်းသာကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ ဆင်ပွဲတော်လာ ပရိသတ်များကြောင့် ဖွင့်ပွဲမှစတင်ကာ ညပိုင်းဆုပေးပွဲအထိ အထူးစည်ကားလှပေသည်။

**(ထွန်းထွန်းနိုင်- ကျောက်ဆည်)**

## သွေးလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၅**
အကြိမ် (၄၀)မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲကို ဒီဇင်ဘာလ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ (၃၉)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ် (၄၀)နှင့် အကြိမ်(၄၀)အထက် သွေးလှူရှင်များသည် နိုဝင်ဘာ ၁ ရက် (အင်္ဂါနေ့) နံနက်ပိုင်းမှစတင်၍ မိမိတို့၏ သွေးလှူရှင်ကတ်အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများယူဆောင်၍ ဗဟိုအမျိုးသားသွေးဌာနသို့ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



## ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**
ငြိမ်းချမ်းရေးကော်မရှင် (Peace Commission) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)တို့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် (Peace Commission)ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက နိုင်ငံတော်သမ္မတမှစ၍ တာဝန်ရှိသူအားလုံးသည် ငြိမ်းချမ်းရေးကို အလေးထားလျက်ရှိပြီး ပြည်သူအားလုံးကလည်း စိတ်ဝင်စားလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှာ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်သည့်အတွက် တစ်ဖက်နှင့်တစ်ဖက် မကြာခဏတွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားပါက ခရီးရောက်မည်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းမှုမရှိ၍ အမှန်တကယ်ခံစားနေရသည့် အပြစ်မဲ့ ပြည်သူများအတွက် အားလုံးက ဝိုင်းဝန်းစဉ်းစားပေးကြစေလိုကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အားလုံးလက်ခံနိုင်သည့်အဖြေကို ရှာပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ခေါင်းဆောင် ခူဦးရယ်က စိတ်ရင်းစေတနာ သဘောထားမှန်ကန်စွာဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သင့်ပါကြောင်း၊ ပြဿနာများကို ဖြေရှင်းရာတွင် အချိန်လိုအပ်သည်မှာ မှန်ကန်သော်လည်း အချိန်ဆွဲ၍ဆောင်ရွက်ခြင်းကို မလုပ်သင့်ပါကြောင်း၊ အပြန်အလှန် နားလည်ယုံကြည်မှုရှိရှိဖြင့် တွေ့ဆုံညှိနှိုင်းအဖြေရှာပြီး ဆောင်ရွက်သွားသင့်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး အကြံပေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ လေ့လာသူများအဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) နှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)တို့မှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက်ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အနှစ်ချုပ်

၁။ ဤသဘောတူစာချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုကိုဦးတည်၍ သဘောတူစာချုပ်ချုပ်ဆိုသော စာချုပ်ဖြစ်သည်နှင့်အညီ ပြည်ထောင်စု တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်မှုရှိသည်။

၂။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ယခင်က ချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး အခန်း(၇)ခန်းနှင့် အပိုဒ်ပေါင်း (၃၃)ပိုဒ်ပါရှိပါသည်။

၃။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်ပါသည်။

၄။ ထို့အပြင် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေး ယဉ်ကျေးမှုအသစ်တစ်ရပ်ထူထောင်ပြီး တန်းတူရည်တူအခွင့်အရေးရရှိမည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ရန် သဘောတူကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထား ဆန္ဒများကိုအခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်သူအားလုံး ပါဝင်သွားရန် သဘောတူကြသည်။

၅။ အပစ်အခတ်ရပ်စဲရေးကို ခိုင်ခိုင်မာမာအကောင်အထည်ဖော်နိုင်ရန် နှစ်ဖက်လိုက်နာရမည့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူလူထုကို အကာအကွယ်ပေးရေးအတွက် လိုအပ်သည့်အချက်များကိုလည်း စာချုပ်တွင် အသေးစိတ်ဖော်ပြထားသည်။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရေးကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူကြပါသည်။

၆။ သဘောတူညီထားသော စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို ထိထိရောက်ရောက်လိုက်နာမှုရှိစေရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကိုဖွဲ့စည်းပြီး စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

၇။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံတစ်ခု ကိုလည်း သဘောတူညီခဲ့ကြပါသည်။ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပ နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီကိုဖွဲ့စည်း၍ အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ထိုပူးတွဲကော်မတီက နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲ၍ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို အကောင် အထည်ဖော်သွားမည်ဖြစ်ပါသည်။

၈။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ယုံကြည်မှုတည်ဆောက်နိုင်စေရန်အလို့ငှာ မတရားအသင်းအဖြစ် ကြေညာထားသောအဖွဲ့အစည်းများကို မတရားအသင်းစာရင်းမှပယ်ဖျက်ရန် သဘောတူညီခဲ့သည့်အလျောက် ဤစာချုပ်ကို လက်မှတ်ရေးထိုးသောအဖွဲ့အစည်းများကို အစိုးရက မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့ ပါသည်။

၉။ ထို့အပြင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း ၏အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့်ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ် ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် နှစ်ဖက်မှ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

၁၀။ ဤစာချုပ်သည် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များက လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစတင်၍ အသက်ဝင်မည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုဖော်ဆောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းဝင်သဘောတူစာချုပ်ဖြစ်ပါသည်။

# ငြိမ်းချမ်းရေးဆိုတာကတော့ တစ်နိုင်ငံလုံးငြိမ်းချမ်းမှသာ ငြိမ်းချမ်းရေးလို့ ခေါ်လို့ရနိုင်မှာဖြစ်

## ဒေါက်တာရွှေခါးရဲ(ချင်းအမျိုးသားတပ်ဦးမှ တွဲဖက်အတွင်းရေးမှူး-၁)

**အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်ရည်ရွယ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေးကြိုးပမ်းမှု၏ အဓိကသမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ချုပ်ဆိုခဲ့ရာ ယနေ့တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီစာချုပ်(NCA)ချုပ်ဆိုခြင်းနှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူတချို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်-**


ဦးစိုင်းကျော်ညွန့်


ဒေါက်တာရွှေခါးရဲ


ဦးစိုင်းကျော်ဇောသန်း


ပဒိုစောကွယ်ထူးဝင်း

**ဦးလှမောင်ရွှေ (MPC အထူးအကြံပေး)**

ဒီ NCA ဟာ တိုင်းရင်းသားတွေ စုပေါင်းပြီး ညှိနှိုင်းဆောင်ရွက်တာဖြစ်တဲ့ အတွက် တိုင်းရင်းသားတွေရဲ့အဓိကလိုလားချက်ဟာ ၉၀ ရာခိုင်နှုန်းလောက် ပါတယ်လို့ပြောလို့ရပါတယ်။ အကောင်အထည်ဖော်ရာမှာလည်း တစ်ဖွဲ့တည်း က ဖော်တာမဟုတ်ဘဲ ညှိနှိုင်းဆောင်ရွက်တာဖြစ်တဲ့အတွက် အဓိကအချက် နှစ်ချက်ရှိတယ်။ အဲဒါကတော့ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့နဲ့ ပစ်ခတ်တိုက် ခိုက်မှုတွေလျှော့ချဖို့ပဲဖြစ်တယ်။ အဲဒီနှစ်ခုစလုံးက အများကြီးတော့လုပ်နိုင် တယ်။ ဒါပေမယ့် ဒီထက်ပိုလုပ်နိုင်ဖို့တော့ ဆက်လက်ဆောင်ရွက်ရဦးမှာဖြစ် ပါတယ်။ ဆက်လက်ဆောင်ရွက်သွားရမယ့်ကိစ္စကတော့ NCA ရဲ့လမ်းပြမြေပုံမှာ ပါတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲတွေလုပ်ရမယ်။ အခုအဲဒါတွေ လုပ်ဖို့အတွက်ကိုလည်း ဆွေးနွေးညှိနှိုင်းနေပါတယ်။ မပါဝင်ရသေးတဲ့အဖွဲ့တွေ ပါဝင်လာဖို့အတွက်ကိုလည်း ကြိုးစားနေပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှာ တစ်ခါမှမလုပ်ဖူးတဲ့အလုပ်ကို လုပ်ခဲ့ရတဲ့အတွက် ကျွန်တော်တို့တွေမှာ အားနည်းချက်တွေလည်းရှိနေပါတယ်။ ဒါတွေကိုလည်း ယုံကြည်မှုတည် ဆောက်ပြီး တစ်ဖက်နဲ့တစ်ဖက် ပိုပြီးတော့ညှိနှိုင်းဆောင်ရွက်သွားမှာပါ။ အခုလက်မှတ်ထိုးထားတဲ့ရှစ်ဖွဲ့မှာလည်း ခုနစ်ဖွဲ့က လုံးဝပစ်ခတ်တိုက်ခိုက်မှု မရှိပါဘူး။ RCSS တစ်ဖွဲ့နဲ့ပဲ ကျွန်တော်တို့ငါးကြိမ်လောက်ရှိခဲ့တဲ့အတွက် ဒါတွေကိုလည်း ထပ်လျှော့ချဖို့တော့လိုပါတယ်။ ဘယ်တုန်းကမှ မလုပ်ဖူးတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ပုံစံတစ်မျိုးနဲ့လုပ်လာရတော့ ကျွန်တော်တို့အနေနဲ့ အများကြီးအောင်မြင်တယ်လို့ ပြောရမှာပါပဲ။ ကျွန်တော့်အနေနဲ့ကတော့ လာမယ့်နှစ်နှစ်ပြည့်မှာဆိုရင် ဒီထက်ပိုပြီးတော့ ရလဒ်ကောင်းတွေ အများကြီးရမယ်။ သုံးနှစ်ပြည့်အတွင်းမှာဆိုရင်တော့ ငြိမ်းချမ်းရေးဆောင်ရွက်မှု တွေဟာ အမျိုးသားသဘောတူညီချက်တွေရပြီးတော့ ပြီးပြည့်စုံလာမယ်လို့ မျှော်လင့်ပါတယ်။

**ဦးစိုင်းကျော်ညွန့်(ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)**

ဒီတစ်နှစ်တာအတောအတွင်းမှာ အောင်မြင်မှုရှိလားဆိုတော့ ရှေ့တော့ သိပ်မရောက်သေးပါဘူး။ ဒီတစ်နှစ်အတွင်းမှာ ကျွန်တော်တို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့ပဲ လက်မှတ်ထိုးထားတယ်။ ဒီထက်လည်း တိုးတက်မှုကတော့ သိပ်မရှိသေးပါဘူး။ ဒါပေမယ့် ကြားထဲမှာ အခုအစိုးရသစ် အနေနဲ့လည်း ဆွေးနွေးညှိနှိုင်းနေတဲ့အတွက် ဆွေးနွေးညှိနှိုင်းနေတဲ့ လုပ်ငန်းစဉ် ကတော့ ပြန်လည်ရှင်သန်လာတယ်။ ဒီအပိုင်းမှာတော့ တိုးတက်မှုအတိုင်း အတာတစ်ခုအထိရှိခဲ့ပါတယ်။ အဓိကအရေးကြီးတာကတော့ ငြိမ်းချမ်းရေးရဖို့ အတွက် တစ်ဖက်တစ်လမ်းက ကြိုးစားနေတဲ့အနေအထားမှာ အားလုံးသိတဲ့ အတိုင်း တိုက်ပွဲတွေက ဆက်ဖြစ်နေတယ်။ ဒါပေမယ့် တိုက်ပွဲက သူ့ဟာနဲ့သူ သမားရိုးကျအောက်က ထိတွေ့မှုတွေကြောင့်ဖြစ်တယ်ဆိုရင်တော့ ကိစ္စမရှိ ပါဘူး။ ဒါပေမယ့် ရည်ရွယ်ချက်ရှိရှိနဲ့ ဖြစ်နေတဲ့တိုက်ပွဲတွေပုံစံဖြစ်သွားတယ် ဆိုရင်တော့ မကောင်းပါဘူး။ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာကတော့ တိုက်ပွဲတွေရပ်တာကတော့ အကောင်းဆုံးပဲဖြစ်ပါလိမ့်မယ်။ ဒါဆိုရင်တော့ ယုံကြည်မှုတွေဟာ ပိုပြီးတော့မြင့်တက်လာမှာပါ။ တိုက်ပွဲတွေဆက်ဖြစ်နေတယ် ဆိုရင်တော့ ယုံကြည်မှုအပိုင်းဆိုင်ရာမှာ နည်းနည်းယုတ်လျော့လာနိုင်တယ်လို့ ထင်ပါတယ်။ အဓိကအားဖြင့်တော့ ဒီ NCA လုပ်ငန်းစဉ်မှာ မပါလာနိုင်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့က တပ်မတော်အပါအဝင် အစိုးရ တစ်ခုလုံးနဲ့ ရှေ့ဆက်ညှိနှိုင်းရမှာပါ။ ဆွေးနွေးညှိနှိုင်းဖို့ဆိုတာကလည်း အစိုးရက အင်အားအကြီးဆုံးပါ။ ကျန်တဲ့အဖွဲ့အစည်းတွေကို အစ်ကိုကြီး တစ်ယောက်က နားလည်ခွင့်လွှတ်မှု၊ သဘောထားကြီးမှုအပါအဝင် ကျန်တဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကို ဖြေလျှော့မှုတွေ ပြုလုပ်ပြီးတော့ အဆင်ပြေ အောင် ရှေ့ဆက်ညှိနှိုင်းမယ်ဆိုရင်တော့ ဒီထက်မက အောင်မြင်လာမယ်လို့ မြင်ပါတယ်။

**ဒေါက်တာရွှေခါးရဲ(ချင်းအမျိုးသားတပ်ဦးမှ တွဲဖက်အတွင်းရေးမှူး-၁)**

ဒီနေ့ ကျွန်တော်တို့ကျင်းပတာကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မိန့်ခွန်းပြောကြားတယ်။ ပြီးတော့ တပ်ချုပ်ကလည်းပြောတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကလည်း စောမူတူးစေးဖိုးက ပြောတယ်။ သူတို့ပြောတဲ့ဟာမှာ ကြည့်ရမယ်ဆိုရင် နံပါတ်တစ်အနေနဲ့ကတော့ ဒီတစ်နှစ် တာအတွင်းမှာ ကျွန်တော်တို့လုပ်ဆောင်ခဲ့တာတွေပြောကြတယ်။ ဒုတိယအနေ နဲ့ကတော့ ဆက်လက်ပြီးလုပ်ဆောင်ဖို့လိုတဲ့ဟာတွေ ပြောကြတယ်။ အခု လက်ရှိအနေနဲ့က တိုင်းရင်းသားလက်နက်ကိုင်တွေထဲမှာလည်း တချို့တစ်ဝက်ပဲ လက်မှတ်ရေးထိုးရသေးတယ်။ နောက်ထပ်ပြီးတော့ ကျန်နေတဲ့အဖွဲ့တွေ ကိုလည်း လက်မှတ်ရေးထိုးနိုင်အောင် ပြောပြတယ်။ အထူးသဖြင့် အခု လက်ရှိ ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီးတော့ နှစ်ဖက်စလုံး သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေအားလုံးကနေ အာဃာတတွေမထားနဲ့၊ Firepower ကို မစဉ်းစားနဲ့၊ ဒီမီးတွေကို ငြိမ်းအောင်လုပ်ကြပါလို့ ပြောတဲ့ဟာကတော့ တကယ် အားရစရာ ကောင်းတဲ့ဟာဖြစ်ပါတယ်။ ဒီတိုင်းသာ ကျွန်တော်တို့သွားရင်တော့ မကြာခင် ငြိမ်းချမ်းရေးရနိုင်မှာပါ။ အခုကျွန်တော် ကြည့်ရသလောက်ကတော့ ဒီခေါင်းဆောင်ကြီးသုံးဦးကနေ အရင်တုန်းကလိုမျိုးမဟုတ်ဘဲနဲ့ အရှိကိုအရှိတိုင်း ပွင့်ပွင့်လင်းလင်းသုံးသပ်ကြတယ်ဆိုတော့ ဒီဆိုင်ရာဆိုင်ရာတွေကနေ ဒီသုံးသပ် ချက်ကိုမူတည်ပြီး ဒီထက်ပိုမိုကောင်းမွန်အောင်၊ ဒီထက်ပိုမိုပြည့်စုံအောင် လုပ်ဆောင်ကြမယ်လို့ ကျွန်တော်ကတော့မြင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ကတော့ တစ်နိုင်ငံလုံးငြိမ်းချမ်းမှသာ ငြိမ်းချမ်းရေးလို့ ခေါ်လို့ရနိုင်မှာဖြစ်ပါတယ်။ တစ်ဖက်ကငြိမ်းချမ်း ဟိုဘက်ကမီးလောင်နေတဲ့အချိန်မှာ အိမ်နီးနားချင်းဘယ်လို နေကြမလဲ။ သူတို့လည်း ထိုနည်းလည်းကောင်း ခံစားကြရတာပါပဲ။ အဲဒါ ကြောင့် ငြိမ်းချမ်းရေးကို ဒီထက်ခိုင်မာတဲ့ ငြိမ်းချမ်းရေးဖြစ်အောင် အားလုံး ပါဝင်ပြီး အားလုံးပြေပြေလည်လည်ဖြစ်မှပဲရမှာပါ။ ဒါကြောင့် NCA မှာ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက ပါဝင်လက်မှတ်ရေးထိုးဖို့က တကယ် အရေးကြီးပါတယ်။ အားနည်းချက်တွေရှိတယ်ဆိုတာကလည်း ဘာဖြစ်လို့ အားနည်းချက်တွေရှိလဲဆိုတာကိုလည်း ကျွန်တော်တို့ ကြည့်ရမှာပါ။ ဥပမာ- တစ်ဖက်ကလည်း NCA ကို လက်မှတ်လာထိုးကြပါလို့ ခေါ်နေတယ်။ တစ်ဖက် ကလည်း တိုက်ပွဲတွေဖြစ်နေတယ်။ အဲဒါမျိုးတွေမဖြစ်သင့်ပဲနဲ့ သူတို့ဘာကို လိုအပ်သလဲ၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုတဲ့အကြောင်းအရင်းတွေကို ရှာပြီး တော့ ဖြေရှင်းမှပဲ ဒီအားနည်းချက်တွေက ပြေလျော့မှာပါ။

**ဦးစိုင်းကျော်ဇောသန်း(UPWC အဖွဲ့ဝင်ဟောင်း)**

ခုလိုတိုက်သံခိုက်သံတွေကြားနေရသေးတဲ့အတွက်ကြောင့် စိတ်ထဲမှာတော့

**စာမျက်နှာ ၁၁ သို့** ◆

# သီတင်းကျွတ်လ(ဝါ)မိဘကျေးဇူးဆပ်လ

## ကျော်စိန်(မန္တလေး)

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် သီတင်းကျွတ်လသည် ခုနစ်လမြောက်လ ဖြစ်၏။ သီတင်းကျွတ်လ၌ ရှေးမြန်မာနာရီအားဖြင့် နေ့နာရီသုံးဆယ်၊ ညနာရီသုံးဆယ်ရှိသောကြောင့် နေ့တာ၊ ညတာ ညီမျှသည်ကို ရည်ညွှန်း၍ ရှေးစာဆိုဦးယာက **"နာရီနှစ်ပါး၊ နေ့ကားသုံးဆယ်၊ ညဥ့်ဝယ်ညီမျှထပ်တူရလျက်"** ဟူ၍စပ်ဆိုထားပါသည်။ သီတင်းကျွတ်လ၏ ပွင့်မြဲရာသီပန်းမှာ ကြာမျိုးငါးပါးဖြစ်၏။ မီးမြင်းမိုရ်ပွဲခေါ် မီးထွန်းပွဲကိုလည်း တန်ခိုးကြီးဘုရားများ၌ ပူဇော်ထွန်းညှိကြ၏။ မိမိတို့၏ အိမ်ဂေဟာအသီးသီး၌လည်း ထွန်းညှိပူဇော်လေ့ ရှိကြသည်။

**"သီတင်းကျွတ်လပြည့်"** နေ့သို့ရောက်ရှိလေတိုင်း မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်တွင် တစ်ဝါတွင်းလုံး **"အဘိဓမ္မာဒေသနာတော်"** ကို ဟောကြားပြီးနောက် သီတင်းကျွတ်လပြည့်နေ့၌ သင်္ကဿနဂိုရ်မြို့သို့ ဆင်းကြွတော်မူလာခြင်းကိုအကြောင်းပြု၍ **"အဘိဓမ္မာအခါတော်နေ့"**အဖြစ်သတ်မှတ်ကြပါသည်။ မြန်မာတို့သည် အသက်သိက္ခာဂုဏ်ဝါကြီးမား ဆရာသမားများနှင့် လူကြီးမိဘတို့အား ပူဇော်ကန်တော့သော မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရှိသေကြပါသည်။ သံဃာတော်များမှာလည်း ပဝါရဏာပွဲနှင့် ကထိန်သင်္ကန်းလှူဒါန်းပွဲများလည်း ကျင်းပလေ့ရှိကြပါသည်။

သီတင်းကျွတ်လ၏ လပြည့်ကျော် ၁ ရက်နေ့တွင် သံဃာတော်များ ဝါဆိုသည့်အချိန်ကာလ ကုန်ဆုံးကြ၍ ဝါကျွတ်ပြီဖြစ်သောကြောင့် **"ဝါလကင်းလွတ်သီတင်းကျွတ်"**ဟူ၍ ဆိုရိုးပြုထားပါသည်။ သံဃာတော်များ အချင်းချင်းအပြစ်မြင်လျှင် ပြုပြင်ပေးရန် ဖိတ်မန္တကပြုကြသည့် ပဝါရဏာပွဲ ပြုကြမြဲဖြစ်သောကြောင့် **"မြတ်သံဃာလည်း ဖိတ်ကြားမြဲ ခြိမ့်သဲပဝါရဏာ"** ဟု ဤအဆိုကို ပြုထားပါသည်။ ထို့အပြင် ကထိန်သင်္ကန်း လှူဒါန်းပွဲများ ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသောကြောင့် **"လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ ဆုပန်ရွှယ်"** ဟူ၍လည်း သီတင်းကျွတ်လနှင့်စပ်၍ ရှေးသူဟောင်းတို့စကားကို မှတ်သားကြရမည် ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဆရာတော်၊ သံဃာတော်များ၊ တိုင်းပြည်အုပ်ချုပ်မင်းပြုသူများ၊ ဘိုးဘွားမိဘများ၊ ဆရာသခင် ကျေးဇူးရှင်များကို ပူဇော်ကန်တော့ပွဲများ ကျင်းပကြသောကြောင့် **"စကြာမန္တတ် စဉ်မှတ်ဆက်မြဲ ကန်တော့ပွဲ"** ဟူ၍လည်း ဆိုရိုးရှိပါသည်။ ဝါတွင်းကာလ တစ်ဝါတွင်းလုံး ဘုရားစေတီများရှေ့၌ရှိသော သင်ပုတ်ပလ္လင်၌ ဆွမ်းတော်ကြီးတင်ပွဲ အပြီးသတ်၍ သင်ပုတ်ပလ္လင်ကို ဆေးကြောသဖြင့် **"သီတင်းကျွတ်လတွင် ပလ္လင်ဆေးမိုးရွာသွန်းဖြိုး"** ဟူသော ဆိုရိုးကို ရှေးလူကြီးသူမတို့စကားကို မှတ်သားကြရပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မာရ်ငါးပါးဖြစ်သော မာရ်နတ်သားကိုအောင်မြင်ခြင်း(ဒေဝပုတ္တမာရ်)၊ ကိလေသာကိုအောင်မြင်ခြင်း(ကိလေသမာရ်)၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မခန္ဓာကိုအောင်မြင်ခြင်း(ခန္ဓမာရ်)၊ သေဆုံးခြင်းမရဏဓာတ်ကို အောင်မြင်ခြင်း(မစ္စုမာရ်)၊ လောကီကုသိုလ်၊ အကုသိုလ်တို့ကို အောင်မြင်ခြင်း(အဘိသင်္ခါရမာရ်)တို့ကို အောင်မြင်လျက် မိမိသူတစ်ပါး နှစ်ဦးသားတို့၏ လွန်ခဲ့သော ၇ ရက်မှ အထက်ရှေးကဖြစ်ခဲ့သော ခန္ဓာအစဉ်အမည်၊ အမျိုးစသည့် ဖြစ်ရပ်အားလုံးကို အောက်မေ့သိမြင်သောဉာဏ် (ပုဗ္ဗေနိဝါသဉာဏ်)၊ နတ်မျက်စိအလား ဝေးခြားဖုံးကွယ်အလွန်နူနယ် သိမ်မွေ့သောအဆင်းတို့ကို မြင်နိုင်သော အဘိဉာဏ်(ဒိဗ္ဗစက္ခုဉာဏ်)၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပ၊ ရာမသ ဟူသော ကိလေသာသုံးရပ်တို့ အမြစ်ပြုတ် ပယ်အပ်ပြီးဉာဏ်(အာသဝက္ခယဉာဏ်)တော်တို့ကို ရတော်မူသော လောကသုံးပါးတွင် သဗ္ဗညုတဉာဏ်ရှင် ဘုရားအဖြစ်ကို ရောက်တော်မူပါသည်။ ဘုရားဖြစ်တော်မူပြီးနောက် ဝါဆိုလပြည့်နေ့ ညနေချမ်းအချိန်တွင် ပဉ္စဝဂ္ဂီငါးဦးတို့ကို သစ္စာလေးပါး အမှန်တရားလေးချက် ဓမ္မစကြာကို စတင်ဟောကြားတော်မူလျက် သဗ္ဗညုတဉာဏ်ရှင်ဘုရားအဖြစ်ကို ကြေညာတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်အရောက်တွင် သာဝတ္ထိပြည်အနီး သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ယမကပြာဋိဟာကို ပြတော်မူသည်။ နတ်ပြည်သို့ နှစ်လှမ်းသုံးဖဝါးဖြင့် ကြွတော်မူ၏။ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်တွင် စံတော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော **"သန္တုသိတ"**နတ်သားကိုအမှူးထားပြီး စကြဝဠာတိုက်တစ်သောင်းမှ နတ်၊ ဗြဟ္မာအပေါင်းတို့အား **"ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာ. . . "**အစရှိသည်ဖြင့် ဟောကြားတော်မူပါသည်။

**"အဘိဓမ္မာဒေသနာတော်"**ကို မြတ်စွာဘုရားရှင်သည် အပိုင်းကြီး (၇) ပိုင်း တစ်နည်းအားဖြင့် ကျမ်းကြီး (၇)ကျမ်းခွဲ၍ ဟောကြားတော်မူပါသည်။ ထိုကဲ့သို့ ဟောတော်မူရာ၌ ကြီးမားကျယ်ပြန့်လှသည့် အဘိဓမ္မာဒေသနာတော်ကို တစ်ထိုင်တည်းတစ်နေရာတည်း၌ ရှေ့နောက်အနုသန္ဓစကား ဆက်စပ်စေခြင်းငှာ လူတို့ပြည်ထက် ကာလယန္တရားရှည်လျားသည့် တာဝတိံသာနတ်ပြည်၌သာ ဟောကြားတော်မူပါသည်။

လူတို့၏အရေအတွက် အနှစ် ၁၀၀ သည် တာဝတိံသာနတ်တို့၏ တစ်ရက်ဖြစ်၏။ ထိုရက်ပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလပေါင်း ၁၂ လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ပေါင်း ၁၀၀၀ သည် တာဝတိံသာနတ်တို့၏ သက်တမ်းဖြစ်၏။ ထိုတာဝတိံသာနတ်တို့၏ မြဲသောသက်တမ်းဖြစ်သည့် နှစ်ပေါင်း ၁၀၀၀ သည် လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်းဖြစ်သည်။(သင်္ဂြိုဟ်ကျမ်း)

ထို့ကြောင့် နတ်ပြည်၌ ဟောရခြင်းအကြောင်းမှာ မယ်တော်မိနတ်သားကို မွေးကျေးဇူးဆပ်လိုခြင်းကြောင့်လည်းကောင်း၊ ရှေ့နောက်စကားတို့ကို တစ်ထိုင်တည်းဖြင့် အနုသန္ဓဆက်စပ်လိုခြင်းကြောင့်လည်းကောင်း ဖြစ်ပါသည်။ တာဝတိံသာနတ်တို့ရွာ၌ တစ်ထိုင်တည်းဟောတော်မူသော်လည်း ကာလယန္တရားကွာခြားချက်ကြောင့် လူ့ပြည်၌ ရက်ပေါင်း ၉၀ ဖြစ်ပါသည်။ ရက်ပေါင်း ၉၀ တိတိ အဘိဓမ္မာဒေသနာတော်ကို ရှေ့စကား၊ နောက်စကားတို့ကို အနုသန္ဓစပ်စေလျက် ဟောတော်မူရာ တရားတော်အမျိုးအစားအားဖြင့် ခုနစ်မျိုးခွဲခြား၍ ဟောတော်မူ၏။ ယင်းအဘိဓမ္မာတရားတော်များမှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမက၊ ပဋ္ဌာနာတို့ ဖြစ်ပါသည်။ အဘိဓမ္မာဒေသနာတော်များသည် အပေါ်ယံ ပညတ်မျှကိုသာ မူတည်ပြီးဟောကြားသော ဝေါဟာရဒေသနာမဟုတ်ဘဲ အမှန်တကယ်ထင်ရှားရှိသည့် သဘာဝတရားများကိုသာ ထုတ်ဖော်ဟောကြားသော ဒေသနာတော်ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင် တာဝတိံသာနတ်ပြည်၌ ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာတော်သည် အကျယ်ဟောခြင်းဖြစ်၏။ ဘုရားရှင် လူ့ပြည်ဆင်း၍ ဆွမ်းခံခြင်း၊ ဆွမ်းစားခြင်း စသော ကိစ္စပြုပြီးနောက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဟောတော်မူသော အဘိဓမ္မာတော်သည် အကျဉ်းအားဖြင့် ဟောကြားခြင်းဖြစ်၏။ ပညာဧတဒဂ်ရှင် ဖြစ်တော်မူသည့် အရှင်သာရိပုတ္တရာမထေရ်မြတ်က မိမိ၏တပည့်သား ၅၀၀ တို့ကို တစ်ဆင့် ပြန်လည်ဟောပြသော ဒေသနာတော်သည် ကျဉ်းလည်းမကျဉ်း၊ ကျယ်လည်းမကျယ်ဖြစ်ပါသည်။ ဤကဲ့သို့ နက်နဲလှစွာသော အဘိဓမ္မာကျမ်းဒေသနာကို တာဝတိံသာနတ်ပြည်၌ ဟောရခြင်း၏ ရှေးဦးစွာသော အကြောင်းရင်းမှာ မယ်တော်မိနတ်သားကို တရားဖြင့် ကျေးဇူးဆပ်လိုခြင်းကြောင့် ဖြစ်ပါသည်။

မယ်တော်ဖြစ်သော မဟာမာယာဒေဝီမိဖုရားသည် ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူပြီး ခုနစ်ရက်မြောက်နေ့တွင်ပင် နတ်ရွာစံကံတော်ကုန်ခဲ့၏။ သို့ဖြစ်၍ မွေးကျေးဇူးဆပ်ခွင့်မရခဲ့သဖြင့် မိဘကျေးဇူးကို တရားဖြင့် ကျေးဇူးဆပ်မှသာလျှင် ကျေပွန်အောင်ကျေးဇူးဆပ်သည်မည်၏ဟူ၍ အင်္ဂုတ္တရနိကာယ်ဒုကနိပါတ်၌ ဘုရားရှင်ကိုယ်တော်တိုင် စံပြအဖြစ် မယ်တော်ကို ကျေးဇူးဆပ်ပြတော်မူပါသည်။

အင်္ဂုတ္တရနိကာယ်တွင် ဘုရားရှင်က အမိကိုလက်ယာပခုံးပေါ်တင်၍လည်းကောင်း၊ အဖကို လက်ဝဲပခုံးပေါ်တင်၍လည်းကောင်း အနှစ်တစ်ရာပတ်လုံး မြေသို့မချဘဲ ပြုစေဦးတော့ သား၊ သမီးတို့အပေါ် မြင်းမိုရ်တောင်မက ကြီးမားလှသည့်ကျေးဇူးကို ကျေအောင်မဆပ်နိုင်၊ အကယ်၍ ထိုမျှဆပ်နိုင်ခဲ့လှသည့် ကျေးဇူးဂုဏ်ကို ကျေအောင်ဆပ်လိုလျှင်

၁။ မိမိတို့၏ မိခင်၊ ဖခင်ကျေးဇူးရှင်တို့သည် ရတနာသုံးတန် ကံ၊ ကံ၏အကျိုးကို မယုံကြည်ကြသူများဖြစ်လျှင် ရတနာသုံးတန် ကံ၊ ကံ၏အကျိုးကို ယုံကြည်လာအောင် သိမ်းသွင်း၍ သဒ္ဓါတရားနှင့် ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊

၂။ အနည်းဆုံးငါးပါးသီလမှ မရှိသေးလျှင် သီလရှိအောင် ဆောင်ရွက်ခြင်း၊

၃။ ဝန်တိုစေးနှဲ ဒါနနည်းသည့်မိခင်၊ ဖခင်တို့ကို ပေးကမ်းလှူဒါန်းချင်လာစေရန် ဟောပြောဆောင်ရွက်ခြင်း၊

၄။ ဝိပဿနာပညာမှ ကင်းဝေးကြကုန်သော မိခင်၊ ဖခင် တို့ကိုရုပ်၊ နာမ်၊ ဓမ္မသင်္ခါရတို့၌ လက္ခဏာယဉ်တင်၍ သုံးသပ်တတ်အောင် ဆောင်ရွက်ခြင်း။

တို့ကို တစ်မျိုးမျိုးဖြင့် ကျေးဇူးဆပ်သော ပုဂ္ဂိုလ်များသည်သာ မိဘကျေးဇူးကို ကျေအောင်ဆပ်နိုင်သူမည်ပေသည်ဟူ၍ မြတ်ဗုဒ္ဓ ဟောကြားတော်မူပါသည်။

ဘုရားရှင်သည် လူ့ပြည်တွင် သက်ရှိထင်ရှားရှိနေခဲ့သည့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ကပိလဝတ်ပြည်ရွှေနန်းတော်အတွင်း ရာဇပလ္လင်ထက် ထီးဖြူတော်အောက်၌ မဂ်ဉာဏ်လေးဆင့်၊ ဖိုလ်ဉာဏ်လေးဆင့်တို့ကို အစဉ်အတိုင်းရစေလျက် ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံနိုင်သည့်တိုင်အောင် ကျေးဇူးဆပ်တော်မူပါသည်။ မဟာသက္ကရာဇ် ၁၀၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာခုနစ်ကျမ်းကို အဆုံးသတ်ဟောကြား၍ တရားနိဂုံးဆုံးလျှင် သန္တုသိတအမည်ရသည့် မယ်တော်မိနတ်သားသည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာ နှစ်ပါးကွာ၍ သောတာပတ္တိဉာဏ်အလင်းကို ရရှိတော်မူစေ၍ ကျေးဇူးဆပ်တော်မူပါသည်။(မဟာဗုဒ္ဓဝင်ကျမ်း)

သို့ပါ၍ တစ်သက်မှာတစ်ခါသာ တော်ခွင့်ရကြသည့် မိခင်၊ ဖခင်တို့၏ ကျေးဇူးတော်အနန္တကို လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူးဆပ်နည်းတို့ဖြင့် ဆပ်နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုရပါသတည်း။ ။



ရွှေတိဂုံစေတီတော် သီတင်းကျွတ်လဆန်း ၁၄ ရက် အဖိတ်နေ့ ဆီမီးပူဇော်ပွဲ အခမ်းအနားတွင် ဆီမီးပူဇော်သူများ ဆီမီးစေတီတော်များ၊ ရောင်စုံမီးပုံးများ၊ မီးပလုတ်တုတ်များကို ကိုင်ဆောင်ကာ ရွှေတိဂုံစေတီတော်တစ်ပတ် လှည့်လည်ပူဇော်ကြစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)

## ရိုးရာပွဲတော် တို့နွှဲပျော်

ဝါလကင်းလွတ် သီတင်းကျွတ်လျှင်
ဘိုးဘေးမိဘ သက်ကြီးများနှင့်
ရွှေဝါရောင်လွှမ်းသံဃာအတွက်ဆွမ်းကို
လှူဒါန်းနိုင်ရန် မဟာလပြည့်
မတိုင်စဉ် နေ့ဝယ်
သွားကြလာကြ ဝယ်ခြမ်းကြပြီ
သီတင်းကျွတ်ပွဲ ဆင်နွှဲဖို့တည်း။
မဟာလပြည့်အခါနေ့ဝယ်
ရောင်နီဦးမှာ ရွှေသံဃာတို့
စီတန်းကြွလာနေကြပြီ။
လူလူအများကုသိုလ်ပြုကြ
လောင်းလှူကြပြီ ဘယ်သို့မပြောင်း
စေတနာကောင်းတည်း။
လဝန်းကြည်ပြာ ညအခါ၌ သာသည့်စခန်း
နတ်ဘုံနန်းမှ ကြွမြန်းဆင်းလာ လူ့ပြည်ရွာသို့
ရှင်တော်ဗုဒ္ဓ ရည်သန်သရွေ့ ကောင်းကင်ရပ်ထံ
မီးပုံးပျံဖြင့် လွှတ်တင်ပူဇော်နေကြပြီ
ရိုးရာနွှဲပျော်အခါတော်တည်း။ ။

မြင့်မိုရ်အောင်(တမာမြေ)



# မောင်တောဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တည်ငြိမ်အေးချမ်းသည့်နေရာများသို့ တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်



**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုများကြောင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တည်ငြိမ်အေးချမ်းသည့်နေရာများသို့ တပ်မတော်ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရွက်ညိုတောင်ကျေးရွာမှ ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်း ၄၂ ဦးကို မောင်တောမြို့သို့ တပ်မတော်မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် မောင်တောဒေသအတွင်းရှိ ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် မာမီးခေါက်ဆွဲ၊ အချိုရည်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများအား တပ်မတော်မှ တာဝန်ရှိသူများက မောင်တောဒေသ၊ တောင်ပြိုဝဲ၊ သရက်ကျေးရွာနှင့် ရွက်ညိုတောင်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့က တပ်မတော်စစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်

**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်၌ လိပ်အိုင်ကျေးရွာသို့ ရောက်ရှိရှင်းလင်းစဉ် ကျေးရွာအတွင်းမှ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အမျိုးသားတစ်ဦးက လုံခြုံရေး ဆောင်ရွက်နေသည့် ရဲတပ်ကြပ် သောင်းညိုအား အရိုးအသွား လေးပေခွဲခန့်ရှိ ဓားရှည်ဖြင့်လည်းကောင်း၊ ရဲတပ်သား ထက်ဇော်ဦးနှင့် ရဲတပ်သား ခင်စိုးတို့အား အကြမ်းဖက် စီးနင်းတိုက်ခိုက်သူ အမျိုးသမီး နှစ်ဦးတို့က အရိုးအသွား နှစ်ပေခွဲခန့်ရှိ ဓားချွန်ဖြင့်လည်းကောင်း ထိုး၍ထွက်ပြေးစဉ် လုံခြုံရေးအဖွဲ့များက ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း သုံးဦးတို့အား အသေဖမ်းဆီးရမိခဲ့သည်။



အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ် ရီဒါးကျေးရွာတစ်ဝိုက် တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ကော်လီမူလာ(ဘ)အာဘူဟာရှိန်း၊ ကော်မာလူဟူဒါး(ဘ)လော်လီမူလာ၊ နူဒူဟူဒါး(ဘ) ကော်လီမူလာနှင့် ဟာဘူတာရှိန်း(ဘ) ကော်လီမူလာတို့ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် အကြမ်းဖက်စီးနင်း တိုက်ခိုက်သူ လေးဦးအား ကြိမ်ချောင်းရဲစခန်းသို့ လွှဲပြောင်းပေးအပ်ပြီး သတင်းဆက်ရရှိရေး စစ်ဆေးမေးမြန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**လိပ်အိုင်ကျေးရွာ ရှင်းလင်းစဉ် နေအိမ်တစ်အိမ်သို့အရောက်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့က ဓားဖြင့် ဝင်ရောက်ခုတ်ပြီး ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရာ အသေဖမ်းဆီးရမိစဉ်။**
(မသစ/ရသစ)



**ဖမ်းဆီးရမိသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ လေးဦးကို တွေ့ရစဉ်။**
(မသစ/ရသစ)

◆ စာမျက်နှာ ၉ မှ

အားမရလှပါဘူး။ ဒါပေမယ့်နောက်ကိုတော့ ကောင်းလာမယ်လို့ မျှော်လင့်မိပါတယ်။ တိုင်းရင်းသားအားလုံးပူးပေါင်းပါဝင်မှုတွေကိုလည်း ဖြစ်စေချင်ပါတယ်။ သူတစ်မျိုး ကိုယ်တစ်မျိုးသာဖြစ်နေမယ်ဆိုရင်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ တိုင်းရင်းသားတွေအားလုံး အဓိကပါဝင်ဖို့ဆိုရင်တော့ လက်ရှိအတ္တမာနတွေကို သူသူကိုယ်ကိုယ်လျှော့ကြဖို့၊ အာဃာတလေးလျှော့ချပြီး ရှေ့ခရီးကို ဆက်လျှောက်မယ်ဆိုရင်တော့ ပိုကောင်းမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံး အားလုံးညီညီညွတ်ညွတ်နဲ့ ချမ်းချမ်းသာသာဘေးရန်ရှင်းစွာ နေထိုင်နိုင်ကြပါစေလို့လည်း ဆုတောင်းပါတယ်။

**ပဒိုစောကွယ်ထူးဝင်း(KNU မှ အထွေထွေအတွင်းရေးမှူး)**

တစ်နှစ်တာအတွင်း အောင်မြင်မှုရှိဖို့ဆိုတာကတော့ အကောင်အထည်ဖော်မှု မပြည့်စုံသေးပါဘူး။ ဒါပေမယ့် ဆက်ပြီးတော့ NCA ပါတဲ့ သဘောတူညီချက်တွေကို ကြိုးစားပြီးအကောင်အထည်ဖော်သွားမှာပါ။ ကျွန်တော်တို့ JMC ကိုလည်း ဖွဲ့လို့ရတယ်။ Local အဆင့်မှာတော့ ဖွဲ့လို့မရပေမယ့် State Level မှာတော့ ချင်းပြည်နယ်ကလွဲပြီး ကျန်တဲ့နေရာတွေမှာ ဖွဲ့လို့ရပါတယ်။ NCA လက်မှတ်ရေးထိုးမှုကြောင့် အတိုင်းအတာတစ်ခုအထိ တိုက်ခိုက်မှုတွေ လျော့သွားပါတယ်။ တချို့ဒေသတွေမှာ ဖြစ်နေတာကတော့ အကြောင်းအမျိုးမျိုးကြောင့်ပါ။ နောက်ပြီးတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေအတွက် ပြင်ဆင်မှုတွေကလည်း လွန်ခဲ့တဲ့ညီလာခံပြီးနောက်ပိုင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆက်လုပ်နိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ NCA အကောင်အထည်ဖော်ဖို့ (၂၁)ရာစုပင်လုံမှာ ထားတဲ့ရည်ရွယ်ချက်အတိုင်း အားလုံးပါဝင်သင့်ပြီး အားလုံးပိုင်ဆိုင်တဲ့ငြိမ်းချမ်းရေးတစ်ခုကို အကုန်ပူးပေါင်းပါဝင်လာနိုင်ရေးဆောင်ရွက်ရမှာဖြစ်တယ်။ ပြောချင်တာကတော့ အစိုးရရော NCA မှာ လက်မှတ်ပါဝင်ရေးထိုးတဲ့ အဖွဲ့တွေအားလုံးမှာပါ တာဝန်ရှိပါတယ်။ လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့တွေမှာလည်း တာဝန်ရှိပါတယ်။ အဓိကကတော့ အခက်အခဲတွေအပေါ်မှာ တကယ်အကောင်အထည်ဖော်မယ်ဆိုတဲ့ ဆန္ဒရှိဖို့တော့လိုအပ်ပါတယ်။ ဖြတ်သန်းရတဲ့အတွေ့အကြုံက နှစ်ပေါင်း ၆၀ ကျော်ပြီဆိုတော့ အတိတ်မှာအသက်ရှင်တာထက် အနာဂတ်မှာ ရှေ့ဆက်ပြီးတော့ ဘယ်လိုကောင်းအောင်လုပ်မယ်ဆိုတာက ပိုအရေးကြီးပါတယ်။ ငြိမ်းချမ်းရေးကိုတော့ ကျွန်တော်တို့တစ်နိုင်ငံလုံးက လိုလားနေကြပါတယ်။ နိုင်ငံတော်အစိုးရလည်း လိုလားတယ်။ တပ်မတော်အစိုးရလည်း လိုလားတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း လိုလားတယ်။ ပြည်သူတစ်ရပ်လုံးကလည်း လိုလားတယ်။ ဒါကြောင့် အားလုံးလိုလားနေတဲ့ငြိမ်းချမ်းရေးကို ကျွန်တော်တို့ဘာလို့တည်ဆောက်မရရမှာလဲ။ ကျွန်တော်တို့ ယုံကြည်မှုအပြည့်အဝနဲ့ ရှေ့ဆက်သွားရမှာပါ။ **သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းကြည်၊ အေးအေးမြင့်**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ၏ ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူတစ်ဦး ဒဏ်ရာရရှိ



**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့ ကန်သာယာ(အထက်)ကျေးရွာနေ ဦးသန်းထွန်းသည် တစ်ရွာတည်းနေ ဦးခိုင်သွေးနှင့်အတူ ဝါးခုတ်ရန်ရွာတောင်ဘက် ချောင်းရိုးအတိုင်း ထွက်ခွာစဉ် နံနက် ၁၀ နာရီခန့်၌ လျှိုအတွင်းရှိ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်နက်ငယ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့မှုကြောင့် ဦးသန်းထွန်းတွင် ဆီးခုံနှင့် ဝမ်းဗိုက်ဖောက်ဝင်ဒဏ်ရာရရှိခဲ့သည်။

သေနတ်ထိမှန် ဒဏ်ရာရရှိသည့် ဦးသန်းထွန်းအား မောင်တောတိုက်နယ်ပြည်သူ့ဆေးရုံသို့ မွန်းလွဲ ၂ နာရီတွင် ပို့ဆောင်ဆေးကုသမှု ဆောင်ရွက်ပေးပြီးဖြစ်စဉ် ဖြစ်ပွားသည့်နေရာအား တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မူးယစ်ဆေးဝါးကင်းမဲ့ဇုန်နယ်မြေ ဆိုင်းဘုတ်စိုက်ထူ

**သံဖြူဇရပ် အောက်တိုဘာ ၁၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက် သီရိမာလာလမ်း ကျောင်းပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက မူးယစ်ဆေးဝါးကင်းမဲ့ဇုန်နယ်မြေအဖြစ် သတ်မှတ်ခြင်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပသည်။

ဆိုင်းဘုတ်တင်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဟိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်းနှင့် ကျောင်းပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သက်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြောင်း သိရသည်။

အလားတူ သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဓမ္မစေတီရပ်ကွက် ရေလယ်ဆုတောင်းပြည့်ဘုရား ကုန်းပေါ်ရှခင်းသာ၌ ကျိုက္ခမီမြို့အုပ်ချုပ်ရေးမှူး ဦးဖြိုးကျော်ကျော်၊ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ်နေယုဆန်းနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)** ■

**မိဘ၊ ဆရာ**
**ပူးပေါင်းကာ**
**မူးယစ်အန္တရာယ်**
**ကြိုတင်ကာကွယ်**
**ပညာပေးပါ**

# အဖွဲ့အစည်းဆိုသည်မှာ

## ပုညခင်

ကျွန်မတို့နိုင်ငံတွင် နယ်ပယ်အသီးသီး၌ အဖွဲ့အစည်းသင်းပင်းများကို တွေ့ရလေ့ရှိသည်။ ခေါင်းစဉ်အသီးသီးဖြင့် အဖွဲ့အစည်းသင်းပင်းများမှာလည်း မနည်းလှပေ။ ရည်ရွယ်ချက်တူရာလူများ ပေါင်းစည်းညီညွတ်ကြသည်မှာ ကောင်းသောလက္ခဏာပင်ဖြစ်သည်ဟု အပေါ်ယံအားဖြင့်တော့ သတ်မှတ်နိုင်ပေသည်။ သို့သော် အတွင်းအနှစ်သာရအားဖြင့် ထိုအဖွဲ့အစည်း များသည် ၎င်းတို့ကိုယ်စားပြုသော နယ်ပယ်အသီးသီး၏ ကောင်းကျိုးကို တကယ်ပဲ ဆောင်ရွက်နိုင်ပြီလား။ ဆောင်ရွက်နိုင်လောက်သော အရည်အချင်း၊ ယုံကြည်အားကိုးထိုက်သည့် ဂုဏ်သိက္ခာ၊ သမာသမတ်ကျကျ မျှတသော အမြင်မျိုးရှိသည့် ပုဂ္ဂိုလ်များရော ပါဝင်နေပါရဲ့လား။ ဒါမှမဟုတ် မလုပ်၊ မရှုပ်၊ မပြုတ် ဟန်ပြသက်သက်ပဲလား။ အဖွဲ့အစည်းအယောင်ပြ၍ ရရှိလာမည့် အထောက်အပံ့များ၊ ရောက်လာတတ်သည့် အခွင့်အရေးများကို မျှော်ကိုး အသုံးချလျက် အပေါ်ယံဟန်ပြကောင်းရုံ လှုပ်ရှားဆောင်ရွက်မှု အနည်းအပါး လုပ်ပြရုံသက်သက်ပဲလား စသဖြင့် လေ့လာဆန်းစစ်ဖို့တော့ လိုအပ်ပေမည်။

အချို့သောအဖွဲ့အစည်းများတွင် ကိုယ်စားပြုရာနယ်ပယ်၏ ကောင်းရာကောင်းကြောင်းကို သယ်ပိုးဆောင်ရွက်ဖို့ထက် အဖွဲ့အစည်းဝင်များ၏ ကိုယ့်အတ္တနှင့်ကိုယ် အလုပ်ရှုပ်နေမှုများကိုလည်း တွေ့ရတတ်ပေသည်။ အဖွဲ့အစည်းတွင် ပါဝင်သူများကမှ လေးစားထိုက်သည့်သူမျိုးမဟုတ်လျှင် ထိုအဖွဲ့အစည်း ကိုယ်စားပြုရာနယ်ပယ်မှ လူများ၏ အလေးထားမှုကို ရရှိနိုင်မည်မဟုတ်ပေ။ အသင်းသို့ ရောက်ရှိလာတတ်သည့် ပြဿနာအရပ်ရပ်နှင့် ပတ်သက်၍ အမှားအမှန် ပိုင်းခြားသုံးသပ်နိုင်စွမ်းမရှိပါကလည်း လေးစားမှုကို မရရှိနိုင်ပေ။

သို့သော် နိုင်ငံအသီးသီးတွင် အဖွဲ့အစည်းများကလည်း မရှိမဖြစ် လိုအပ်နေပြန်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အနုပညာကိစ္စရပ်များစသဖြင့် ပူးပေါင်းဖလှယ်ဆက်သွယ်ရာတွင် တစ်ဦးချင်း တစ်ယောက်ချင်းဆက်သွယ်ဆောင်ရွက်ရသည်ထက် အဖွဲ့အစည်းခြင်း ချိတ်ဆက်ပါက ပို၍အဆင်ပြေချောမွေ့မှု ရှိပေသည်။ ထိုသို့ ချိတ်ဆက်ခြင်းကြောင့် ဖြစ်ပေါ်လာတတ်သည့် ဆိုးကျိုးများကလည်း များပြားလှပေသည်။

တစ်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုသည် အခြားတစ်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုအကြောင်းကို ဂဃနဏတော့ မသိနိုင်ပေ။ ထိုအဖွဲ့အစည်းကိုယ်စားပြုရာ နယ်ပယ်၏ စစ်မှန်သော သတင်းအချက်အလက်များကို ရနိုင်ဖို့လည်း မလွယ်ကူပေ။ အဖွဲ့အစည်းခြင်း ချိတ်ဆက်ရာ၌ ချိတ်ဆက်သောအဖွဲ့အစည်း၏ ဆုံးဖြတ်ရွေးချယ်မှုကိုသာ အားကိုးယုံစားရလေသည်။ ထိုအခါများတွင် ယုံစားခံရသော အဖွဲ့အစည်းများက မှန်မှန်ကန်ကန် သမာသမတ်ကျကျ ဆောင်ရွက်ပေးနိုင်ဖို့တော့ လိုအပ်ပေသည်။ တစ်ဖက်အဖွဲ့အစည်းက နယ်ပယ်တစ်ခု၏ အောင်မြင်ထင်ရှားသောသူ၊ အမှန်တကယ် အလုပ်လုပ်နေသူတို့ကို ဖိတ်ခေါ်လိုပါသော်လည်း ထိုသူများကို ရွေးချယ်စေလွှတ်ရမည့်အစား၊ ကိုယ့်နယ်ပယ်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သူကို ရွေးချယ်စေလွှတ်ရမည့်အစား၊ အဖွဲ့အစည်းနှင့် အဆင်ပြေရာလူများနှင့် ကိုယ့်အဖွဲ့ဝင်လောက်ကိုသာ ထပ်ခါထပ်ခါ စေလွှတ်ခြင်းများကိုလည်း ရှောင်ကြဉ်ရပေမည်။ ထို့ထက်ပို၍ ဆိုးရွားသည်မှာ အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်အရ ဆုအသီးသီးကို ရွေးချယ်ပေးအပ်၍ တခြားနိုင်ငံသို့ စေလွှတ်ရာတွင်လည်း အမှန်တကယ် ဆုရထိုက်သည့်သူများကို သမာသမတ်ကျကျ ရွေးချယ်ပေးနိုင်သည့် အဖွဲ့အစည်းမျိုးလည်း ဖြစ်ရပေမည်။ ကိုယ့်အဖွဲ့ထဲကလူ ကျိတ်ယူဆိုတာမျိုးလည်း မဖြစ်သင့်ပေ။

ကျွန်မတို့နိုင်ငံ၏ အဖွဲ့အစည်းများသည် ထိုသောအင်္ဂါရပ်များနှင့် ပြည့်စုံပါရဲ့လားဟု စဉ်းစားသုံးသပ်ရတော့မည် ဖြစ်လေသည်။ အဖွဲ့အစည်းဟူသည် လေးစားလောက်ဖွယ်မရှိ၊ မှန်ကန်မျှတမှုမရှိပါက ကိုယ်စားပြုရာနယ်ပယ်ကလည်း အဖွဲ့အစည်းကို ဂရုမစိုက်၊ အဖွဲ့အစည်းကလည်း ကိုယ်စားပြုထားသည့်နယ်ပယ်ကို ဂရုမစိုက်ဖြစ်ရကာ အပြန်အလှန်အကျိုးမဖြစ်ထွန်းနိုင်တော့ဘဲ အဖွဲ့အစည်းများ ဖောင်းပွရုံသက်သက်သာဖြစ်ပေတော့မည်။

နယ်ပယ်အသီးသီး၌ ကိုယ့်အလုပ်ကိုယ် ကြိုးကြိုးစားစားလုပ်၍ နာမည်ကောင်းဖြင့် ရပ်တည်နေသူအပေါင်းသည် အဖွဲ့အစည်း၏ ဩဇာလွှမ်းမိုးမှုကို မခံယူလိုကြပေ။ မှန်ကန်မျှတခြင်းမရှိသည့် အဖွဲ့အစည်းက ထိုသို့ ရပ်တည်နေသူများအပေါ် လွှမ်းမိုးဩဇာညောင်းလိုပါကလည်း ရယ်ဖွယ်သက်သက်သာ ဖြစ်ပေတော့မည်။

တစ်ခါတစ်ရံတွင် တချို့သောအဖွဲ့အစည်းများ၌ ဖြောင့်မတ်သူက တစ်ယောက်၊ မဖြောင့်မတ်သူကတစ်ရာဆိုသလို ဖြစ်နေတတ်တာမျိုးလည်း ရှိနေတတ်ပြန်သည်။ ထိုအခါ ရေများရေနိုင်၊ မီးများမီးနိုင် ဖြစ်ရသည်လည်း ရှိတတ်ပေသည်။ ရေက မီး၏အပူကို မခံနိုင်ဖြစ်ကာ စွန့်ခွာရသည်လည်း ရှိသကဲ့သို့ ပူပူနွေးနွေးပင် ထောက်ထားစရာများကြောင့် အောင့်အည်းသည်းခံနေရသူများလည်း ရှိတတ်လေသည်။

ဖြစ်သင့်သည်မှာ ကိုယ်မယုံကြည်နိုင်ဘူးလား . . . စွန့်ခွာလိုက်ပါ။ ကိုယ်မလေးစားနိုင်ဘူးလား. . . ဦးမညွှတ်ပါနှင့်။ တာဝန်မယူနိုင်ဘဲနှင့် နေရာယူခြင်းအတွက် ရှက်တတ်ခြင်း၊ လက်ညှိုးထောင်ခေါင်းညိတ်လုပ်ရန် ရှက်တတ်ခြင်းများသည်လည်း အဖွဲ့အစည်းအသီးသီးတွင် ရှိအပ်၏။ ကိုယ်ဆောင်ရွက်နေသည့်အလုပ်ကိုမှ ကိုယ်ဂုဏ်မယူ၊ မကျေနပ်နိုင်လျှင် ဘာများ တန်ဖိုးရှိဦးမည်နည်း။

နိုင်ငံတစ်နိုင်ငံတွင် နယ်ပယ်အရပ်ရပ်ကို အမှန်တကယ် ကိုယ်စားပြုသည့် အသင်းအဖွဲ့များရှိနေခြင်းက ထိုနိုင်ငံ၏ လူ့အဖွဲ့အစည်းကို ပိုမိုတိုးတက်အောင် ပံ့ပိုးပေးနိုင်ပါသော်လည်း အဖွဲ့အစည်းသင်းပင်းဆိုသည်မှာ လုပ်စားတတ်သူများအတွက် "ခွင်"၊ နေရာယူချင်သူများအတွက် "ထိုင်ခုံ"၊ လူရာဝင်ချင်သူများအတွက် "စင်"၊ အထီးကျန်သူများအတွက် "အပျင်းပြေ"၊ အရေးပါချင်သူများအတွက် "အရာရောက်မှု"၊ နှုတ်အာရှင်သူများအတွက် "လေ့ကျင့်ကွင်း"၊ အလှုပြလိုသူများအတွက် "ဖက်ရှင်"၊ ခြယ်လှယ်လိုသူများ၏ "အတ္တ" အသီးသီးဖြစ်ခဲ့ပါက ထိုသို့သော အဖွဲ့အစည်းအသင်းအပင်းများ များလာလေ တိုင်းပြည်နစ်နာလေပင် ဖြစ်ပေလိမ့်မည်။

**နိုင်ငံတစ်နိုင်ငံတွင် နယ်ပယ်အရပ်ရပ်ကို အမှန်တကယ် ကိုယ်စားပြုသည့် အသင်းအဖွဲ့များရှိနေခြင်းက ထိုနိုင်ငံ၏ လူ့အဖွဲ့အစည်းကို ပိုမိုတိုးတက်အောင် ပံ့ပိုးပေးနိုင်ပါသော်လည်း အဖွဲ့အစည်းသင်းပင်းဆိုသည်မှာ လုပ်စားတတ်သူများအတွက် "ခွင်"၊ နေရာယူချင်သူများအတွက် "ထိုင်ခုံ"၊ လူရာဝင်ချင်သူများအတွက် "စင်"၊ အထီးကျန်သူများအတွက် "အပျင်းပြေ"၊ အရေးပါချင်သူများအတွက် "အရာရောက်မှု"၊ နှုတ်အာရှင်သူများအတွက် "လေ့ကျင့်ကွင်း"၊ အလှုပြလိုသူများအတွက် "ဖက်ရှင်"၊ ခြယ်လှယ်လိုသူများ၏ "အတ္တ" အသီးသီးဖြစ်ခဲ့ပါက ......။**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
### ၁၆ - ၁၀ - ၂၀၁၆ (တနင်္ဂနွေနေ့)

- ၆း၀၀ တောင်တန်းသာသနပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၃၅ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ဘဒ္ဒန္တနာဂိတ (ဒွိပိဋကဓရ၊အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဟောကြားတော်မူသော "အဘိဓမ္မာအခါတော်နေ့ တရားတော်"
- ၈း၃၅ ၂၀၁၆ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) (အဆင့်မြင့်ခံပညာအဆင့် (၁၀-၁၅)နှစ်)(အမျိုးသား)
- ၉း၃၅ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက၊ဗဟုဇနဟိတဓရ၊ သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း။
- ၉း၅၀ ပြည်သူတို့၏ စကားသံများ
- ၁၀း၀၀ Sunday Talk
- ၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၂း၃၅ This Week's Special Interest
- ၁၂း၅၀ (၁၇)ကြိမ်မြောက်ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းပွဲ
  အထိမ်းအမှတ် "အထူးဓမ္မ သဘင်" ဒေါက်တာအရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ(D-Litt) (Ph.D) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)
- ၂း၀၅ "ရဟန်းမစားရသော ဆွမ်းတစ်နပ်"
- ၄း၁၅ ၂၀၁၆ ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ် (မဟာဂီတ) [အခြေခံပညာအဆင့် (၁၀-၁၅)နှစ်] (အမျိုးသား၊ အမျိုးသမီး)
- ၄း၃၅ "နွဲ့စိုတူပျော်မီးမြင့်မိုရ်ပွဲတော်"
- ၅း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၆း၃၅ ဆီမီးပူဇော် သီတင်းကျွတ်မီးထွန်းပွဲတော်
- ၆း၅၀ "ရွှေကျောင်မြို့သီတင်းကျွတ်မီးမျှောပွဲ"
- ၇း၁၅ "သီတဂူဆရာတော်ကြီး၏ အဘိဓမ္မာ အခါတော်နေ့ တရားတော်"
- ၇း၄၀ "အရောက်လှမ်းခဲ့နော် ကျောက်ဆည်ဆင်ပွဲတော်"
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၈း၃၅ "ကမ္ဘာ့စားနပ်ရိက္ခာနေ့" (၂၀၁၆ ခုနှစ်)
- ၉း၀၀ ပြည်တွင်းသတင်း၊ ဆယ့်နှစ်လရာသီအငြိမ့်သဘင် (သီတင်းကျွတ်မီးထွန်းပွဲ) (မင်းသမီး-ချစ်လွန်းချို၊ လူရွှင်တော်- Unit အဖွဲ့)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၅ ဓမ္မပူဇာတေး
- ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၉း၀၀ မြဝတီနေ့စဉ်သတင်း
- ၉း၁၀ World Wide Web
- ၉း၄၅ အမှတ်တရနေ့ရက်လေးများ
- ၁၀း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၀း၂၀ Guide For You
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၁၁း၁၀ English For Myanmar
- ၁၁း၁၀ မျိုးချစ်တပ်မတော်
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းသီတဲ့နှောင်ကြိုးတစ်မျှင် (အပိုင်း-၂)
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရေသူမရဲ့ခြေရာများ (အပိုင်း-၅)
- ၂း၃၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
- ၄း၃၅ ပျိုပျိုမေ
- ၄း၅၀ Run & Cook
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၆၂)
- ၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မစ္စကိုရီးယား (အပိုင်း-၁၅)
  -VOA အင်္ဂလိပ်စာသင်ခန်းစာ
  - ပဟေဠိနန်းတော်
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အကြင်နာမျက်ဝန်း" (အပိုင်း-၁၃)

## Viettel World Cup 2016 ပြိုင်ပွဲတွင် DAGON FC ဘောလုံးအသင်း အနိုင်ရဗိုလ်စွဲ

**ရန်ကုန် အောက်တိုဘာ ၁၅**

Viettel Group က ကြီးမှူး၍ ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိသော Viettel World Cup 2016 ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက Viettel အားကစားအကယ်ဒမီရှိ ဘောလုံးကွင်း၌ ဗီယက်နမ်နိုင်ငံကိုယ်စားပြု ဗီယက်နမ် B2 အသင်းနှင့် မြန်မာနိုင်ငံ ကိုယ်စားပြု DAGON FC ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ DAGON FCဘောလုံးအသင်းက ဗီယက်နမ် B2 အသင်းကို သုံးဂိုး ပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲကာ Viettel World Cup 2016 ဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

DAGON FCဘောလုံးအသင်းသည် ယနေ့ယှဉ်ပြိုင်သည့် ဗိုလ်လုပွဲ ပွဲစဉ် ပထမပိုင်း ၁၂ မိနစ်တွင် တိုက်စစ်မှူး အောင်သူက အဖွင့်ဂိုးစတင်သွင်းယူပြီး ဒုတိယပိုင်းပွဲချိန် ငါးမိနစ်တွင် တိုက်စစ်မှူး အောင်သူက လည်းကောင်း၊ ပွဲချိန်မိနစ် ၂၀ တွင် သက်ပိုင်ကလည်းကောင်း သွင်းယူခဲ့ခြင်းဖြစ်သည်။

Viettel World Cup 2016 ကို မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ပီရူး၊ မိုဇမ်ဘစ်၊ ကင်မရွန်း၊တန်ဇန်းနီးယား၊ ဟေတီ၊ ဘူရွန်ဒီနှင့် တီမောလက်စ်တေ စသည့်နိုင်ငံပေါင်း ၁၁ နိုင်ငံက ကိုယ်စားပြု ဘောလုံးအသင်းများသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Viettel အားကစားအကယ်ဒမီဘောလုံးကွင်းများတွင် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး DAGON FCဘောလုံးအသင်းအနေဖြင့် ပွဲစဉ်တစ်လျှောက် ရှုံးပွဲမရှိဘဲ Viettel World Cup 2016 ဆုဖလားကို ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အေးမင်း)**



## အားကစား

# တစ်ကမ္ဘာလုံးက စောင့်ကြည့်ကြမယ့်ပွဲ( သို့မဟုတ်) လီဗာပူး မန်ယူစီးချင်း

အောက်တိုဘာ ၁၈ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ မိနစ်၃၀ အချိန်မှာ ဒီအပတ်ပရီမီယာလိဂ်ပွဲစဉ်(၈)မှ အကောင်းဆုံး ပွဲစဉ်ဖြစ်တဲ့ လီဗာပူးနဲ့ မန်ယူတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်ကတော့ ဒီပွဲစဉ် ကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေမှာဖြစ်တယ်လို့ ပြောကြားခဲ့သလို မန်ယူ နည်းပြ မော်ရင်ဟိုက အင်္ဂလန်ရဲ့ ဂုဏ်သိက္ခာအကြီးဆုံးအသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုဟာ ဂလက်စီကို ပွဲစဉ်( ရီးယဲလ်မက်ဒရစ်- ဘာစီလိုနာ) လို ပြိုင်ဆိုင်မှု ပြင်းထန်မယ့် ပြိုင်ပွဲဖြစ်လာမယ်လို့ ဟောကိန်းထုတ်ပါတယ်။

လီဗာပူးနဲ့ မန်ယူတို့ ပွဲစဉ်ဟာ အင်္ဂလန်အနောက်မြောက် ဒါဘီပွဲစဉ် အဖြစ် လူသိများပြီး အင်္ဂလန်နိုင်ငံရဲ့ အစဉ်အလာအကြီးဆုံး ကလပ်အသင်းနှစ်ခု ထိပ်တိုက်တွေ့ဆုံနေတဲ့ ပွဲစဉ်အဖြစ်သာမက သမိုင်းအစဉ်အလာအရ ပြိုင်ဆိုင်မှု ပြင်းထန်လွန်းတဲ့ အခြေအနေကြောင့် ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံရင် အနိုင်/အရှုံးရလဒ်တွေသာ ထွက်ပေါ်တတ်တာများပြီး သရေရလဒ်ဆိုတာ နည်းပါးခဲ့တာကို တွေ့ရပါတယ်။

လီဗာပူးကတော့ ပရီမီယာလိဂ်လို့အမည်မပြောင်းမီ ၁၉၈၀ကျော်ကာလတွေမှာ အင်္ဂလန်ပထမတန်းလိဂ်အမှတ်ပေးပြိုင်ပွဲမှာ (၁၈)ကြိမ်အထိ ဗိုလ်စွဲခဲ့ပြီး အင်္ဂလန်ရဲ့ ဘောလုံးသမိုင်းမှာ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်ခဲ့ပေမယ့် ၁၉၉၀ ကျော်ကာလတွေမှာ အားကောင်းကောင်းနဲ့ ချီတက်လာတဲ့ မန်ယူဟာ ပရီမီယာလိဂ်လို့ အမည်ပြောင်းပြီးနောက် ၁၃ ကြိမ်၊ ပထမတန်းအမှတ်ပေးပြိုင်ပွဲတွေမှာ ခုနစ်ကြိမ်အထိ ဗိုလ်စွဲနိုင်ခဲ့တာကြောင့် အမှတ်ပေးချန်ပီယံဆုကို အကြိမ်(၂၀)အထိ ဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းဖြစ်လာခဲ့ကာ လီဗာပူးလက်ထဲက အင်္ဂလန်ဘောလုံးသမိုင်းရဲ့ အအောင်မြင်ဆုံးအသင်းဆိုတဲ့ ဂုဏ်ကို လက်လွှဲယူနိုင်ခဲ့တာဖြစ်ပါတယ်။ဒါကြောင့် ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုဟာ ပြိုင်ပွဲဆိုတဲ့ အနေအထားထက် ဂုဏ်သိက္ခာ၊ အစဉ်အလာနဲ့ စိတ်ခံစားမှု အစစအရာရာ ရောပြွန်းနေတဲ့ ပြိုင်ပွဲလို့ ယူဆရမှာဖြစ်ပါတယ်။



### နှစ် ၂၀ကျော်ပျောက်ဆုံးခဲ့တဲ့ ယုံကြည်မှုကို ပြန်လည်ရှာဖွေပေးနိုင်ခဲ့တဲ့ လီဗာပူး

ဒီရာသီမှာ ရလဒ်ပိုင်းတွေတောက်လျှောက်ကောင်းမွန်နေတဲ့ လီဗာပူးက မန်ယူကို အိမ်ကွင်းဖြစ်တဲ့ အန်းဖီးလ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။ အများစုကတော့ မန်ယူအနေနဲ့ ယခင်က ငယ်နိုင်အသင်းလို့ သတ်မှတ်ရမယ့် လီဗာပူးကို အခုအချိန်မှာတော့ ရှုံးနိမ့်ဖို့များပြီး အမြင့်ဆုံးသရေသာ ခံကစားနိုင်လိမ့်မယ်လို့ ခန့်မှန်းနေကြပါတယ်။ အခုလို လီဗာပူးအပေါ် အထင်တကြီး အလေးပေး ခန့်မှန်းနေကြတာကလည်း မန်ယူရဲ့ အခုထိ မတည်ငြိမ်တဲ့ ကစားဟန်ကြောင့်ရယ်၊ လီဗာပူးဟာ ဒီရာသီမှာ ပရီမီယာလိဂ်အသင်းကြီးတွေလို့ သတ်မှတ်ရမယ့် အာဆင်နယ်၊ ချယ်လ်ဆီးတို့ကို အနိုင်ကစားထားပြီး ပရီမီယာလိဂ်အသင်းတွေထဲမှာ လီဗာပူးဟာ ဇယားထိပ်က မန်စီးတီးလို သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူပြီး တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကြောင့်ရယ်ဆိုတဲ့ အဓိက အကြောင်းနှစ်ချက်ကြောင့် ဖြစ်ပါတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ ဂိုးမပေးရတဲ့ ပွဲတစ်ပွဲမှ မရှိခဲ့ဘဲ သွင်းဂိုး၁၀ဂိုးအထိ ခွင့်ပြုထားရတာကို တွေ့ရပါတယ်။

ဒါပေမယ့် ဒါက တိုက်စစ်ဦးစားပေးကစားတဲ့အသင်းတွေမှာ ဖြစ်လေ့ရှိတဲ့ နည်းဗျူဟာအခင်းအကျင်းကြောင့်ဖြစ်ပြီး ပြဿနာတစ်ရပ်မဟုတ်တာတော့ သေချာပါတယ်။ ဂျာဂန်ကလော့ပ်လက်ထက်မှာ လီဗာပူးရဲ့ ကစားဟန်လုံးဝပြောင်းလဲသွားပြီးနေရာစုံက ထိုးဖောက်မှုတွေနဲ့ တိုက်စစ်ပိုင်းကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်ကစားထားနိုင်တာကို တွေ့ရပါတယ်။ နည်းပြ ဂျာဂန်ကလော့ပ်ကတော့ တိုက်စစ်ဦးစားပေး ၄-၃-၃ ကစားကွက်ကို ခင်းကျင်းလေ့ရှိပြီး ဗဟိုကွင်းလယ် ကစားသမားအဖြစ် ကစားတဲ့ အသင်းခေါင်းဆောင်ဟန်ဒါဆန်က ပွဲတိုင်းခြေပေါ်အောင်ကစားနိုင်သလို တိုက်စစ်ပိုင်းမှာကစားတဲ့ စတားရစ်ချ်၊ ဖာမီနို၊ ကော်တင်ဟိုနဲ့ မာနီတို့ကလည်း ဂိုးသွင်းခြေရှိသူတွေဖြစ်ပါတယ်။ ဒါ့အပြင် မီလ်နာ၊ ဟန်ဒါဆန်၊ လယ်လာနာ၊ လော့ဗ်ရန်တို့ အားလုံးကလည်း လိုအပ်နေချိန်မှာ ဂိုးရရှိအောင် ကစားနိုင်ကြသူတွေဖြစ်ပါတယ်။

ဒါကြောင့် ပွဲချိန်ကြာလာနဲ့အမျှ လီဗာပူးကသာ ပွဲကို ထိန်းကျောင်းသွားပြီး ရလဒ်ကောင်းတွေ ရရှိနေတာဖြစ်ပါတယ်။

### ငွေသုံးကြမ်းခဲ့ပေမယ့် ရလဒ်မငြိမ်သေးတဲ့ မန်ယူ

ဒါဆို မန်ယူကရောလို့ မေးစရာရှိပါတယ်။ မော်ရင်ဟိုကတော့ လီဗာပူးနဲ့ပွဲစဉ်မှာလည်း သူသုံးနေကျ ပုံစံဖြစ်တဲ့ ၄-၂-၃-၁ ကစားကွက်ကိုသာ ဆက်လက်အသုံးပြုသွားဖို့ရှိပါတယ်။ မန်ယူအသင်းဟာ နည်းပြမော်ရင်ဟို လက်ထက်မှာ အခုထိကစားပုံ မတည်ငြိမ်သေးတာက မော်ရင်ဟိုအနေနဲ့ မန်ယူကစားသမားတွေအကြောင်း အသေးစိတ်မသိသေးတဲ့အတွက် အကောင်းဆုံးပွဲထွက်၁၁ယောက် အခင်းအကျင်းကို ရှာဖွေတွေ့ရှိခြင်းမရှိသေးတာကြောင့်လို့ ယေဘုယျ အဖြေထုတ်ရမှာဖြစ်ပါတယ်။

ကွင်းလယ်နေရာအတွက် အထိုင်ချ ကစားနေတဲ့ ပေါ့ဘာနဲ့ဟာရဲရားတို့နှစ်ဦးစလုံးက ပြိုင်ဘက်ကွင်းလယ်ကို အသာစီးရအောင် ကစားနိုင်ခြင်းမရှိသလို တောင်ပံတိုက်စစ်နှစ်ဖက်မှာ ထွက်ကစားတဲ့ လင်းဂတ်နဲ့ ရက်ရှ်ဖို့ဒ်တို့ဟာ လျှင်မြန်မှုရှိပေမယ့် အတွေ့အကြုံနုနယ်လွန်းတဲ့ အနေအထားကြောင့်လည်း အသင်းကြီးတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ရင် မန်ယူ အသင်းရလဒ်ကောင်းကောင်း ထွက်ပေါ်ခြင်းမရှိတာဖြစ်ပါတယ်။

တကယ်လို့ မော်ရင်ဟိုသာ လင်းဂတ်နေရာ ဂိုးသွင်းပိုသေသပ်တဲ့ မာရှယ်လ်ကို ထည့်ကစားရင် အသက်အရွယ်ကြောင့် လျှင်မြန်မှု အနည်းငယ်ကျဆင်းနေတဲ့ တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်လည်း ပိုပြီးသက်သောင့်သက်သာအနေအထားရှိမှာဖြစ်ပါတယ်။ မာရှယ်လ်ဟာ အဝေးကန်ချက်တွေနဲ့ ဂိုးရအောင်သွင်းနိုင်သူဖြစ်သလို အကွက်မြင်တဲ့ ဖန်တီးပေးပို့မှုတွေနဲ့ ပြိုင်ဘက်နောက်တန်းကို ခြိမ်းခြောက်နိုင်စွမ်းရှိနေသူပါ။ ဒါ့အပြင်မာတာကို ပွဲထွက်စာရင်းမှာ ထည့်သုံးရင် အီဗရာဟီမိုဗစ်ချ်လည်း ကွင်းလယ်အထိဘောလုံးဆင်းယူနေရတဲ့ အနေအထားကနေ ကင်းလွတ်သွားဖို့ရှိနေပါတယ်။ အီဗရာဟီမိုဗစ်ချ်၊ မာရှယ်လ်နဲ့ ရက်ရှ်ဖို့ဒ်တို့ သုံးဦးစလုံးဟာ ဂိုးသွင်းနိုင်စွမ်း မြင့်မားတာကြောင့် မန်ယူဂိုးရဖို့ မခက်လောက်တော့ပါဘူး။

### ပေါလ်မာဆန်နဲ့ အန်ဒီကိုးလ်တို့ကတော့

နာမည်ကျော်အားကစားသုံးသပ်သူ ပေါလ်မာဆန်ကတော့ လီဗာပူးရဲ့ လျှင်မြန်လွန်းတဲ့ တိုက်စစ်ကစားဟန်ကို အထနှေးတတ်တဲ့ မန်ယူ ဘယ်လိုမှ ထိန်းနိုင်ဖို့မလွယ်ဘဲ သေချာပေါက် ရှုံးပွဲကြုံရမယ်လို့ ဆိုပါတယ်။သူကတော့ လီဗာပူးက သုံးဂိုး-တစ်ဂိုးလောက်နဲ့နိုင်မယ်လို့ ခန့်မှန်းချက်ထုတ်ခဲ့ပါတယ်။ မာဆန်ဟာ မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်၊ စပါးတို့အတွက် ရလဒ်ပိုင်း သုံးသပ်ရာမှာ အမြဲမှန်ကန်မှုရှိခဲ့သူဖြစ်ပြီး ဒီတစ်ကြိမ်အနိုင်ရလဒ်ကတော့ လီဗာပူးအတွက်ပဲဖြစ်လိမ့်မယ်လို့ အတိအကျကို ပြောပါတယ်။

မန်ယူရဲ့ ဂန္တဝင်တိုက်စစ်မှူး အန်ဒီကိုးလ်ကတော့ မန်ယူအနေနဲ့ သရေတောင်ရဖို့ မလွယ်ဘဲ အန်းဖီးလ်ကွင်းကနေ အမှတ်ဗလာနဲ့ ပြန်ရဖို့ များတယ်လို့ ပြောကြားခဲ့တဲ့အပြင် လီဗာပူးရဲ့ ကစားဟန်ဟာ ဆွဲဆောင်မှုအပြည့်ရှိသလို ပြိုင်ဘက်ကို စိတ်ရှုပ်ရှုပ်နဲ့ ကစားတဲ့ ပုံစံကြောင့်လည်း ဒီပွဲစဉ်မှာ လီဗာပူးသာ အနိုင်ရဦးမယ်လို့ အံ့အားသင့်ဖွယ်ကောင်းစရာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

### ဂုဏ်သိက္ခာအတွက် မန်ယူဘာလုပ်ပြမလဲ

မော်ရင်ဟိုကတော့ အစဉ်အလာကို ဒီနေရာမှာ ခဏလောက် ချန်ထားပြီး မန်ယူအသင်းဟာ ပရီမီယာလိဂ် ချန်ပီယံဆုကို စိန်ခေါ်ဖို့ လုံလောက်တဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာသန်စွမ်းမှုရှိတယ်ဆိုတာ သက်သေပြဖို့ လိုတယ်လို့ကစားသမားတွေကို တိုက်တွန်းထားပါတယ်။ လောလောဆယ်အခြေအနေအရ မန်ယူ အသင်းဟာ လီဗာပူးထက် အားနည်းတယ်ဆိုတာ မှန်ပေမယ့် စိတ်ဓာတ်ခွန်အားပိုင်းမှာတော့ လျော့နည်းမှာ မဟုတ်တဲ့အပြင် ဒီပွဲမှာ ထပ်ပြီး ရှုံးနိမ့်ရင် အမှတ်ပေးဇယားထိပ်နေရာက မန်စီးတီး၊ စပါးတို့နဲ့ ရမှတ်ပိုမိုကွာဟမှာဖြစ်တာကြောင့် နိုင်ငံတကာ ပွဲစဉ်တွေ ယှဉ်ပြိုင်နေရတဲ့ ကာလအတွင်း မော်ရင်ဟို အကောင်းဆုံး ကစားကွက်ကို အဖြေထုတ်ပြီးလောက်ပါပြီ။ ဒါ့အပြင် မန်ယူမှာ အီဗရာဟီမိုဗစ်ချ်၊ ပေါ့ဘာတို့လို အတွေ့အကြုံရင့်ပြီး ရလဒ်ပိုင်းကို အလှည့်အပြောင်းလုပ်နိုင်တဲ့ ခြေစွမ်းပိုင်ဆိုင်သူတွေလည်းရှိတာကြောင့် ဘာပဲဖြစ်ဖြစ် မန်ယူမရှုံးလောက်ပါဘူး။ နည်းဗျူဟာပိုင်းအားပြိုင်တဲ့ ပွဲမှာ ဂျာဂန်ကလော့ပ်ကပဲ အသာရသွားမလား (ဒါမှမဟုတ်) မော်ရင်ဟိုကပဲ ဖိအားအောက်ကရုန်းထွက်ပြီး ပရိသတ်တွေအတွက် တစ်ခုခုပေးနိုင်မလားဆိုတာ အောက်တိုဘာ ၁၈ ရက်မှာတော့ အတိအကျအဖြေပေးနိုင်တော့မှာဖြစ်ပါတယ်။

မေလှဲသင်း-ရေးသားသည်

### နောက်ဆုံးငါးရာသီဆက် လီဗာပူး-မန်ယူ ထိပ်တိုက်တွေ့ဆုံမှု မှတ်တမ်း

| ဘောလုံးရာသီ | ပြိုင်ပွဲ | အိမ်ကွင်း | ရလဒ် | အဝေးကွင်း |
|---|---|---|---|---|
| ၂၀၁၁-၁၂ | ပရီမီယာလိဂ် | မန်ယူ | ၂-၁ | လီဗာပူး |
| | အက်ဖ်အေဖလား | လီဗာပူး | ၂-၁ | မန်ယူ |
| | ပရီမီယာလိဂ် | လီဗာပူး | ၁-၁ | မန်ယူ |
| ၂၀၁၂-၁၃ | ပရီမီယာလိဂ် | မန်ယူ | ၂-၁ | လီဗာပူး |
| | ပရီမီယာလိဂ် | လီဗာပူး | ၂-၁ | မန်ယူ |
| ၂၀၁၃-၁၄ | ပရီမီယာလိဂ် | မန်ယူ | ၀-၃ | လီဗာပူး |
| | လိဂ်ဖလား | မန်ယူ | ၁-၀ | လီဗာပူး |
| | ပရီမီယာလိဂ် | လီဗာပူး | ၁-၀ | မန်ယူ |
| ၂၀၁၄-၁၅ | ပရီမီယာလိဂ် | လီဗာပူး | ၁-၂ | မန်ယူ |
| | ပရီမီယာလိဂ် | မန်ယူ | ၃-၀ | လီဗာပူး |
| ၂၀၁၅-၁၆ | ယူရိုပါလိဂ် | မန်ယူ | ၁-၁ | လီဗာပူး |
| | ယူရိုပါလိဂ် | လီဗာပူး | ၂-၀ | မန်ယူ |
| | ပရီမီယာလိဂ် | လီဗာပူး | ၀-၁ | မန်ယူ |
| | ပရီမီယာလိဂ် | မန်ယူ | ၃-၁ | လီဗာပူး |

ကြေးမုံ
အောက်တိုဘာ ၁၆၊ ၂၀၁၆

# ချင်းတွင်းမြစ်တွင်းသွား အမြန်ရေယာဉ်နစ်မြုပ်၍ လေးဦးသေဆုံးကာ ၁၅၅ ဦးလွတ်မြောက်ပြီး ရှာဖွေကယ်ဆယ်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ



**ရန်ကုန် အောက်တိုဘာ ၁၅**

အောက်တိုဘာ ၁၄ ရက် ည ၁၀ နာရီက ဟုမ္မလင်းမြို့မှ မုံရွာမြို့သို့ထွက်ခွာလာသည့် ချင်းတွင်းမြစ်တွင်းသွား အေးငြိမ်းချမ်းသာ အမြန်မော်တော်ရေယာဉ်လိုင်းမှ အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ်သည် ယနေ့ နံနက် ၅ နာရီ ၁၀ မိနစ်ခန့်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းအုပ်စု မိချောင်းတွင်း ကျေးရွာအနီးတွင် ကျောက်ဆောင်ဖြင့်တိုက်မိ၍ နစ်မြုပ်သွားကြောင်း ကနီမြို့ ဒေသခံများထံမှ သိရသည်။

"ဟုမ္မလင်းမြို့ကနေ မုံရွာကိုသွားဖို့ စုန်ဆင်းလာတဲ့ ရေယာဉ်ပေါ်မှာ ပညာရေးဝန်ထမ်းတွေ၊ တခြား ဌာနဆိုင်ရာဝန်ထမ်းတွေ၊ စာမေးပွဲဖြေဆိုမယ့် ကျောင်းသားကျောင်းသူတွေနဲ့ ခရီးသည်တွေလိုက်ပါလာတယ်လို့သိရတယ်။ ကနီမြို့နယ် ကင်းအုပ်စု မိချောင်းတွင်းကျေးရွာအနီးမှာ ကျောက်ဆောင်နဲ့တိုက်မိပြီး နစ်မြုပ်ခဲ့တယ်လို့ သိရပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဟိတသုခကင်းကျေးရွာ လူမှုရေးအသင်းမှ ဦးသိန်းဇော်က ပြောသည်။

အမြန်ရေယာဉ်နစ်မြုပ်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပြီး ဟိတသုခကင်းကျေးရွာ လူမှုရေးအသင်း၊ ပရသုခ မိချောင်းတွင်းကျေးရွာ လူမှုရေးအသင်းနှင့် ပုညကာရီ အထက်ကင်းကျေးရွာ လူမှုရေးအသင်းများမှလည်း ရောက်ရှိလာပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မနက် ၁၁ နာရီထိ အသက်ရှင်လျက် ပြန်လည်တွေ့တာ အယောက် ၉၀ ရှိနေပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ကိုယ်တိုင်ဆင်းလာပြီး ကူညီကယ်ဆယ်ရေးအတွက် အနီးကပ်ဆောင်ရွက်နေပါတယ်။ မော်တော်ထဲမှာတော့ သေတဲ့သူ ဘယ်နှယောက်ရှိတယ်ဆိုတာ မသိရသေးပါဘူး။ ဆယ်ယူမှုတွေတော့ ပြုလုပ်နေပါတယ်"ဟု ကနီမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းက ပြောသည်။

မော်တော်နစ်မြုပ်ရာတွင် အသက်ရှင်လွတ်မြောက်လာသည့် ဟုမ္မလင်းမြို့ မန်မော်ရပ်ကွက်နေ ကိုကျော်လင်းထွန်း၏ အစ်မဖြစ်သူ မယုက "မောင်လေးက မုံရွာစီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်တက်ဖို့ သွားတာ။ သူစီးလာတဲ့ မော်တော်မြုပ်သွားတယ်။ သူတော့အသက်ရှင်လွတ်မြောက်လာတယ်။ သေတဲ့သူလည်းအများကြီးလို့ မနက် ၇ နှစ်နာရီခွဲလောက်မှာ ကျွန်မဆီဖုန်းလှမ်းဆက်တယ်။ ကိုယ့်မောင်လေး အသက်ရှင်လွတ်မြောက်လို့ ဝမ်းသာပေမယ့် သေဆုံးသွားတဲ့သူတွေအတွက်တော့ စိတ်မကောင်းဘူး"ဟု ပြောသည်။

ထို့အတူ မော်တော်နစ်မြုပ်ရာမှ အသက်ရှင်လွတ်မြောက်လာသူ တပ်ကြပ်ကြီး ကိုနွေလင်းဦး၏ ဖခင်ဖြစ်သူက "သားက ဟုမ္မလင်းမှာတာဝန်ကျတယ်။ မန္တလေးမှာ နောက်ဆုံးနှစ် အဝေးသင်စာမေးပွဲဖြေဖို့ ဟုမ္မလင်းကနေ မုံရွာကို မော်တော်နဲ့လာတာပါ။ နံနက် ၈ နာရီလောက်မှာ သူစီးလာတဲ့မော်တော်နစ်မြုပ်သွားတယ်။ သူတော့ဘာမှမဖြစ်ဘူး။ ပစ္စည်းတွေကတော့ မြုပ်တဲ့ထဲပါသွားတယ်။ ဘာမှပြန်မရဘူး။ အခုလည်း သူများဖုန်းနဲ့ငှားပြီးဆက်လိုက်တာလို့ ပြောပါတယ်"ဟု ပြောသည်။

ကနဦးသတင်းများအရ အဆိုပါမော်တော်ယာဉ် နစ်မြုပ်မှုတွင် ခရီးသည် ၃၀၀ ခန့် လိုက်ပါလာကြောင်း၊ အသက်ရှင်လွတ်မြောက်လာသူ ၁၅၅ ဦးရှိပြီး လက်ရှိအချိန်တွင် သေဆုံးသူ လေးဦးရှိကြောင်း၊ ရေယာဉ်အတွင်း နစ်မြုပ်ကျန်ရစ်မှု ရှိ၊ မရှိ လတ်တလော အတည်ပြုနိုင်ခြင်းမရှိသေးကြောင်းနှင့် ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**သတင်း- သီသီမင်း၊ မင်းသစ်**
**ဓာတ်ပုံ- မင်းသန့်နိုင်**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာ သတင်းဂျာနယ်

အထူးအမှုံ ဆောင်းပါးအမြွှာ

ရောသမမွှေစီးပွားရေး

အမေရိကန်နှင့် ရုရှားဆက်ဆံရေး
နျူချစ်ပွဲအသွင် ဖြစ်လာနိုင်

ဆိုက်ဘာစစ်ပွဲဖြင့် အမေရိကန်ကိုတိုက်နေသည့် တရုတ်

အိုင်အက်စ်တို့ ဒရုန်းများ အသုံးပြုနေကြပြီ

စေတုတ္ထစက်မှုတော်လှန်ရေးခေတ်ထဲ ရောက်နေပြီလား

အစ္စလာမ့် အစွန်းရောက်ဝါဒီများ လက်နက်အသစ်အဆန်းဖြင့် တိုက်ခိုက်ရန်ပြင်ဆင်နေ

ဘာသာပြန်စာပေ ဖွံ့ဖြိုးရေး လူငယ်များထံမှ စာမူကောင်းများ ဖိတ်ခေါ်လျှာ

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာစောင်ဖရိုသင်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းချရေးကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊
မြန်မာအလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

အများပြင်ဆင်ချက်

"မြန်မာ ဖရဲ၊ သခွားမွှေး ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက်" (MYANMAR MELONS DEVELOPMENT PUBLIC COMPANY LIMITED)အား အများနှင်သက်ဆိုင်သော (အများပိုင်) ကုမ္ပဏီ၏ တရားဝင် ဖွဲ့စည်းတည်ထောင်ထားပြီးကြောင်း(၁၄-၁၀-၂၀၁၆)ရက်စွဲပါကြေညာချက်၌ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ် မှုကြီးကြပ်ရေးကော်မရှင်(MSEC) အစည်အစား မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ဟုပြင်ဆင်ဖတ်ရှုပေးပါရန်ကြေညာအပ်ပါသည်။

မြန်မာ ဖရဲ၊ သခွားမွှေး ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက်
(MYANMAR MELONS DEVELOPMENT PUBLIC COMPANY LIMITED

# တရားစွဲဆိုထားမှု ရုပ်သိမ်းပေးခြင်းအတွက် ကျေးဇူးတင်ရှိခြင်း

၁။ ရွှေစင်စကြာကုမ္ပဏီလီမိတက်မှ ၅-၄-၂၀၁၅ ရက်နေ့ ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)အား မှားယွင်းစွာ စွပ်စွဲဖော်ပြခြင်း၊ နို့တစ်စာပေးပို့ခြင်းများ ဆောင်ရွက်ခဲ့ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၏ ဂုဏ်သိက္ခာနှင့် Media ပုံရိပ်များကို အတိုင်းအဆမဲ့ ထိခိုက်နစ်နာခြင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) မှ ထုတ်လွှင့်နေသည့် ဆက်စပ်ရုပ်သံလိုင်းများကို ကြည့်ရှုနေသည့် ပြည်သူလူထု၏ ယုံကြည်မှုကျဆင်းစေခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ရွှေစင်စကြာ ကုမ္ပဏီလီမိတက်သို့ တရားစွဲဆိုခဲ့ပါသည်။

၂။ ယခုအခါ ရွှေစင်စကြာကုမ္ပဏီလီမိတက်သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) သို့ ယာဉ်တိုက်မှုဖြစ်စဉ် ထုတ်လွှင့်မှုနှင့်ပတ်သက်၍ မှားယွင်းစွာ စွပ်စွဲဖော်ပြခြင်း၊ နို့တစ်စာပေးပို့ခြင်းတို့အတွက် ၉-၁၀-၂၀၁၆ရက်နေ့ထုတ်နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် အနူးအညွတ်တောင်းပန်ခဲ့ပါသည်။

၃။ ထိုသို့တောင်းပန်ခဲ့ခြင်းကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)သည် စိတ်သဘောထားဖြူစင်စွာဖြင့် ရွှေစင်စကြာကုမ္ပဏီလီမိတက်အပေါ် တရားစွဲဆိုထားမှုအား ရုပ်သိမ်းပေးခဲ့မှုအပေါ် ရွှေစင်စကြာကုမ္ပဏီမှ အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်းဖော်ပြအပ်ပါသည်။

၄။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ဆတက်ထမ်းပိုး ပိုမို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ရွှေစင်စကြာကုမ္ပဏီလီမိတက်**

# ဂါန်းဇွန်မြို့မဈေး၌ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားဆဲဖြစ်သော စားသောက်ကုန်ပစ္စည်းများစစ်ဆေး အသိပညာပေးဆွေးနွေး

**ဂါန်းဇွန် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ဂါန်းဇွန်မြို့၌ FDA မှ ကန့်သတ်ထားသော အန္တရာယ်ဖြစ်စေနိုင်သည့် စားသောက်ကုန်များနှင့် စံမညီစားသုံးဆီများ ရောင်းချခြင်းမရှိစေရန် ဂါန်းဇွန်မြို့မဈေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင်များသို့ အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက လိုက်လံစစ်ဆေးအသိပညာပေး ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ လိုက်လံစစ်ဆေး အသိပညာပေးဆွေးနွေးရာ၌ ဆိုးဆေးသုံး မျှစ်၊ ငါးပုစွန်ချဉ်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့် တို့ကို ဝယ်ယူရောင်းချခြင်းမပြုရန်၊ ငှက်ပျောနှင့် သစ်သီးဝလံများ မှည့်ဆေးအလွန်အကျွံ သုံးစွဲခြင်း၊ ရက်လွန်မှုရှိ၊ မရှိနှင့် မှိုတက်၍ အန္တရာယ်ဖြစ်စေနိုင်မှုရှိ၊ မရှိ မုန့်ထုပ်များ၊ အချိုရည်နှင့် ဂျယ်လီဗူးများတွင် တံဆိပ်ကပ်အမှတ်အသား၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ မှတ်ပုံတင်၊ လိပ်စာနှင့် အသုံးပြုပစ္စည်းများ ဖော်ပြမှုမရှိပါက ဝယ်ယူရောင်းချခြင်းမပြုကြရန် ဆွေးနွေးမှာကြားသည်။

အရောင်းဆိုင်များသို့ လိုက်လံစစ်ဆေး အသိပညာပေးဆွေးနွေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူး ဝေလင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်မင်းမင်းထွန်းနှင့် ဈေးတာဝန်ခံ ဦးစိုးတင့်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းလွင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးဇေယျလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ဂါန်းဇွန်)**

# ရော်ဘာအစေးခံကော်ခွက်များ ဈေးကွက်သို့ ဝင်လာသော်လည်း ဒေသထွက်စဉ့်ခွက်များ ပုံမှန်အရောင်းအဝယ်ဖြစ်



**သထုံ အောက်တိုဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ယခုနှစ် ရော်ဘာအစေးခြစ်ရာသီ၌ ခြံသုံးပစ္စည်း ဈေးကွက်အတွင်းသို့ အစေးခံကော်ခွက်များ ပိုမိုဝင်ရောက်လာသော်လည်း ဒေသတွင်းထုတ်လုပ်သည့် စဉ့်ခွက်များမှာ လူကြိုက်များပြီး ရောင်းအားကျဆင်းမှုမရှိကြောင်း ရော်ဘာအစေးခံစဉ့်ခွက် လုပ်ကိုင်သူများထံမှ သိရသည်။

"ကော်ခွက်က ကပ်တယ်၊ အလွန်ဆုံးခံမှ သုံးနှစ်ပဲ။ စဉ့်ခွက်ကျတော့ ဈေးနည်းနည်း ပိုပေမယ့် ရေရှည်ခံတယ်။ ခွက်မှာ အစေး မကျန်ဘူး။ ဒါကြောင့် လူကြိုက်များတယ်။ အရင်က စဉ့်ခွက်ကို ဒေသတွင်း ရော်ဘာခြံရှင်တွေပဲ အသုံးများပေမယ့် ဒီနောက်ပိုင်း တခြားနယ်ဘက်က ရော်ဘာခြံရှင်တွေလည်း တော်တော်ကြိုက်လာကြလို့ တစ်နှစ်ထက် တစ်နှစ် အမှာက တက်လာတယ်။ ဖိုက ထွက်သလောက်ကုန်တယ်။ ဒီမှာက တစ်နိုင်တစ်ပိုင်လုပ်တဲ့သူတွေပဲဆိုတော့ အမှာများပေမယ့် သိပ်များများမထုတ်နိုင်ဘူး" ဟု တံတားဦးကျေးရွာမှ ရော်ဘာအစေးခံစဉ့်ခွက်လုပ်ငန်းလုပ်ကိုင်သည့် ကိုမောင်ငယ်က ပြောသည်။

သထုံမြို့နယ်တွင် ရော်ဘာအစေးခံ စဉ့်ခွက်များကို တံတားဦးကျေးရွာတွင် အများအားဖြင့် ထုတ်လုပ်ခြင်းဖြစ်ပြီး စဉ့်ထည်ဖို ၁၀ ဖို ခန့်ရှိကာ ဒေသတွင်းမှ ရော်ဘာခြံရှင်များအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"စဉ့်ခွက်က ကော်ခွက်ထက် ကျပ် ၅၀ လောက်ဈေးပိုတယ်။ တွက်ခြေမကိုက်လို့ ဈေးနည်းတာ။ သုံးသူရှိပေမယ့် အများအားဖြင့်တော့ စဉ့်ခွက်သုံးကြတယ်။ ကော်ခွက်က ရော်ဘာစေးကပ်ပြီး ခွာရခက်တယ်။ နောက်ပြီးပေါ့တော့ လေတိုက်ရင်လွင့်တယ်။ ဒေသထွက်တဲ့ စဉ့်ခွက်ကရေရှည်ခံတယ်။ အလေအလွင့် နည်းပါးအောင်တော့ စနစ်တကျ ထိန်းသိမ်းရတာပေါ့" ဟု ဝင်းပ ကျေးရွာမှ ရော်ဘာခြံရှင် ကိုကျော်ဇင်က ပြောသည်။

ရော်ဘာအစေးခံ စဉ့်ခွက်မှာ လက်ကားဈေး အကြီးတစ်လုံးလျှင် ငွေကျပ် ၁၅၀၊ အလတ်တစ်လုံးလျှင် ၁၂၀၊ အသေးတစ်လုံးလျှင် ၁၀၀နှင့် ကော်ခွက် အကြီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၊ အလတ်တစ်လုံးလျှင် ၈၀၊ အသေးတစ်လုံးလျှင် ၆၀နှုန်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဆိတ်ဈေးကျ၍ ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အဆင်မပြေ



**မလှိုင် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများနှင့် ဆိတ်အပွားကျောင်းသူများ ဆိတ်ဈေးနှုန်းအဆမတန် နိမ့်ကျနေသဖြင့် ဆိတ်မွေးမြူသူများအနေဖြင့် တွက်ခြေမကိုက် အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။

ဆိတ်မွေးမြူသူများအနေဖြင့် ယခင်က ဆိတ်မကြီးတစ်ကောင်ကို ငွေကျပ် ၄၅၀၀၀၊ ၅၀၀၀၀ ရောင်းခဲ့ရသော်လည်း လတ်တလောတွင် ဆိတ်ကြီးတစ်ကောင်ပေါက်ဈေး ကျပ် ၂၀၀၀၀ ဝန်းကျင်သာရှိပြီး ဝယ်ယူမည့်သူမရှိကြောင်း၊ အရောင်းအဝယ်မဖြစ်ကြောင်း သိရသည်။ ကသီထု အလှမွေးမည့်သူများ လောက်သာ ဆိတ်အထီးကို တစ်ခါတစ်ရံ လာရောက်ဝယ်ယူလေ့ရှိပြီး ဆိတ်မများကို ယခုရက်ပိုင်းအတွင်း ဝယ်ယူမည့်သူ မရှိကြောင်း သိရသည်။

"ဆိတ်မတစ်ကောင်ကို တစ်နှစ်လျှင် နှစ်သားနှင့် တစ်ဗိုက်ကျတယ်ဆိုပေမယ့်လည်း ဆိတ်ဈေးက အဆမတန်နိမ့်ကျနေတာ သုံးလလောက်ရှိပြီမို့လို့ ဆိတ်မွေးရတာ အဆင်မပြေပါဘူး။ မဖြစ်မနေ ငွေလိုလို့ရောင်းရင် ဆိတ်အကြီးတစ်ကောင်ကို ကျပ် ၂၀၀၀၀ တောင် မပေးချင်ဘူး။ ဒီထက်ဆိုးတာက လောလောဆယ် ဝယ်သူမရှိတာပါ" ဟု မြစ်ကျင်းကျေးရွာမှ ဆိတ်မွေးမြူရေး လုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

"ကိုယ်တိုင် မွေးမြူရေးလုပ်ကိုင်သူများသာမက ဆိတ်အပွားကျောင်းသူများကပါ တွက်ခြေမကိုက် အရှုံးပေါ်နေသဖြင့် ဆိတ်ပိုင်ရှင်များထံ ပြန်လည်အပ်နှံနေကြကြောင်း" ဆိတ်မွေးဖက်ချထားသူတစ်ဦးက ပြောပြခဲ့သည်။

"ကျွန်မ ဆိတ် ၁၃ ကောင် အပွားကျောင်း (နောက်ထပ် မွေးလာတဲ့ဆိတ်ကို တစ်ယောက် တစ်ဝက်ယူစနစ်) ခိုင်းထားတာရှိပါတယ်။ ဆိတ်ကျောင်းတဲ့သူက သူ့အတွက် မကိုက်လို့ ပြန်အပ်တဲ့အတွက် ဆိတ်အငှားကျောင်းမည့်သူကို ရှာနေရကြောင်း၊ ဆိတ်ဝယ်ယူမည့်သူသာ မရှိတာပါ၊ ဆိတ်သားဈေးကတော့ မကျပါဘူး" ဟု ပြောပြသည်။

**အောင်ဌေး (မလှိုင်)**

# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၁၅**

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အခမ်းအနားကို ပခုက္ကူမြို့ ပညာရေးကောလိပ် ပညာစစ်သည်ခန်းမ၌ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိုင်းပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့စိမ်းတို့က အမှာစကားများပြောကြားသည်။

ပခုက္ကူခရိုင် မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာတင့်ထူးအောင်က "လူတိုင်းသိသင့်သော မျက်စိရောဂါများ" အကြောင်းကို ပရိုဂျက်တာအသုံးပြု၍ အသေးစိတ် ရှင်းလင်းဟောပြောသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးကောလိပ် သင်တန်းဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**တင်အောင်ဝင်း**

# ဆောက်လုပ်ဆဲကျောင်းဆောင်သစ်များ စံချိန်စံညွှန်းပြည့်မီမှု ရှိ-မရှိကွင်းဆင်းစစ်ဆေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့တွင် ဆောက်လုပ်ဆဲကျောင်းဆောင်သစ်များဖြစ်သော အမက(ဘုရားကုန်း)ကျောင်း ပေ (၆၀×၃၀) RC တစ်ထပ် ကျောင်းဆောင်သစ်၊ အ-လ-က(ခွဲ)(ကစို)ကျောင်း ပေ (၆၀×၃၀) steel structure KG တစ်ထပ်ကျောင်းဆောင်သစ်၊ အ-လ-က (ခွဲ)(ဝင်းကမော့)ကျောင်း ကျောင်းနံရံ၊ အခင်းအက်ကွဲမှု ပြင်ဆင်စရိတ်နှင့် ကျောင်းဆောက်လုပ်ရာတွင် စံချိန်စံညွှန်းပြည့်မီမှု ရှိ-မရှိကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးမင်းကိုခိုင်၊ ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ဦး၊ ဒေါ်နန်းမိုးမိုးထွေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**



# မိုးရေလှောင်ကန်များတူးဖော်ပေး၍ သောက်သုံးရေဖူလုံစွာရရှိ


**ကျွန်းလှ အောက်တိုဘာ ၁၅**


စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စံပြ၊ ကုက္ကိုကုန်း၊ မြင်သာဦး၊ ရှမ်းကုန်း၊ သံဘိုကျေးရွာတို့တွင် မိုးရေလှောင်ကန်များတူးဖော်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရေလှောင်ကန်များကို အလျားပေ ၉၀ × အနံပေ ၉၀ × အနက် ၅ ပေတူးဖော်ပေး၍ ကျေးရွာအတွင်း ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံ၊ 11HPအင်ဂျင်စက်တို့ကို တပ်ဆင်ပေးပြီး ရေကန်မှပိုက်သွယ်တန်းပေးထားကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ယခင်က ကျေးရွာတွင် ရေတွင်းရှိသည့် အိမ်များသို့ သွားရောက်ခပ်ယူသုံးစွဲကြရပါတယ်။ ယခုလို မိုးရေလှောင်ကန်တူးပေးပြီး ရွာအထိရေရရှိအောင် ဆောင်ရွက်ပေးထားတဲ့အတွက် သောက်သုံးရေအပြင် ကျွဲ၊ နွားတိုက်ရေပါ ဖူလုံစွာသုံးစွဲနိုင်ကြပါပြီဟု" ကျေးရွာ နေပြည်သူတစ်ဦးကပြောပြသည်။

**မျိုးဝင်းညို (ကျွန်းလှ)**





# ရာဇဓမ္မတရား ကျင့်ကြံပွား တိုင်းကားပြည်ရွာ သာယာသည်



ဓာတ်ပုံ- www.hotrecentnews.com

ukaifo koyinau.mirrordaily@gmail.com

ကမ္ဘာပေါ်တွင် ကာလသမနိ အရှည်ကြာဆုံး စိုးစံတော်မူခဲ့သော ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူယာဒက် ကံတော်ကုန်ရှာလေပြီဟူသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ကြားသိရသောအခါ အိမ်နီးချင်း ဘုရင့်နိုင်ငံတော်လည်းဖြစ်၊ သမိုင်းကြောင်းအရ ထူးခြားသည့် နိုင်ငံတော်လည်းဖြစ်သော 'မောင်ထိုင်း' (ထိုင်းဘုရင့်နိုင်ငံတော်) နှင့် ဆက်နွှယ်နေသည့် အကြောင်းခြင်းရာများကို စေ့ငုမိလေ၏။

အာရှတိုက်၏ အရှေ့တောင်စွန်းအရပ်၌ တည်ရှိသော 'မောင်ထိုင်း' ဟူသည်ကား 'လွတ်လပ်သော တိုင်းပြည်' ဟူ၍ အဓိပ္ပာယ်ရရှိသည်။

ဘူမိဘော အဒူယာဒက်သည်ကား ထိုင်းနိုင်ငံ၏ နဝမမြောက် ရာမဘုရင်ဖြစ်ပြီးလျှင် တိုင်းသူပြည်သားများ၏ စည်းလုံးညီညွတ်မှု ပြယုဂ်အဖြစ် စိုးစံခဲ့သော ရာဇမင်းတစ်ပါးပေတည်း။

ဘူမိဘောသည် ဆောင်ကလာမင်းသား မဟီဒေါအဒူယာဒက်နှင့် မင်းသမီးဆိုင်းဝန်တို့၏ သားတော်ဖြစ်လေသည်။

ဘူမိဘောကို ၁၉၂၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် ကိန်းဗရစ်မြို့၌ ဖွားမြင်ခဲ့လေသည်။

ထိုစဉ်က ဘူမိဘော၏ ခမည်းတော်မှာ အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်၌ ပညာဆည်းပူးနေချိန်ဖြစ်သည်။

ဘူမိဘောသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် ဆွစ်ဇာလန်နိုင်ငံ လော်ဆိန်းမြို့တို့၌ ပညာဆည်းပူးခဲ့သည်။

ဘုရင်အာနန္ဒာ မဟီဒေါ နတ်ရွာစံသောအခါ နောင်တော်၏ အရိုက်အရာကို ၁၉၄၆ ခုနှစ် ဇွန်လ ၉ ရက်တွင် ဆက်ခံတော်မူခဲ့ပြီးလျှင် သက်တော် ၈၈ နှစ်အရွယ်တွင် ကံတော်ကုန်သည်အထိ နှစ်ပေါင်း ၇၀ ကြာမျှ စိုးစံတော်မူခဲ့လေသည်။

ဘူမိဘောသည် ကမ္ဘာပေါ်တွင် ကာလသမနိ အရှည်ကြာဆုံး စိုးစံသည့် နိုင်ငံအကြီးအကဲဖြစ်သည်သာမက ထိုင်းနိုင်ငံ၏ သမိုင်းတွင် နန်းသက်အကြာဆုံး ဘုရင်တစ်ပါးဟု ရာဇဝင်စာတင်နိုင်သည်။

## ဆုတောင်းပတ္ထနာ ပြုကြရှာ

ဘုရင်ဘူမိဘော အသည်းအသန်ဝေဒနာ ခံစားနေရသည်ဟု ဘုရင့်နန်းတော်က ထုတ်ပြန်ကြေညာသည့် အောက်တိုဘာ ၉ ရက်မှ အစပြု၍ မြို့တော်ဘန်ကောက်ရှိ သီရိခေတ် ဆေးရုံဝန်းကျင်၌ ပြည်သူပြည်သားအပေါင်းတို့ သောင်းသောင်းအုတ်အုတ် စုဝေးရောက်ရှိလာကြပြီးလျှင် ဘုရင်မင်းမြတ် ပြန်လည်နာလန်ထူလာရေး ဆုတောင်းပတ္ထနာပြုကြလေသည်။

သို့စင်လျက် ဘုရင်မင်းမြတ် ကံတော်ကုန်လေပြီဟု ဘုရင့်နန်းတော်က အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ ပြည်သူခပင်းမှာ မရှွင်မပျော် ညှိုးနွမ်းတုန်လှုပ်သော စိတ်နှလုံးနှင့်အတူ ယူကျုံးမရ အပူလုံးကြွကြရလေသည်။

ဤတွင်ရွေ့ကား ကျွန်ုပ်သည် သေခြင်းတရားနှင့် စပ်လျဉ်း၍ သံဝေဂယူမိလေသည်။ ကျွန်ုပ်နာယူမှတ်သားမိသော သေခြင်း တရားဟူသည်ကား -

(၁) အာယုက္ခယ (သက်တမ်းကုန်၍ သေခြင်း)

(၂) ကမ္မက္ခယ (ကံကုန်၍ သေခြင်း)

(၃) ဥဘယက္ခယ(သက်တမ်းနှင့်ကံကုန်၍ သေခြင်း)

(၄) ဥပစ္ဆေဒက (အသက်နှင့်ကံ ရှိသေးသော်လည်း ဥပစ္ဆေဒကကံကြောင့် သေခြင်း) တို့ဖြစ်၏။

ဇာတိတည်းဟူသော မွေးဖွားခြင်းဟူ၍ ရှိလျှင် ဇရာတည်းဟူသော အိုမင်းရင့်ရော်ခြင်းရှိကာ မရဏဟူသော သေဆုံးခြင်းရှိမည်မှာ ဓမ္မတာပေတည်း။ သို့ဖြစ်ရကား ကျွန်ုပ်တို့ လူသားများအနေဖြင့် မအိုမီ၊ မနာမီ၊ မသေမီ လောကီအကျိုး၊ လောကုတ္တရာ အကျိုးသယ်ပိုးစွမ်းဆောင်နိုင်ရန် ကြိုးစားအားထုတ်သင့်ကြသည်ဟု ကျွန်ုပ် တွေးတောမိလေသည်။

## မင်းစည်းစိမ်ဟူသည်

ထိုမှတစ်ပါး ကျွန်ုပ်ပိုင်းခြား ဝေဖန်မိသည်မှာကား ဧကရာဇ်မင်းစည်းစိမ်ပေတည်း။

အကြွင်းမဲ့ အာဏာရှင် ဘုရင်စနစ် ကျင့်သုံးသော ရှေးဟောင်းရာဇဝင်များတွင် ဖော်ကျူးအပ်သည်ကား မင်းစည်းစိမ်ဖြစ်၏။

ဥတုသုံးပါးနှင့် လျော်သော ပြာသာဒ်သုံးဆောင်ဝယ် ကြီးကျယ်သော စည်းစိမ်ကို ခံစားရသူမှာ မင်းဖြစ်၏။ ဥယျာဉ်ကစားသွားသောကာလ စသည်တို့၌ မြားမြောင်လှသော ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ခြေသည်သူရဲတို့က ခြံရံကာ လိုက်ပါကြရကုန်သည်မှာ မင်းဖြစ်၏။ အရေအတွက်များပြားလှသော ကချေသည် နန်းတွင်းသူ အမျိုးသမီးအပေါင်းတို့က စည်၊ စောင်း၊ ပတ်သာ၊ တူရိယာတို့ကို ထီးမှုတ်၍ မငြီးငွေ့ကြောင်း ဖျော်ဖြေမှုကို ခံယူသည်မှာ မင်းပင်ဖြစ်၏။

ဤသို့ ကြီးကျယ်သော စည်းစိမ်ချမ်းသာ တန်ခိုးအာဏာနှင့် ပြည့်စုံသူပင်ဖြစ်စေ နောက်ဆုံးတွင် ကံတော်ကုန်ရသည်မှာ ဓမ္မတာဖြစ်ပြီး ရာထူးဂုဏ်သိန် စည်းစိမ် ဥစ္စာတို့နှင့် ပြည့်စုံခြင်း (ဘောဂသမ္ပတ္တိ) ရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မည်သူမဆို၊ သတ္တဝါမှန်သမျှ မရဏသဘောအရ ဇီဝိတိန္ဒြေ အစဉ်၏ ပြတ်ခြင်းကိုတွေ့ကြုံရမည်သာတည်း။

## မရှယ်ဘဲ စော်ကဲမင်းဖြစ်

ထိုင်းဘုရင် ဘူမိဘော၏ ဘဝထုပ္ပတ်မှာ အထူးပင် ထူးခြားလှ၏ဟု ကျွန်ုပ်သတိပြုမိ၏။

ဘူမိဘောသည် မရှယ်ဘဲ စော်ကဲမင်းဖြစ်ဟူဘိသို့ပင် နောင်တော် အာနန္ဒာမဟီဒေါ လုပ်ကြံခံရပြီးနောက် ထီးနန်းအရိုက်အရာကို ဆက်ခံရသူဖြစ်သည်။ ထီးနန်းဆက်ခံစဉ်က ဘူမိဘောမှာ အသက် ၁၈ နှစ်ကျော်မျှသာရှိသေးပြီး ဆွစ်ဇာလန်နိုင်ငံ၌ ပညာသင်ယူနေချိန်ဖြစ်လေသည်။

၁၇၈၂ ခုနှစ်မှအစပြုသော 'ချက်ကရီမင်းဆက်' မှဖြစ်သည့် ဘုရင်ဘူမိဘောသည် နဝမမြောက်ရာမဘုရင်ဘွဲ့နှင့် မဟာရာဇာဘွဲ့တို့ကို ခံယူခဲ့သည်။

ဘုရင်အဖြစ် တင်မြှောက်ခံရပြီးနောက် နှစ်လအကြာတွင် ဆွစ်ဇာလန်နိုင်ငံ လော ဆိန်းတက္ကသိုလ်သို့ ပြန်သွားကာ သိပ္ပံ၊ ဥပဒေနှင့် နိုင်ငံရေးပညာရပ်တို့ကို သင်ယူဆည်းပူးခဲ့သည်။

ဘွဲ့ရရှိခဲ့ပြီးသော် ၁၉၅၁ ခုနှစ်တွင် ပြည်တော်ပြန်လာခဲ့ပြီး စိုးစံတော်မူခဲ့လေသည်။

## ချက်ကရီမင်းဆက်

ပထမမြောက် ရာမမင်းမှ အစပြုခဲ့သော ချက်ကရီမင်းဆက်သည် ဘုန်းတံခိုး အာနုဘော်ကြီးသော မင်းဆက်အဖြစ် ပြည်သူပြည်သားများက အလေးအမြတ်ပြုကြလေသည်။

ချက်ကရီမင်းဆက်၌ အမြော်အမြင်ကြီးမားသော ဘုရင်တစ်ပါးမှာ စတုတ္ထမြောက် ရာမဘွဲ့ခံဘုရင်မောင်းကွတ်ဖြစ်လေသည်။

စတုတ္ထမြောက် ရာမမင်းသည်ကား ပညာဗဟုသုတနှင့် ပြည့်စုံပြီးလျှင် ပါဠိ၊ လက်တင်၊ အင်္ဂလိပ်စသော ဘာသာစကားများကို တတ်ကျွမ်းပြီး သင်္ချာနှင့် နက္ခတ္တဗေဒတို့တွင်လည်း ဝါသနာထုံ၏။ သိပ္ပံပညာတွင်လည်း ဝါသနာကြီး၏။

ခေတ်မီတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်လာနိုင်အောင် စွမ်းဆောင်ခဲ့သူမှာ ဘုရင်မောင်းကွတ်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ 'သိပ္ပံနှင့် နည်းပညာဖခင်ကြီး' အဖြစ် ပြည်သူပြည်သားများက ပြောစမှတ်ပြုကြလေသည်။

စတုတ္ထမြောက် ရာမမင်း၏ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းချက်များကို ဆက်လက် သယ်ပိုးဆောင်ရွက်ခဲ့သူမှာ သူ၏သားတော် ပဉ္စမရာမဘွဲ့ခံဘုရင် 'ချူလာလောင်ကွန်' ဖြစ်လေသည်။

## ချူလာလောင်ကွန်

၁၈၆၈ ခုနှစ်မှ ၁၉၁၀ ပြည့်နှစ်အထိ စိုးစံခဲ့သော ပဉ္စမမြောက် ရာမဘုရင်သည် ခမည်းတော်ကဲ့သို့ ပညာလိုလားသူဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ပညာရေးကို အထူးတလည် အလေးပေးခဲ့လေသည်။

ဘုရင် ချူလာလောင်ကွန်သည် အနောက်နိုင်ငံများသို့ သွားရောက်၍ အနောက်တိုင်းသားတို့၏ ယဉ်ကျေးမှုနှင့် နည်းပညာရပ်များကို ဆည်းပူးလေ့လာခဲ့သည်။

ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ချမှတ်ဖော်ဆောင်ခဲ့သည်။

ထိုင်းနိုင်ငံကို ကိုလိုနီဘဝသို့ မကျရောက်ရေးအတွက် စွမ်းဆောင်ခဲ့ခြင်းမှာ သူ၏ သမိုင်းမှတ်တမ်းကောင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ ထူးခြားချက်မှာ အရှေ့တောင်အာရှဒေသတွင် ဥရောပအင်အားကြီးနိုင်ငံများ၏ သိမ်းပိုက်မှုနှင့် ကိုလိုနီပြုမှု လုံးဝမခံရသော နိုင်ငံအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်သည်။

'ခေတ်သစ် ထိုင်းနိုင်ငံ၏ ဖခင်ကြီး' အဖြစ် ထင်ပေါ်ကျော်ကြားသူ ချူလာလောင်ကွန်သည် အမြော်အမြင်ပြည့်ဝစွာဖြင့် နိုင်ငံကို တည်ဆောက်ခဲ့ပြီး ကာလရှည်ကြာစွာ ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်ခဲ့လေသည်။

ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ချမှတ်ဖော်ဆောင်ခဲ့လေသည်။

ထိုင်းနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် ရွှေခေတ်ဟု ခေါ်ဝေါ်ကြသည့်ကာလကို ဖြတ်သန်းခဲ့ပြီး နိုင်ငံကို စီးပွားရေးအရသာမက ယဉ်ကျေးမှုနှင့် လူမှုရေးအရပါ ပြုပြင်တည်ဆောက်ခဲ့လေသည်။

## စည်းမျဉ်းခံ ဘုရင်စနစ်သို့

ချူလာလောင်ကွန်၏သားတော် ဝဇီရာဗုသည် ဆဋ္ဌမမြောက် ရာမဘုရင်အဖြစ် ၁၉၁၀ ပြည့်နှစ်တွင် နန်းတက်ခဲ့ပြီး ၁၉၂၅ ခုနှစ်အထိ စိုးစံခဲ့သည်။

ထိုင်းအမျိုးသားရေးဝါဒကို မြှင့်တင်ခဲ့သူအဖြစ် သိရှိကြပြီး သူစိုးစံစဉ်ကာလအတွင်း ဒီမိုကရေစီသို့ ဦးတည်သော လှုပ်ရှားမှုပေါ်ထွန်းခဲ့လေသည်။

ဘုရင်ဝဇီရာဗု၏ အရိုက်အရာကို ဆက်ခံသူညီတော် သတ္တမမြောက် ရာမဘွဲ့ခံဘုရင် ဖရာဂျာဒီပေါက်၏လက်ထက်တွင် ထိုင်းနိုင်ငံသည် သက်ဦးဆံပိုင်ဘုရင်စနစ်မှ စည်းမျဉ်းခံဘုရင်စနစ်သို့ ကူးပြောင်းခဲ့လေသည်။

၁၉၃၂ ခုနှစ် ဇွန် ၂၄ ရက်တွင် စည်းမျဉ်းခံ ဘုရင်စနစ်သို့ ကူးပြောင်းခဲ့ပြီး ၁၉၃၅ ခုနှစ်တွင် ဘုရင်ဖရာဂျာဒီပေါက် ထီးနန်းကို စွန့်လွှတ်ကာ သူ၏ အရိုက်အရာကို တူတော် အာနန္ဒာမဟာမဟီဒေါက အဋ္ဌမမြောက် ရာမဘွဲ့ခံယူ၍ နန်းတက်ခဲ့သည်။

## နဝမမြောက် ရာမဘုရင်

ရွှေနန်းပြာသာဒ်တွင် မင်းစည်းစိမ်ခံနိုင်သူဖြစ်သော်လည်း စည်းစိမ်မခံစားဘဲ ပြည်သူများနှင့် နွေးထွေးစွာ ဆက်ဆံပြီး ပြည်သူ့ဝန်ကို ထမ်းရွက်ခဲ့သူအဖြစ် ပြည်သူတို့က ချစ်ခင်ရိုသေကြသူမှာ ဘုရင်ဘူမိဘော (နဝမမြောက်ရာမဘုရင်) ဖြစ်သည်။

ဘုရင်ဘူမိဘောသည် သူ၏ဘိုးတော်ကဲ့သို့ မာန်မာနကြီးမားပြီး အာဏာစက်ပြင်းသူမဟုတ်ချေ။ ဟီရိဩတပ္ပတရားရှိပြီး စိတ်နှလုံး နူးညံ့သိမ်မွေ့သူဖြစ်၏။ ခက်ထန်မောက်ကြွားမှုကင်း၏။ ပြည်သူတို့အပေါ် စာနာထောက်ထားပြီး ရိုင်းပင်းကူညီလိုစိတ်ပြည့်ဝ၏။

ဘုရင်ဘူမိဘောသည် ရွှေအိမ်စံနန်းနှင့် ကြငှန်းစံသောဘဝကို တပ်မက်ခုံမင်မှုမရှိဘဲ ပြည်သူ့အကျိုးငှာ နိုင်ငံနှင့် လူမျိုးအကျိုးရှိသည့် လုပ်ငန်းများကို သယ်ပိုးစွမ်းဆောင်ခဲ့၏။

တိုင်းခန်းလှည့်ရင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများလုပ်ကိုင်ခဲ့သူမှာ ဘုရင်ဘူမိဘောဖြစ်၏။ ဘူမိဘော တိုင်းခန်းလှည့်ရာတွင် သူနှင့်အတူ ဆရာဝန်များ၊ အင်ဂျင်နီယာများနှင့် အစိုးရအရာရှိများ လိုက်ပါလေ့ရှိပြီး ဒေသဖွံ့ဖြိုးရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက် ဆောင်ရွက်ခဲ့လေသည်။

ဘုရင်ဘူမိဘောသည် ပြည်သူ့အကျိုးကို အစဉ်လိုလားသူဖြစ်ခြင်းကြောင့် တိုင်းသူပြည်သားများ၏ နှလုံးသားတွင် အထွတ်အမြတ်ပြုရသူ မင်းတစ်ပါးအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုကြရပေသည်။

မင်းကောင်းမင်းမြတ်တို့မည်သည် ပြည်သူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ သဘောထားကာ ရာဇဓမ္မ (ရာဇဓံတရား) တည်းဟူသော မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်လေ့ရှိသည်။ ပေးလှူခြင်း၊ သီလလုံခြုံခြင်း၊ စွန့်ကြဲပေးကမ်းခြင်း၊ ဖြောင့်မတ်ခြင်း၊ စိတ်နှလုံးနူးညံ့ခြင်း၊ ခြိုးခြံသောအကျင့်ရှိခြင်း၊ အမျက်ဒေါသမထွက်ခြင်း၊ ပြည်သူကို မညှဉ်းဆဲခြင်း၊ သည်းခံထွေထွေရှိခြင်း၊ ပြည်သူနှင့် မဆန့်ကျင်ခြင်း တည်းဟူသော ရာဇဓံတရားကို ကျင့်သုံးသူ မင်းကောင်းမင်းမြတ်ဟူသမျှကို ပြည်သူပြည်သားအပေါင်းတို့က ထာဝစဉ်ချစ်ခင်ကြည်ညို ရှိလိမ့်မည်ဟု တွေးတောမိရင်း "ရာဇဓံတရား ကျင့်ကြံပွား တိုင်းကားပြည်ရွာ သာယာသည်" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

# ရပ်ကွက်များအတွင်း နိုင်ငံခြားသားဝင်ရောက်နေထိုင်သည်ကိုတွေ့ရှိပါက သတင်းပို့ရန်လိုအပ်

**မုံရွာ အောက်တိုဘာ ၁၅**

ရပ်ကွက်ကျေးရွာများအတွင်း တရားမဝင်နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ကြောင်း သိရှိပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများအနေဖြင့် သက်ဆိုင်ရာနယ်မြေရဲကင်းများ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တိုင်ကြားသွားရန်လိုကြောင်း အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ ချပြရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

"တစ်ဖက်နိုင်ငံများမှ နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှု၊ ၁၉၄၈ ခုနှစ်နိုင်ငံသားများ မှတ်ပုံတင် ဥပဒေ၊ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး ချုပ်နှောင်ခြင်းဥပဒေ၊ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှု ကြီးကြပ်ရေး လတ်တလော ပြဋ္ဌာန်းချက်များ အက်ဥပဒေများ၊ ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေနှင့်အညီ နိုင်ငံတော်လုံခြုံရေးအတွက် အမျိုးသားရေး စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ တာဝန်ရှိကြောင်း။

'လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး နိုင်ငံသားများ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို အခြေခံပြီး နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်လာသည်ကို ဗီဇာစည်းကမ်းချက်များနှင့်အညီ စနစ်တကျထိန်းသိမ်း ကြပ်မတ်သွားရမည့် တာဝန်ရှိသလို ပြည်ပက တရားမဝင်ခိုးဝင်လာတဲ့ နိုင်ငံခြားသားများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ ပြည်သူများကလည်း ပူးပေါင်းဖော်ထုတ် ပိတ်ဆို့ဖမ်းဆီးတရားစွဲဆိုခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းတို့ကိုလည်း နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အနေဖြင့် မိမိတို့ရပ်ကွက်များအတွင်း နိုင်ငံခြားသားများ ရောက်ရှိနေထိုင်သည်ကို တွေ့ရှိပါက စိစစ်အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာနယ်မြေရဲကင်းနဲ့ လဝကရုံးဝန်ထမ်းများကို အချိန်နှင့်တစ်ပြေးညီ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဆက်သားနည်းဖြင့်သော်လည်းကောင်း သတင်းပို့ တိုင်ကြားသွားကြဖို့လိုကြောင်း" ဖြင့် ပြောကြားသည်။

အဆိုပါရှင်းလင်းပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံခြားသားများ မှတ်ပုံတင်ရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ သိကောင်းစရာများဟောပြောခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော ပုဂ္ဂလိကရေယာဉ် အသင်းများ၊ မော်တော်ယာဉ်အသင်းများ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောရှုပ်ထွေးမှု လျော့နည်းစေရေး မီးပွိုင့်များတပ်ဆင်မည်

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ အင်ဂျင်နီယာများသည် မန္တလေးမြို့တော်အတွင်း ပြည်သူများသွားလာမှု အဆင်ပြေစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောရှုပ်ထွေးမှုလျော့နည်းစေရေးတို့အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Dream Light Technology Co. Ltd တို့ပူးပေါင်းဆောင်ရွက်၍ ဗဟိုထိန်းချုပ်ခန်းနှင့် ဆက်သွယ်ထားသည့် Real Time Traffic Light မီးပွိုင့် ၁၀ ခု အား ၂၀၁၇ ခုနှစ် မတ်လအတွင်း နောက်ဆုံးထားကာ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ ၂၀၁၆ - ၂၀၁၇ ခုနှစ်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာပါ။ အဓိက မိန်းလမ်းမကြီးနဲ့ လမ်းဆုံနေရာတွေမှာ တပ်ဆင်သွားမှာပါ။ တပ်ဆင်မယ့်မီးပွိုင့်ကလည်း ၁၀ ခုပါ။ ဘတ်ဂျက်အရ လျာထားငွေကျပ် သိန်းပေါင်း ၁၁၀၀၀ ကျော်ကို အသုံးပြုသွားမှာပါ။ ယာဉ်ကြောကျပ်တည်းနေတဲ့ နေရာတွေကလည်းများနေတော့ အခုလို တင်ဒါခေါ်ယူပြီး လုပ်ဆောင်ခဲ့တာပါ" ဟု အဆောက်အအုံနှင့် ကုန်ရုံဌာနမှ အော်ပရေတာ အင်ဂျင်နီယာ ဒေါ်နှင်းသီတာကို ကပြောသည်။

အဆိုပါ sensor စနစ်သုံး မီးပွိုင့် ၁၀ ပွိုင့် မတပ်ဆင်မီ လက်ရှိ မြေပြင်အခြေအနေနှင့် တပ်ဆင်ရန် လိုအပ်သည့် ထပ်မံပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း လမ်းတံတားဌာနမှ တာဝန်ရှိသူများ၊ အဆောက်အအုံဌာနမှူးနှင့် Dream Light Technology Co., Ltd တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြီးခဲ့သည့် ၂၀၁၅ - ၂၀၁၆ ခုနှစ်ကလည်း အလားတူ Real Time Traffic Light မီးပွိုင့် ၁၁ ခုကို တပ်ဆင်ပေးထားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် တပ်ဆင်မည့် Real Time Traffic Light မီးပွိုင့်များကို ၃၅ လမ်းနှင့် ၇၇ လမ်းဆုံ၊ ၃၅ လမ်းနှင့် ၇၃ လမ်းဆုံ၊ ၃၅ လမ်းနှင့် ၆၆ လမ်းဆုံ၊ ၃၅ လမ်းနှင့် ၆၂ လမ်းဆုံ၊ လမ်း ၃၀ နှင့် ၇၈ လမ်းဆုံ၊ လမ်း ၃၀ နှင့် ၇၃ လမ်းဆုံ၊ လမ်း ၃၀ နှင့် ၆၆ လမ်းဆုံ၊ လမ်း ၃၀ နှင့် ၆၂ လမ်းဆုံ၊ ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ၊ ၂၆ လမ်းနှင့် ၆၆ လမ်းဆုံ စသည့်နေရာများတွင် တပ်ဆင်သွားမည်ဖြစ်သည်။

ညပိုင်းတွင် ပြည်သူများ အန္တရာယ်ကင်းစွာသွားလာမှု လွယ်ကူစေရေးအတွက် လမ်းမီးများ တပ်ဆင်ပေးခြင်း၊ လိုအပ်သောနေရာများတွင် မီးလုံးများ အစားထိုးလဲလှယ်ပေးခြင်း လုပ်ငန်းများကို တာဝန်ခံအင်ဂျင်နီယာများက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်မင်းထွန်း(မန္တလေး)**

## ပုဗ္ဗသီရိမြို့နယ်တွင် စက်ရေတွင်း(တွင်းနက်)တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာအုပ်စု အောင်သုခကျေးရွာ စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ပုဗ္ဗသီရိမြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဦးစည်သူအောင်၊ ဒုတိယဦးစီးမှူးဦးရန်နိုင်ရွှေနှင့် ကျေးလက်ဝန်ထမ်းများမှ အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေး သည်။

ပုဗ္ဗသီရိမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလရန်ပုံငွေဖြင့်၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ရေရရှိရေးလုပ်ငန်းအနေဖြင့် အောင်သုခကျေးရွာအုပ်စု၊ အောင်သုခကျေးရွာနှင့် ညောင်လူးကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာတို့တွင် စက်ရေတွင်း(တွင်းနက်) တစ်တွင်းစီ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းများအား တင်ဒါအောင်မြင်ခဲ့သော Asia Scenery Co.,Ltd မှတာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ **ရွှေရဲရင့်**



## အသက်မွေးဝမ်းကျောင်းပညာ အထောက်အကူပြုသင်တန်းဖွင့်

**မော်လမြိုင် အောက်တိုဘာ ၁၅**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် အောက်တိုဘာ ၁၁ ရက်က ရေးမြို့နယ် ဘေးလမိုင်းကျေးရွာတွင် ပြုလုပ်သော အသက်မွေးဝမ်းကျောင်းပညာအထောက်အကူပြုသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအား စစ်ဆေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အာယုတောင်-တောင်ဘုံလမ်း၊ ဟဂံ-ကော့လှိုင်-ဆင်ကူးလမ်း၊ ကျုံလောင်း-ကျောက်မိချောင်းလမ်း ကတ္တရာ လမ်းလုပ်ငန်းများ မစတင်မီ မြေပြင်အခြေအနေများ ပြင်ဆင်ပြီးမှ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးမှာကြားပြီး ကော့လှိုင်ကျေးရွာ၌ မြစိမ်းရောင်ချေးငွေဖြင့် ကြက်မွေးမြူရေးတိုးချဲ့ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဥတ္တရသီရိမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ကျေးရွာမြေငှားဂရန်များပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် ဥတ္တရသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဝန်ထမ်းများသည် အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီမှ စတင်၍ ဥတ္တရသီရိမြို့နယ်၊ ဝက်စုကျေးရွာသို့ သွားရောက်၍ Mobile Team ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) Mobile Team ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ငါးနှစ်အောက်ကလေးငယ်များအား မွေးတိုးဆောင်ရွက်ပေးခြင်းနှင့် သေဆုံးသူ အမည်စာရင်းပယ်ဖျက်ပေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ အမှန်တကယ်နေထိုင်ကြောင်း၊ ပြစ်မှုကင်းရှင်း ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးပေါင်ချိန်ခြင်း၊ ရောဂါစစ်ဆေးခြင်းဖြင့် သွေးတိုးရောဂါ၊ သာမန်အအေးမိရောဂါများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါ ကျေးရွာရှိ ဓမ္မာရုံတွင်လည်း မြို့နယ်များအလိုက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ပြီး မြေယာအရှုပ်အရှင်းကင်းသော သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီသည့် အိမ်ခြေများအား မြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ပြုလုပ်ရာ နေပြည်တော်ကောင်စီ အတွင်းရေးမှူး၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်က မြေငှားဂရန်များ ထုတ်ပေးရခြင့်နှင့် ပတ်သက်သည့်ကိစ္စရပ်များအား ကျေးလက်နေပြည်သူများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက မြေယာဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့်မြေငှားဂရန် (၄၄)ခုကို ကျေးရွာနေပြည်သူများထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး မြေငှားဂရန်ရရှိသူ ပြည်သူများကိုယ်စား ဦးလှဦးကလည်း "ယခုလို ကျေးလက်နေပြည်သူများ၏ နေအိမ်ဝိုင်းခြံမြေများအား ခိုင်မာသည့် အထောက်အထား ဖြစ်သော မြေငှားဂရန်ရရှိရေး၊ မိမိနေအိမ်ဝိုင်းခြံမြေများအလိုက် ပိုင်ဆိုင်မှုဧရိယာ သတ်သတ်မှတ်မှတ် သိရှိရေးတို့အတွက် အခက်အခဲမရှိအောင် စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုအပေါ် အားလုံးကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

**ဥတ္တရခရိုင်ပြန်/ဆက**

■



## သွားလာမှုအဆင်ပြေစေရေးဘောလခဲမြို့ရေနီပေါက်ကျေးရွာ၌ ပွန်ချောင်းကြိုးတံတားဖွင့်

**ဘောလခဲ အောက်တိုဘာ ၁၅**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့၌ အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက ရေနီပေါက်ကျေးရွာ ပွန်ချောင်းကြိုးတံတားဖွင့်ပွဲအခမ်းအနားကို ရေနီပေါက်ကျေးရွာရှိ အဆိုပါတံတား၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ဘောလခဲခရိုင် မဲဆန္ဒနယ်အမှတ် (၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်းက တံတားဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း၊ တံတားအလှူရှင် JKT မှ ဦးဂျွန်သန်းမျိုးကျော်သောင်း(ကိုယ်စား) တစ်ဦးနှင့် မနန်းဟိန်းခမ်းတို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကြိုးတံတားမှာ ရေနီပေါက်ကျေးရွာအပြင် နီးစပ်ရာကျေးရွာများမှ ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက်များစွာအဆင်ပြေပြီး အထောက်အကူပြုကြောင်း ရေနီပေါက်ကျေးရွာမှ ဦးအောင်မြင့်က ပြောကြားသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ယင်းမာပင်မြို့၌ မြေအောက်ရေဆိုင်ရာအသိပညာပြန့်ပွားရေးဆွေးနွေးပွဲကျင်းပ

**ယင်းမာပင် အောက်တိုဘာ ၁၅**

ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းမြစ်) ၏ ယင်းမာပင်ဒေသ ရေလှောင်ဇုန်ထိန်းသိမ်းရေးနှင့် မြေအောက်ရေဆိုင်ရာ အသိပညာပြန့်ပွားရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးငွေးလွင်၊ တိုင်းဒေသကြီးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစံပေါ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ခရိုင်ရုံးလက်ထောက်ညွှန်ကြားရေးမှူးဦးတင်ဝင်းက နိုင်ငံတော်ကရေလှောင်တွင်းများ၊ ရေလှောင်ကန်များ တည်ဆောက်ပေးထားတဲ့ ယင်းမာပင် ရေလှောင်ဇုန်ကြီး ထာဝရ တည်မြဲရေး ၉၉ ကန် စီမံကိန်း ပြန်လည်သက်ဝင်လှုပ်ရှားလာရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပုဂ္ဂလိက ကိုယ်ပိုင်တွင်းများကို အသုံးမပြုတဲ့အခါ စနစ်တကျနဲ့ စည်းကမ်းရှိရှိ တိုင်ထောင်ပိတ်ဆို့ထားရှိရေးဆောင်ရွက်ကြဖို့ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ လွှတ်တော်အဆင့်ဆင့်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဒေသခံတောင်သူလယ်သမားများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ **မေသရဖူဖူး**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာရေးအင်္ဂါရပ်နှင့်အညီ သီတင်းကျွတ်မီးထွန်းပွဲတော်နီးကပ်လာပြီဖြစ်၍ လူအများအနားယူအပန်းဖြေရာပန်းခြံများ၊ လမ်းဆုံလမ်းခွများရှိ မီးတိုင်များတွင် ရောင်စုံမီးအလှများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အောက်တိုဘာ ၁၂ ရက်က လိုက်လံတပ်ဆင်ပေးလျက်ရှိကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- သူရကိုကို

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ 'ဘဝရှင်သန်နေထိုင်ဖို့ ဘေးအန္တရာယ် အသိမှုဝေစို့' ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်နံနက်၉ နာရီက ထားဝယ်မြို့မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၆၄/၂၀၀)အရ နှစ်စဉ် အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိကာ မြန်မာနိုင်ငံတွင်လည်း အဆိုပါအခမ်းအနားကို ၂၀၁၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်အဆင့် အခမ်းအနား တစ်ခုအနေဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ကျင်းပခဲ့ရာ ယခု ၂၀၁၆ ခုနှစ်တွင် စတုတ္ထအကြိမ်ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း မီးဘေးခုနစ်ကြိမ်၊ လေဘေး လေးကြိမ်၊ ရေဘေး ငါးကြိမ်၊ မိုးကြိုးဘေးတစ်ကြိမ်၊ မြေပြိုဘေးနှစ်ကြိမ် စုစုပေါင်း ၁၉ ကြိမ် ဖြစ်ပွားခဲ့ပြီး အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက သဘာဝဘေးဖြစ်ပွားမှု အနည်းဆုံးတွင် ပါဝင်ခဲ့သော်လည်း သဘာဝဘေးအား ကြိုတင်တွက်ဆမရသဖြင့် ကမ်းရိုးတန်းဒေသများပြားသည့်အတွက် သဘာဝဘေး လျော့ပါးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်နှင့် လူတစ်ဦး တစ်ယောက်ချင်းစီက တာဝန် သိစိတ်ဖြင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကာ ဘေးကင်းလုံခြုံသော ကမ္ဘာကြီးကို တည်ဆောက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရ လူမှုရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဟိုပင်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး သဘာဝဘေးလျော့ပါးရေးအတွက် အသိပညာပေး ဗီဒီယိုမှတ်တမ်းများကို ပြသခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်ပြခန်းများလည်း ပြသထားရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

## မြစ်မိမ်းရောင်စီမံကိန်းစာရင်းဇယားများစနစ်တကျရှိစေရေးကွင်းဆင်းစစ်ဆေး

**မြစ်သား အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွှေပေါက်ကျွန်းနှင့် တလိုင်းကုန်းကျေးရွာတို့တွင်နိုင်ငံတော်အစိုးရ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃၀၀ စီဖြင့် ကျေးရွာနေ ပြည်သူများလူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး၊ ငွေစာရင်းဆိုင်ရာများ စနစ်တကျရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းစာရင်းဇယားများအား အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းသိုက်၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်နှင့် အဖွဲ့ဝင်များက ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များအား အရင်းမပျောက် လည်ပတ်ငွေများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ၏ စာရင်းစစ်ဆေးမည့်ပုံစံများ၊ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ပေါင်းစပ်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## လှိုင်ကော်၌ အစေ့ထုတ်ပြောင်းဈေးကွက်ဆိုင်ရာ ဆွေးနွေးညှိနှိုင်း

**လွိုင်ကော် အောက်တိုဘာ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကယားပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ အစေ့ထုတ်ပြောင်းဈေးကွက်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းသည့် အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီက လွိုင်ကော်မြို့ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က ပြောင်းစိုက်တောင်သူများအနေဖြင့် ယခုကဲ့သို့ပြောင်းဈေးနှုန်း မတည်ငြိမ်မှုကြောင့် အခက်အခဲဖြစ်ပေါ်နေသည့်အတွက် Work-shop ခေါ်ယူဆွေးနွေးရခြင်းဖြစ်ပြီး လက်ရှိကြုံနေရသည့် ပြောင်းဈေးနှုန်းနှင့် နောင်တစ်ချိန်တွင် ကြုံလာခဲ့လျှင် အကောင်းဆုံးရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ဆွေးနွေးအကြံပြုကြစေလိုကာ ယင်းသို့အကြံပြုဆွေးနွေးမှုများကိုလည်း နိုင်ငံတော်အဆင့်ထိ တင်ပြသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက ပြောင်းဈေးကွက် အခြေအနေများကို နှစ်အလိုက်နှိုင်းယှဉ်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ပြောင်းစိုက်တောင်သူ တစ်ဦးချင်းစီကငင်းတို့ကြုံတွေ့နေရသော အခက်အခဲများနှင့် ကောင်းမွန်သော အကြံပြုဆွေးနွေးချက်များအား အသီးသီးတင်ပြခဲ့သည်။

ဆွေးနွေးပွဲတွင် ပြောင်းစိုက်တောင်သူများက ပြောင်းဈေးကောင်းရရှိနိုင်ရန် အရည်အသွေးပြည့်မီသော ပြောင်းများထွက်ရှိဖို့ လိုအပ်ပြီး ယင်းသို့ အရည်အသွေးပြည့်မီရန် မှန်ကန်သည့် မျိုးကောင်းမျိုးသန့် ပြောင်းမျိုးစိတ်များရရှိရန်လိုအပ်ကာ သုံးစွဲမည့်မြေသြဇာမှာလည်း အသိအမှတ်ပြုမှတ်ပုံတင်ပြီး အာမခံပေးနိုင်သည့် မြေသြဇာဖြစ်ရန်လိုအပ်ကြောင်း တင်ပြခဲ့သည်။

ကယားပြည်နယ်၏ အဓိကပို့ကုန်မှာ အစေ့ထုတ်ပြောင်းဖြစ်ပြီး၊ ယခင်နှစ် ပြောင်းရိတ်သိမ်းပြီးစအချိန်တွင် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ အထက်တွင်ရှိပြီး ယခုနှစ်တွင် ငွေကျပ်၂၇၀ သာ ရှိသည်။ **ကိုစိုင်း (လွိုင်ကော်)**

## စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကလေးငယ်များ လွဲမှားသော အတုယူမှုဖြင့် လမ်းမှားမရောက်စေရန် စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုမရှိစေရေး အတွက် မုန့်ဆိုင်များသို့ လိုက်လံကာ ကွင်းဆင်းစစ်ဆေးမှုကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများကို ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များ စားသုံးပြီး အတုမြင်အတတ်သင်ဆိုသကဲ့သို့ ဆေးလိပ်သောက်ခြင်း အမူအကျင့် မရရှိစေရန်အတွက် စစ်ဆေးပေးခြင်းဖြစ်ပြီး ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် စည်ပင်သာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းကာ ဝါးခယ်မမြို့နယ် စည်ပင်သာယာဈေးအတွင်းရှိ မုန့်မျိုးစုံရောင်းချသော ပင်ရင်းဆိုင်များအား စစ်ဆေးခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**



## NRC အဖွဲ့မှ ကမ္ဘာ့လက်ဆေးပွဲတော်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပလောက် အောက်တိုဘာ ၁၅**

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လက်ဆေးပွဲတော် (Global Hand Washing Day Campagin) နေ့အထိမ်းအမှတ် အခမ်းအနားကို ပလောက်မြို့ အမှတ်(၃) ရပ်ကွက် ဖိုးပြန်ကုန်း မူလတန်းကျောင်း၌ NRC (NORWEGIAN REFUGEE COUNCIL) အဖွဲ့က အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် အမှတ် (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဖိုးပြန်ကုန်း မူလတန်းကျောင်းမှ တာဝန်ခံ ဆရာမဒေါ်ခင်သူဇာနွေက တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် ကျန်းမာရေးအကြောင်းအရာများ ဟောပြောခဲ့သည်။

ဆက်လက်၍ NRC အဖွဲ့မှ ဆရာမ ဒေါ်လှလှဝင်းက 'အကျင့်လုပ်ကာလက်ဆေးပါ ကျန်းမာစေဖို့ရာ' ဆောင်ပုဒ်အတိုင်း လက်ဆေးနည်းကဗျာ၊ စနစ်တကျ လက်ဆေးပုံ၊ လက်ဆေးခြင်း၊ လက်ပုံနှိပ်ခြင်းများကို ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသူ၊ ကျောင်းသားများအား လက်တွေ့သရုပ်ပြ ရှင်းပြခဲ့သည်။

အခမ်းအနားသို့တက်ရောက်လာသည့် ဆွေခံပြည်သူများနှင့် ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၇၅ ဦးအား ကိုယ်တိုက်ဆပ်ပြာ၊ နို့ပုံး၊ မုန့်၊ လက်သည်းညှပ်များဝေငှပေးခဲ့ပြီး လူကြီးအားကစားပွဲ၊ ကလေးအားကစားပွဲများ ဆောင်ရွက်ပေး၍ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ပလောက် (ပြန်/ဆက်)**

# စားနပ်ရိက္ခာဖူလုံဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့

armifonifpDif(wref[mif



သက်ရှိလူသားများအတွက် အခြေခံလိုအပ်ချက်သည် စား၊ ဝတ်၊ နေရေးပင်ဖြစ်သည်။ ထိုလိုအပ်ချက် သုံးမျိုးအနက် အာဟာရပြည့်ဝသော အစားအသောက်ရရှိရန်သည် လူသားတို့အတွက် အသက်တမျှပင် အရေးပါလှသည်။

မြန်မာ့လူမှုအသိုက်အဝန်းတွင် "ရေအသက်တစ်နံနက် ထမင်းအသက်ခုနစ်ရက်" ဆိုသောစကားကို တွင်ကျယ်စွာသုံးနှုန်း ပြောဆိုလက်ခံထားကြသည်။ လူတစ်ဦးသည် ကျန်းမာစွာနေထိုင် ရှင်သန်ရပ်တည်နေနိုင်ရန်အတွက် စားနပ်ရိက္ခာဖူလုံမှုရှိနေရန် လိုအပ်သည်။ အာဟာရပြည့်ဝစွာဖြင့်ရှင်သန် ကြီးထွားလာသော လူတစ်ဦးသည် ရုပ်ပိုင်းတွင်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကြံ့ခိုင်သည့်အပြင် ဦးနှောက်ပါ ဖွံ့ဖြိုး တိုးတက်လေ့ရှိသည်။ အကျိုးဆက်အနေဖြင့် ထိုလူသည် ကျန်းမာတိုးတက်သောဘဝကို ပိုင်ဆိုင်ကာ သက်တမ်းစေ့နေထိုင်နိုင်သည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကနေဒါနိုင်ငံ Quebec မြို့၌စတင်ဖွဲ့စည်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ထိုနေ့ရောက်ရှိချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများကျင်းပကြသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်သည့် အကြိမ်(၂၀)မြောက် FAO ညီလာခံ၌ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပ သွားရန်အကြံပြုဆွေးနွေးခဲ့ကြသည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူ လုံးဝပပျောက်ရေး ကောင်းမွန်သောရည်မှန်းချက်ဖြင့် ထိုနေ့ကို ကျင်းပလျက်ရှိကြသည်။

ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၈၀၅ သန်းအနက် ကိုးဦးတွင် တစ်ဦးသည် ကာလရှည်ကြာ ဆာလောင် မွတ်သိပ်မှုဒဏ်ကို ကြုံတွေ့ခံစားရလျက်ရှိသည်ဟုဆိုသည်။ ကမ္ဘာပေါ်တွင် ဆာလောင်မွတ်သိပ်မှုဒဏ် ခံစားနေရသူများအနက် ၆၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ ကမ္ဘာတစ်ဝန်းတွင် အာဟာရချို့တဲ့မှုနှင့် ဆက်နွယ်သောရောဂါများကြောင့် နှစ်စဉ် အသက်ငါးနှစ်အောက် ကလေးငယ် ငါးသန်းခန့် အသက်ဆုံးရှုံးနေကြရသည်။ ဆင်းရဲသောနိုင်ငံများရှိ ကလေးငယ် ၁၀ ဦးတွင် လေးဦးသည် အာဟာရချို့တဲ့မှု ကြောင့် ကိုယ်ခန္ဓာနှင့် ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များ ကမောက်ကမဖြစ်နေကြရသည်။

မည်သို့ပင်ဆိုစေကာမူ လူသားတိုင်းသည် ဆာလောင်မွတ်သိပ်မှုကင်းဝေးပြီး လုံလောက်သော စားနပ်ရိက္ခာဖူလုံမှုရရှိရန် အခြေခံအခွင့်အရေးများရှိကြသည်။ လူသားအားလုံးသည် အစားအသောက်ဝယ်ယူနိုင်သည့် လုံလောက်သောဝင်ငွေရရှိနေမှသာ စားနပ်ရိက္ခာဖူလုံသည့် အခွင့်အရေးကို အပြည့်အဝရရှိနိုင်ကြမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဖူလုံရေး ရည်ရွယ်လျက် ကမ္ဘာ့ခေါင်းဆောင်များသည် အလွန်အမင်းဆင်းရဲမွဲတေမှုနှင့် ဆာလောင်မွတ်သိပ်မှု ပပျောက်ရေးအတွက် ၂၀၀၀ ပြည့်နှစ်ကတည်းက ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။



ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် စားနပ်ရိက္ခာ ဖူလုံမှုရှိသင့်သည်။ အစာအာဟာရချို့တဲ့သူများသည် လေ့လာသင်ယူနိုင်စွမ်းခက်ခဲခြင်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်း၊ မကြာခဏဖျားနာကြသည့်အပြင် သက်တမ်းလည်းတိုကြသည်။ အာဟာရချို့တဲ့မှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုံးရှုံးမှု ကုန်ကျစရိတ်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံအထိရှိသည်။ ထို့အပြင် ဆာလောင်မွတ်သိပ်မှုသည် ကမ္ဘာလုံးဆိုင်ရာမလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာပေါ်တွင် ဓနအင်အားကြွယ်ဝသော နိုင်ငံများအနက်တစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၌ပင်လျှင် လူ ခုနစ်ဦးလျှင် တစ်ဦးသည် လုံလောက်သော အစာအာဟာရမရရှိသေးဟု သိရှိရသည်။ ဆိုလိုသည်မှာ တိုင်းပြည်လူဦးရေ၏ ၁၄ ဒသမ ၃ ရာခိုင်နှုန်းသည် လုံလောက်သော အစာအာဟာရ လိုအပ်လျက်ရှိသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ အစွန်းရောက်ရာသီဥတုများ၊ စစ်ပွဲများ၊ ပဋိပက္ခများနှင့် ဘဏ္ဍာရေးအကျပ်အတည်းများသည် စားနပ်ရိက္ခာဖူလုံစွာ ရရှိနိုင်ရေးကို အဟန့်အတားများဖြစ်နေသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူ မရှိစေရေးအတွက် လူသားအားလုံး ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိသည်။

လူသားအားလုံး အစာအာဟာရ ပြည့်စုံဖူလုံနေမည်ဆိုလျှင် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်-

(၁) စားနပ်ရိက္ခာဖူလုံခြင်းသည် နှစ်စဉ်ကမ္ဘာတစ်ဝန်းရှိ ကလေးငယ် ၃ ဒသမ ၁ သန်း၏အသက်များကို ကယ်တင်နိုင်မည်ဖြစ်သည်။
(၂) အာဟာရပြည့်ဝသောမိခင်များသည် ရောဂါဒဏ်ကာကွယ်နိုင်သည့် ကိုယ်ခံအားစနစ်များပါ ရှိသော ကျန်းမာရေးကောင်းမွန်သည့် ကလေးငယ်များအား မွေးဖွားပေးနိုင်သည်။
(၃) အာဟာရချို့တဲ့သူ ကလေးသူငယ်များ ပပျောက်အောင် ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ GDP အား ၁၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာစေနိုင်သည်။
(၄) ဆာလောင်မွတ်သိပ်မှု ကာကွယ်တားဆီးနိုင်ရေးတွင် အမေရိကန် ၁ ဒေါ်လာရင်းနှီးမြှုပ်နှံခြင်းသည် အမေရိကန် ၁၅ ဒေါ်လာမှ ၁၃၉ ဒေါ်လာအထိ အကျိုးအမြတ် ပြန်လည်ရရှိစေနိုင်သည်။
(၅) ငယ်စဉ်ဘဝတွင် သင့်တင့်လျောက်ပတ်သော အာဟာရကျွေးမွေးထားခြင်းသည် ဘဝတစ်လျှောက်လုံးတွင် ဝင်ငွေ ၄၆ ရာခိုင်နှုန်း ပိုမိုရှာဖွေနိုင်သည်။
(၆) သံဓာတ်ချို့ယွင်းမှုအားနည်းအောင် ဆောင်ရွက်ခြင်းသည် လုပ်ငန်းခွင်ကုန်ထုတ်စွမ်းအားကို ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေနိုင်သည်။
(၇) အာဟာရချို့တဲ့မှုနှင့်ဆက်စပ်သော ကလေးသူငယ်သေဆုံးမှုနှုန်း လျော့နည်းပပျောက်အောင် ဆောင်ရွက်ခြင်းသည် လုပ်သားအင်အား ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာစေနိုင်သည်။
(၈) အာဟာရချို့တဲ့သူမရှိခြင်းသည် လူသားတိုင်းအတွက် ပိုမိုဘေးကင်းလုံခြုံသာယာဝပြောသော ကမ္ဘာကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်သည် "Climate is changing. Food and agriculture must too" ဖြစ်သည်။ ဆောင်ပုဒ်၏အနီးစပ်ဆုံးအဓိပ္ပာယ်သည် ရာသီဥတု ပြောင်းလဲဖောက်ပြန်နေသောကြောင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန် လိုအပ်ကြောင်းကို မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

လူသားတို့သည် အတောမသတ်နိုင်သောဆန္ဒများကို ရှေ့တန်းတင်ကာ သဘာဝသစ်တောများအား အလွန်အကျွံခုတ်ထွင်ခြင်း၊ ဓာတုပစ္စည်းများအား မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်းသို့ တာဝန်မဲ့စွန့်ပစ်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု များပြားလာခြင်းတို့ကြောင့် အစွန်းရောက်ရာသီဥတုများ ဖြစ်ပေါ်လာသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များအား နှစ်စဉ်ကြုံတွေ့ ခံစားနေကြရသည်။ မိုးခေါင်၊ ရေကြီးဒေသများတွင် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးကြရသဖြင့် စားနပ်ရိက္ခာပြတ်လပ်မှုကို ကြုံတွေ့ခံစားနေကြရသည်။ ထိုအကျိုးဆက်ကို နိုင်ငံအားလုံးခံစားနေကြရပြီ ဖြစ်သည်။ ထို့ကြောင့်စားနပ်ရိက္ခာဖူလုံရေးအတွက်အခြေခံအကြောင်းတရားသည် ရာသီဥတုညီညွတ်မျှတမှုပင်ဖြစ်သည်။ သင့်တင့်မျှတသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့အပေါ်တွင် အပြန်အလှန်တည်မှီလျက်ရှိသည်။

အနာဂတ်တွင် ကမ္ဘာ့ပြည်သူများအားလုံး စားနပ်ရိက္ခာဖူလုံရေးအတွက်အစီအမံများချမှတ်ကာ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။ အထူးသဖြင့်ရာသီဥတု ရုတ်ခြည်း ပြောင်းလဲဖောက်ပြန်မှု၊ ဂေဟစနစ်ပျက်စီးမှုတို့ကို ကာကွယ်နိုင်မည့် ရေတို၊ ရေရှည်အစီအမံများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ကာ ကမ္ဘာ့သူ၊ ကမ္ဘာ့သားအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရေးတကြီး လိုအပ်နေပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်စေသည့် ပြုမူလုပ်ဆောင်ချက် မှန်သမျှကို ကြိုတင်ကာကွယ် တားဆီးရေး အစီအမံများ၊ ပဋိညာဉ်များ၊ ဥပဒေများချမှတ်ဆောင်ရွက်သွားရန်လည်း လိုအပ်နေပြီဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများအပေါ် ဆိုးကျိုးများသက်ရောက်စေလျက်ရှိသည်။ ထိုဆိုးကျိုးများကို ကာကွယ်နိုင်ရန်အတွက် လူသားအားလုံးသည် ရာသီဥတုညီညွတ်မျှတ မှန်ကန်နေစေရန် သဘာဝပတ်ဝန်းကျင်အပေါ် တန်ဖိုးထားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူသွားရမည်ဖြစ်သည်။ လူသားတို့သည် လတ်တလော ကိုယ်ကျိုးစီးပွားကိုသာရှုမြင်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လွန်ကဲစွာထုတ်လွှတ်ခြင်း၊ သစ်ပင်သစ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲရောင်းချခြင်းနှင့် မြစ်၊ ချောင်းများ တိမ်ကောအောင် မိုက်မဲစွာ စွန့်ပစ်သုံးစွဲခြင်း စသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဖြစ်စေနိုင်သော လုပ်ရပ်များကို သတိရှိရှိဖြင့် ရှောင်ရှားသွားရန် လိုအပ်သည်။ ထို့အပြင် အကျိုးမဲ့ ပြုန်းတီးသွားသော သစ်ပင်၊ သစ်တောများနေရာတွင်လည်း အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စီမံချက်ဖြင့် စနစ်တကျစိုက်ပျိုးသွားရန်လည်း အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

သို့ဖြစ်၍ ရာသီဥတုဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ပြီး စားနပ်ရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် လူသားအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်လျက် ဘက်စုံအမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်း ရေးသားတင်ပြ အပ်ပါသည်။


MPT နှင့် အတူဆင်နွှဲ
သီတင်းကျွတ် မီးထွန်းပွဲ
MPT
သီတင်းကျွတ် အချိန်ခါသမယတွင်
MPT ၏ အခမဲ့ SMS ဖြင့်
ချစ်ခင်ရသော မိဘဆရာ၊ မိတ်ဆွေများကို
ဂါရဝပြု ဆုမွန်ကောင်း တောင်းပေးလိုက်ပါ . . .
MPT ၏ GSM/WCDMA နှင့် CDMA သုံးစွဲသူများအတွက် အကျုံးဝင်ပါသည်။
MPT နံပါတ်အချင်းချင်းသော SMS ပေးပို့နိုင်မည်ဖြစ်ပါသည်။
၂၀၁၆ ခုနှစ် အောက်တိုဘာလ (၁၆) ရက်နေ့ တစ်ရက်တည်းသာ ပေးပို့နိုင်မည် ဖြစ်ပါသည်။
သုံးစွဲသူတစ်ယောက်အနေဖြင့် SMS အရေအတွက် အစောင် (၃၀) အထိ ပေးပို့နိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106




RLB Co, Ltd
ကုမ္ပဏီဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း
ph:09-420086047,09-263915129, 09-254210636

CNG ငှားမည် / ပဲခြမ်း
မရမ်းကုန်းမြို့နယ်
Ph: 09-5159213

200KVA
6CTA 8,3G2
Sound Proof Generator
09-5145988

## သတင်းမီဒီယာသမားများအပေါ် ထိပါးပြောဆိုခဲ့ခြင်းနှင့်ပတ်သက်၍ Aimstar Myanmar Network မှ ဦးဂျိုးဇက်က ပြန်လည်တောင်းပန်ခြင်း

၂၀၁၆စက်တင်ဘာ ၂၀ရက်က မန္တလေးမြို့တွင် Aim Star Network Myanmar မှ ပြုလုပ်ခဲ့သော စီးပွားရေးအသိအမြင်ဟောပြောပွဲတွင်(အတိအကျပြန်လည်ဖြည့်သွင်းရန်). . .

"ကမ္ဘာမှာယုံကြည်ရတဲ့သတင်းစာနဲ့ သတင်းထောက်တွေ အများကြီးရှိတယ်ပေါ့။ အဲဒီထဲမှာ မြန်မာပြည်တော့မပါဘူး". . . ဆိုသည့် စကားလုံးသည် မြန်မာနိုင်ငံမှသတင်းစာဆရာများ၏ ဂုဏ်သိက္ခာကိုထိခိုက်စော်ကားသလိုဖြစ်သည့်အတွက် ကျွန်တော်ဦးဂျိုးဇက်မှ လူကြီးမင်းများရှေ့မှောက်တွင် ပြန်လည်တောင်းပန်အပ်ပါသည်။

"နိုင်ငံခြားမှာ သတင်းရေးတဲ့သူကသိလား. . . တတ်လို့ရေးတာ၊ မြန်မာပြည်မှာများသောအားဖြင့် ရေးတဲ့သူက ငတ်လို့ရေးတာ"လို့ပြောခဲ့မိတဲ့အတွက် မြန်မာနိုင်ငံမှ သတင်းစာဆရာများနှင့် သတင်းမီဒီယာ Institutionများအား ထိခိုက်စော်ကားသလိုဖြစ်ခဲ့သည့်အတွက် မြန်မာနိုင်ငံမှ သတင်းစာဆရာများကို တောင်းပန်အပ်ပါသည်။

. . . "သတင်းတွေ သေချာမသိဘဲသူတို့ရေးချင်တာလျှောက်ရေးနေကြတာ". . . စသည့် ပြောစကားများသည် နိုင်ငံတော်၏ အရေးကြီးမဏ္ဍိုင်တစ်ခုဖြစ်သော စတုတ္ထမဏ္ဍိုင်ကို ပြည်သူများအယုံကြည်ကင်းမဲ့စေသလိုဖြစ်ခဲ့သောကြောင့် ပြန်လည်တောင်းပန်အပ်ပါသည်။

နောက်နောင်တွင်လည်း သတင်းမီဒီယာInstitution များနှင့် သတင်းမီဒီယာများကိုပြည်သူများ အယုံကြည်ကင်းမဲ့စေသော အပြုအမူများထပ်မံမပြုလုပ်မိစေရန် သတိပြုလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတောင်းပန်အပ်ပါသည်။

**ဂျိုးဇက်(ခ)ကျော်မျိုးမင်း**
**[၁/မကတ(နိုင်)၀၆၄၀၇၀]**
**ဖုန်း-၀၉-၇၈၁၇၇၇၁၂၃**




ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သီတင်းကျွတ်လပြည့်နေ့တွင် ကျရောက်သော
"သီတဂူ ဒေါ်ရွှေဥ" အတွက် မွေးနေ့မင်္ဂလာဆုတောင်း

ရာသီအပြောင်း၊ အသစ်ပြောင်းလဲ ရောက်ရှိ လာကာ
မွေးနေ့မှာ၊ အသက်လည်းရှည်၊ အနာလည်းမဲ့၊
ပူဆွေးမှုကင်း၊ ပျော်ရွှင်အတိ၊ လိုအင်ဆန္ဒပြည့်ဝရ၍
သာသနာအကျိုး အစဉ်တိုးလို့ ဒါနမပျက် ကုသိုလ်
ဆက်ကာ မနေး နိဗ္ဗာန် လှမ်းနိုင်စေကြောင်း
တောင်းဆုမေတ္တာပေးပို့လိုက်ပါသည်။

ဦးအောင်သန်း+ဒေါ်မာလာခိုင် (ဦးစိုးအောင်)+ဒေါ်တင်တင်မြင့်
ရွှေရည်ဦးရွှေဆိုင် NEW WORLD TRADING CO.,LTD.

# မွေးနေ့မင်္ဂလာဆုတောင်း

## ဖေဖေဗိုလ်ကြီးအောင်ဒင်ဦး(ငြိမ်း)

လက်ထောက်ဌာနမှူး(အငြိမ်းစား)ရေးများဌာန
ရန်ကုန်စည်ပင်၏ ၁၆-၁၀-၂၀၁၆ရက်တွင် ကျရောက်သည့်
မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ
မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်ဖြတ်သန်းနိုင်ပြီး
ဝိပဿနာတရားများကို ကျင့်ကြံပွားများအားထုတ်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဇနီး - ခင်ခင်စု(အထက(၁)ပန်းဘဲတန်း)
သမီးကြီး - ဒေါက်တာအေးချမ်းပိုင်စိုး
Demonstrator(University of Medicine 2)
သမီးငယ် - မစုနန္ဒာအောင် B.E(Naval Architecture)
Voyage Planner

အာရုဏ်ဂါး
မြေတိ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

မင်္ဂလာပါ
09-450042704
09-250095116
09-420096296

VEJTHANI
Vejthani Hospital
နိုင်ငံတကာအဆင့်မီ ဝေဇ္ဇာနီဆေးရုံကြီး (ထိုင်းနိုင်ငံ ဘန်ကောက်မြို့)
Total Joint Reconstruction
Zaw Maung Medical Services

Professor ဒေါက်တာယတြာဇေဒီ
Ph.D( Tantra & Sastra )(Kol-India)
0950-10735 , 09732-07174

သီဟလင်း
01-570307
09-5112729
09-5126394

လူထု
Steel Structure
Ph:09-5031107,09-5028986,
09-5008411

မြေကွက်ဝယ်လိုသည်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။
ဖုန်း-၀၉-၂၆၄၂၆၄၈၅၉

ငြိမ်းကျော်
အပြည်ပြည်ဆိုင်ရာ အချစ်ဒုက္ခသည်များနေ့ နှင့်
အခြားဝတ္ထုရှည်များ
ထွက်ပြီ
ဖြန့်ချိရေး - အရှေ့မိုးကုပ်စက်ဗိုင်းစာပေ
အမှတ်(၉၁/၉၂)၊ ကာယသုခ(၃)လမ်း၊
ပေါက်တောရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၅၉၂၀၂၊ ၀၉ ၇၉၉ ၆၉၄၁၁၅၊ ၀၁ ၆၄၃၇၂၄

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားဧမောင်း--စက်ပြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 09-44051113



GoldCoil SLEEP WELL
ရွှေစပရိန်မွေ့ယာ အထူးလျှော့ဈေး
until end of October 2016
Lavender Classic King Size Mattress ONLY!
Best Buy!
NOW - 358,000 Ks
usual - 398,000 Ks
2 Pillow + FREE
Limited Stock
USA Foam Mattres
GoldCoil Memory Foam Pillow
အမှတ်(၁၃၆)၊ ပထမထပ်၊ ဗိုလ်မြတ်ထွန်းလမ်း(အောက်) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Tel: 01 201 620, 09 73156440
www.facebook.com/goldcoil



PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
LIKE US ON facebook Pun Hlaing Siloam Hospitals
အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း
အောက်တိုဘာလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ
www.punhlaingsiloamhospitals.com

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး




Since 1985
ကျိုက်ထီးရိုး ချောင်းသာ မြဝတီ ငပလီ
01-392704, 09 73017110, 09795066457, 09785066857

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

မြတ်စွမ်း
ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့
၇ ညအိပ်၊ ၈ ရက်ခရီး – 21 Dec 2016, 14 Apr - 2017
၁၄ ညအိပ်၊ ၁၅ ရက်ခရီး – 13 Nov 2016, 10 Feb - 24 Mar 2017
ဖုန်း - 09-5085810,09-420256685,09-43030290, 01-522835,01-522102

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

DADDY Travels & Tours
Marketing Supervisor 1 Post
Ph: 09 73026410

GOLDEN CITY
= 55000/
= 55000/
= 50000/
= 60000/










## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)

**သာကေတမြို့နယ်တရားရုံး**

**၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၂**

ဒေါ်ဆွေဇင်နိုင် နှင့် ဦးခင်မောင်မြင့်
**တရားလို** **တရားပြိုင်**

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နယ်မြေ(၁)၊ ရပ်ကွက်(၁)၊ ပါရမီလမ်းသွယ်(၄)နေ ဦးခင်မောင်မြင့်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုက "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (မြန်မာသက္ကရာဇ်-၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် ဤရုံးတွင်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဘက်စီဘာ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## တစ်ချက်တည်းကျင်းဝင်

မြန်မာဂေါက်သီးရိုက်အသင်းတွင် အရှိန်အထူးကပါမောက္ခ ဒေါက်တာသိန်းမြင့်ထွန်းသည် ကစားဖော်များဖြစ်ကြသော ဦးတင်မောင်ထွန်း၊ ဦးသောင်းနိုင်၊ ဦးထွန်းမြအောင်တို့နှင့်အတူ ၁၁-၁၀-၂၀၁၆ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Titleist No (2) ဘောလုံးကို SWDRD Iron (5)တုတ်ဖြင့် ရိုက်လိုက်ရာ (၁၇၃)ကိုက်ရှိ ကျင်းအမှတ်(၂)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။ **ခင်မင်ရသော မိတ်ဆွေများ**

## [illegible]

မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ ကွင်းအမှတ်(၃၉-က)၊ စွန်းလွန်းကွင်း၊ ဦးပိုင်အမှတ်-၉(Q)၊ ဧရိယာ(၀. ၅၆၈)ဧကရှိ လူနေရပ်ကွက်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဂိုဒေါင်အဆောက်အအုံ အပါအဝင်ခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သက်နိုင်[၉/မခန(နိုင်)၀၇၀၆၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (တစ်လ)အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကြည်ဝင်း(ဥပဒေဘွဲ့ ရ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၁၀)**
**အမှတ်-၁၃၉/၂-ရပ်ကွက်၊ မြင်းခြံမြို့။ ဖုန်း-၀၆၆-၂၂၃၄၈၊ ၀၉-၃၃၀၀၆၀၁၇**


သီတင်းကျွတ် ပွဲတော်အထူး ပရိုမိုးရှင်း
10% discount
Model
FIT
Customer Service Center
SAMSUNG


Twin Cooling
Samsung
Twin Cooling
Refrigerators
FREE
Price Off
Model
" သီတင်းကျွတ် ပွဲတော် အထူး ပရိုမိုးရှင်း "
Samsung Washing Machines
activ dualwash
FREE
Samsung Washing Machines
Front Load
Washer & Combo
FREE







**FARMER AUTO SHOWROOM**

ပြခန်း(၁) - အမှတ်(၁၈)၊ ဧအောင်ဇေယျာလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၈၄၆၄၃၊
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၄၁၁၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျယူနိုင်ပါသည်

SEVEN စံ
အုံ့ဆိုင်ကမ်း အရှေ့ဘိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

SYP
အောင်မြိုးမင်း
Ph: 645757, 095408777, 095145162
0973021997, 09455081166




EMBRACE
THE UNKNOWN.
THE ALL-NEW BMW X1.
BMW xDrive (The intelligent all-wheel drive system)
The all-new BMW X1 xDrive20i Brand New Downpayment
3 years Warranty
3 years Maintenance
The all-new BMW X1
BMW Showroom Golf Club BMW Pavilion Mandalay
LED headlights with extended contents
Parking Assistant
Sport seat with Lumbar support



PREMIER
COFFEE
မြန်မာ့ရိုးရာ သီတင်းကျွတ်
မီးထွန်းပွဲတော်ကို
မြန်မာတို့ရဲ့ပရီမီယာကော်ဖီနဲ့အတူ
ဆင်နွှဲကြပါစို့
ရေကျော် သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲမှာ ပရီမီယာကော်ဖီ ရှိနေမယ်နော်...
ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များ၊ ဆုလက်ဆောင်များနှင့် အခမဲ့ လက်ဆောင်ပစ္စည်းများ ပေးသွားမှာနော်...
13-17
Oct-2016




သီတာ
ဒုတိယအကြိမ်မြောက် ကား ကံစမ်းမဲအထူးအစီအစဉ်
( 1 - 10 - 2016 မှ 31 - 12 - 2016 အထိ )
ကျေးဇူးတုံ့ပြန်သောအနေဖြင့်
သီတာရွှေဆိုင်( ၃ )ဆိုင်လုံးတွင်
ကား( ၁ )စီး နှင့် ရွှေထည်များအား
ကံစမ်းပေးသွားမည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
ကံစမ်းမဲဖွင့်မည့်ရက် ( 5-1-2017 )

# နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်



**ရန်ကုန် အောက်တိုဘာ ၁၅**

နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၂၅)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်း၌ ကျင်းပသည်။ နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက သတ်မှတ်စင်မြင့်ထက်မှ အချက်ပေးသေနတ်ပစ်ဖောက်၍ မျက်မမြင်လမ်းလျှောက်ပွဲကို တာလွှတ်ပေးသည်။

မျက်မမြင်လမ်းလျှောက်ပွဲကို မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းမှ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း တပျော်တပါးစုပေါင်းလမ်းလျှောက်ကြရာ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဧည့်သည်များသည် မျက်မမြင်များနှင့်အတူ ပါဝင်ဆင်နွှဲလမ်းလျှောက်ကြကြောင်း သိရသည်။

မျက်မမြင်များ ဖြတ်သန်းလမ်းလျှောက်ရာတစ်လျှောက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးရုံးမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက လက်ခုပ်သြဘာများဖြင့်အားပေးကြပြီး အချိုရည်များ၊ ရေသန့်ဘူးများ၊ မုန့်များ၊ မျက်နှာသုတ်ပဝါနှင့် အမှတ်တရတီရှပ်များ လှူဒါန်းအားပေးကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

## မီဒီယာများ သတင်းရယူနိုင်

**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေတို့ဦးဆောင်သည့် ကိုယ်စားလှယ်များ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပါသည်။

အဆိုပါသွားရောက်ခဲ့သော ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း/ပြည်ပမှ မီဒီယာများ တက်ရောက်သတင်းရယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဆင်အကအလှပြိုင်ပွဲ အစဉ်အလာမပျက် ကျောက်ဆည်နယ်၌ ဆင်နွှဲ

ကျောက်ဆည် အောက်တိုဘာ ၁၅

**ကျေးဇူးရှိသူကို ကျေးဇူးဆပ်သောအားဖြင့် နှစ်ပေါင်း ၉၀၀ ကျော်တိုင် ကျင်းပလျက်ရှိသော ကျောက်ဆည်နယ်သူနယ်သားများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ် ဆင်အက ဆင်အလှပြိုင်ပွဲကြီးကို ယနေ့တွင် ကျောက်ဆည်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪



ကြေးမုံ qefa';umwef

စာမျက်နှာ ၁၆၊ ၁၇



**ချင်းတွင်းမြစ်တွင်းသွားအမြန်ရေယာဉ်နစ်မြုပ်၍ လေးဦးသေဆုံးကာ ၁၅၅ ဦးလွတ်မြောက်ပြီး ရှာဖွေကယ်ဆယ်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ** (စာ - ၁၄)




မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

အောက်တိုဘာ ၁၆၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# အချစ်၏ ချိုမြိန်သောဒုက္ခများ



ကိုဇေ
(အင်းကောက်ကြီးရွာသား)



ကျုပ်တို့ချစ်သူသက်တမ်း ခြောက်လလောက်ရောက်တော့ ကျုပ်တို့မြို့မှာ ခွေးနှစ်ကောင်ကိုက်လို့ ကျီးကန်းခတ်လိုက်တာကအစ ကျုပ်သိနေပြီ။ မသိလို့လည်း မဖြစ်ဘူးလေ။ မနက်အိပ်ရာထလို့ ကိုကြီး မနေ့ကအကြောင်း သိပြီးပြီလားဆိုရင် ဖြေစရာအဆင်သင့်ရှိအောင်လုပ်ထားရတယ်။ ဘာမှမပြောနိုင်ရင် နှစ်ရက်လောက်ကောက်တာပဲ။ သူ့အမေဆို သူ့ကိုတဖွဖွပြောတယ်။ "ငါ့သမီးလေး ကြီးလာမှ ဘယ်ဂျာနယ်သတင်းစာမှ ဝယ်မဖတ်ရတော့ဘူးတဲ့"။ အဲဒီလိုသတင်းစုံတဲ့ ကျုပ်ချစ်သူ။

တစ်နေ့ကလည်း "ကိုကြီး ရုပ်ရှင်သွားကြည့်ကြမယ်"။ "ဟင်. . . ဩော် သွားလေ ဘာကားတင်နေလဲ"။ "မသိဘူးလေ၊ ဘာကားဖြစ်ဖြစ်ကြည့်မယ်"။ ပျော်တာပေါ့ ရုပ်ရှင်ကို တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှစုံတွဲမကြည့်ဖူးဘူးလေ။ ကျုပ်တို့ ရုပ်ရှင်ရုံရှေ့ရောက်တော့ လက်မှတ်ဝယ်တဲ့လူတောင်မရှိသေးဘူးဗျ။ အစောကြီးရှိသေးတာကိုး။ "ကိုယ်လက်မှတ်ဝယ်လိုက်ဦးမယ်နော်"။ "ရတယ် ညီမလေးဝယ်မယ်။ အဲဒါမှ လိုချင်တဲ့နေရာရမှာ"။ ကိုယ့်မှာ သူပြောပြီးထွက်သွားတော့ နှလုံးတွေတဒိန်းဒိန်းခုန်ပြီး ရင်ထဲဖိုးသိုးဖတ်သပ်ကြီးကျန်ခဲ့တယ်။ အတွေ့အကြုံကမရှိဘူးရယ်။ လက်မှတ်နှစ်စောင်ကိုင်ပြီးတော့ ရုံထဲဝင်တော့ သန့်ရှင်းရေးတွေတောင် ကိုယ်တွေကိုလိုက်ကြည့်နေတယ်။

ဟုတ်တယ်လေ။ သူတို့တောင်သန့်ရှင်းရေးလုပ်လို့ မပြီးသေးဘူး။ လာရှုနေတယ်ထင်မှာ။ ခုံနေရာရှာပြီးတော့မှ "ဟင်. . . အပေါက်ဝကြီး"။ "အင်းလေ၊ ဒါမှ ဝင်လာလာချင်း သေချာမြင်ရမှာပေါ့"။ သွားပြီ။ မစပ်စုလုပ်ချက်။ ကျုပ်မှာ ပြန်လည်းမပြောရဲဘူး။ ထကောက်ရင် တစ်နေကုန် ချော့လို့ဆုံးမှာမဟုတ်ဘူးလေ။ နေရာတွေ့ပြီဆိုတာနဲ့ စွေ့ခနဲခုံပေါ်တက်ပြီး တင်ပျဉ်ခွေထိုင်တော့တာပဲ။ "ကိုကြီး ဖိနပ်တွေကြည့်ထားဦးနော်။ သူများတိုက်သွားမယ်"။ သိလိုက်ပြီ။ ဒါကျုပ်ကို ဖိနပ်ကိုင်ခိုင်းတာ။ ကိုဇေ လူပါးပဲ။ တွဲလာတာ တစ်နှစ်ပြည့်တော့မယ်။ သူပါးစပ်ဟတာနဲ့ ဘာဆိုတာသိပြီးသား။ "အင်း. . . အင်း. . . ကိုကြီး သိမ်းထားလိုက်မယ်"။

လူတွေလည်း တဖြည်းဖြည်းနဲ့ဝင်လာကုန်ပြီ။ ကျုပ်က အစွန်ကထိုင်ရတော့ ဝင်လာတဲ့လူတွေက ကျုပ်ခြေထောက်တွေ တက်နင်းသွားတော့ မခံစားနိုင်တော့ဘူး။ ကြာရင် ခြေမပုပ်တော့မယ်။ မထူးပါဘူးဆိုပြီး ကျုပ်ဖိနပ်ပါ ကောက်ကိုင်ပြီး ခုံပေါ်ဆောင့်ကြောင့် တက်ထိုင်နေလိုက်တယ်။ အပေါက်ဝကြီးမှာ ဖိနပ်နှစ်ရန်ကို ဘယ်တစ်ရန် ညာတစ်ရန် ကိုင်ပြီး ဆောင့်ကြောင့်ထိုင်နေတော့ ဝင်လာတဲ့လူတွေက ဥစ္စာရူးပဲထင်မှာလေ။ မတတ်နိုင်ဘူး။ ချိုမြိန်တဲ့ဒုက္ခတွေပေါ့။ "ကိုကြီး ရေသောက်ချင်လို့"။ သွားဝယ်ရပြန်ပြီ။ ကိုကြီး ဖရုံစေ့လျှော်။ ကိုကြီး. . .၊ကိုကြီး. . . "။

ကြာတော့ အပေါက်စောင့်က "ဟိတ်လူ ဝင်လိုက်ထွက်လိုက်လုပ်မနေနဲ့ဗျ။ ဒါဇရပ်မဟုတ်ဘူး။ ရုပ်ရှင်ရုံဗျ။ တခြားလူတွေ အနှောင့်အယှက်ဖြစ်တယ်"။ ကျုပ်မှာ ပြန်ပြောလို့လည်း မရဘူး။ ရုံထဲမဝင်ခင်ကတည်းက တစ်ခါတည်း ဝယ်ပါဆိုတော့ မဟုတ်ရဘူး။ စားချင်စိတ်ပေါ်လာမှ ဝယ်စားတာကောင်းတယ်တဲ့။ ရုံထဲဝင်လာတဲ့ သူတွေကိုလည်း "ကိုကြီး အဲဒါ ဟိုဘက်လမ်းကအပျိုကြီးလေ၊ သူက လမ်းထိပ်က ကွမ်းယာဆိုင်ကလူကြီးနဲ့ . . .။ ဟိုအနီရောင်နဲ့ အမျိုးသမီးက ဈေးထဲကလေ။ သူ့လူကြီးနဲ့. . .။ ဟိုမျက်မှန်နဲ့တစ်ယောက်ကလည်း အပျိုကြီးပဲ။ ယောကျ်ားလေး မကောင်းကြောင်းတွေပြောပြီး၊ ဟို. . . ဟို တစ်ခုံကျော်ကတစ်ယောက်. . .။ ဒီညာဘက် တစ်ယောက်။ ရုပ်ရှင်ရုံထဲဝင်လာတဲ့လူတွေအကြောင်း ပြောလိုက်တာများ စုံနေတာပဲ။

ကျုပ်မှာ ရုပ်ရှင်သာပြီးသွားတယ်။ ဘာကားပြသွားမှန်းတောင် မသိလိုက်ရဘူး။ အိမ်ပြန်ရောက်တော့ ကျုပ်မှာ နားတွေ အူနေတာကို အဖေက သူခေါ်တာ လှည့်မကြည့်ရ ပေါ့မလားဆိုပြီး နားရင်းနှစ်ချက်အအုပ်ခံရသေးတယ်။

ဒါတင်ပဲလားလို့ထင်ရင် မှားသွားမယ်။ တစ်နေ့လည်း ညဘက်ကြီး ကျုပ်အိပ်ခါနီးအချိန် ဖုန်းဝင်လာတာ "ရှင်ဖုန်းကိုင်လိုက်ပါ။ ရှင့်ကို ဖုန်းကိုင်ဖို့ပြောနေတယ်လေ။ ရှင်ဖုန်းမကိုင်ရင် ဘာမှန်းမသိတဲ့ခေါင်းစဉ်တွေနဲ့ ပြဿနာတက်သွားချင်လား။ ဖုန်းကို ခုကိုင်လိုက်ပါ။ ဟင်. . . လာပြီကျုပ်ဖုန်းအသံ။" "ဟိုကောင်လေး နင့်ဖုန်းထဲက ဘာသံတွေလဲ"။ "ဘာမှမဟုတ်ဘူး အမေ၊ သားဖုန်းက အသံပြောင်းထားတာ"။ ကျုပ်မှာ ပြောလည်းပြော ဖုန်းလည်းအမြန်ပြေးယူပြီး စကားပြန်ပြောရတယ်။ ကြာလို့ မဖြစ်ဘူးလေ။ ဒါကျုပ်ချစ်ချစ်ဖုန်း။ သူတစ်ယောက်ပဲ အဲဒီအသံပြောင်းထားတာ။ ဖုန်းလာရင် သဲသဲကွဲကွဲ သိအောင်လို့။ နို့မို့ဆို ကိုင်တာနည်းနည်းလောက်များ နောက်ကျသွားရင် ၁၅ မိနစ်လောက်ကြာအောင် နောက်ကျတဲ့အကြောင်းဖြေရှင်းပေတော့။ ပြီးမှ ဖုန်းခေါ်တဲ့ အကြောင်း ဆက်ပြောရတယ်။ "ဟိုင်း ချစ်လေး ဂွတ်အီးဗနင်း"။ "ဘာမှ မဂွတ်ဘူး။ ဘာမှလည်း မအီးဗနင်းဘူး။ ရှင်နဲ့ကျွန်မ ပြဿနာရှင်းစရာရှိတယ်။ နောက် ၁၀ မိနစ်အတွင်း ကျွန်မဆီလာတွေ့ ဒါပဲ"။ "ချစ်ဘာပြောစရာရှိလို့လဲ။ ဒီကပြောလို့မရဘူးလား"။ "မရဘူး။ ရှင်မလာရင် ပြဿနာအကြီးကြီးတက်မယ်နော်"။ "အမ်. . . မနက်မှ မရဘူးလား။ အစောကြီးလာမယ်လေ ခုအချိန်နောက်ကျနေလို့။ လိမ္မာတယ်နော်ချစ်"။ "ခုလာခဲ့ပါ"။

ပြောလည်းပြီး ဖုန်းချက်ချင်းချသွားတယ်။ ကျုပ်မှာ ညဆယ်နာရီထိုးကြီး အပြင်ထွက်မလို့လုပ်ရတယ်။ ပူပူလောင်လောင်ကြီးကို အကျီသုံးထပ်လောက်ထပ်ဝတ်ပြီး အပေါ်ဆုံးကမှ အဖေ့ဖီးဂျက်ကက်အကျီ အထူကြီးပါ ထပ်ဝတ်ထားရသေးတယ်။ ပြောရတာမဟုတ်ဘူး။ ခုတစ်လောသတင်းတွေကြားရတာလည်း မကောင်းဘူးလေ။ စိတ်မထင်လို့ ထပြီးထိုးလိုက်ရင် ထူထူလေးဝတ်သွားတော့ နည်းနည်းခံသာတယ်လေ။ ကျုပ်မှာအိမ်ထဲက တောင် မထွက်ရသေးဘူး။ လူကချွေးသီးချွေးပေါက်တွေ ကျနေပြီ။ "ဟိုကောင်လေး အပြင်ထပ်ထွက်ဦးမလို့လား။ ဘယ်အချိန်ရှိပြီလဲ"။ "ဒီနားလေးတင်အမေ သား မကြာဘူး။ ခုပြန်လာမှာ"။ "သော့ယူသွား။ တံခါးထဖွင့်မပေးနိုင်ဘူး"။ "ဟုတ်ကဲ့ သားမကြာဘူးအမေ"။ ခွင့်ပြုမိန့်လေးရလို့ အပြင်ထွက်ရုံရှိသေးတယ်။ လမ်းထိပ်မှာ ဦးမောင်လှနာရေးလှည်းကြီးလှမ်းမြင်တော့ ရှေ့ဆက်မသွားရဲလို့ ဖုန်းလေးထုတ်ပြီး "ချစ် မနက်မှလာလို့မရဘူးလားကွာ လမ်းထိပ်မှာ နာရေးလှည်းကြီးဘေးကဖြတ်ရမှာ ကြောက်လို့ပါ"။ "မရဘူး ခုလာ၊ ရှင့်ကို သေပြီးသားလူက ဘာမှမလုပ်ဘူး။ ရှင်တဲ့လူကသာလုပ်ချင်နေတာ"။ "အမ်. . . "

ကျုပ်မှာ သူပြောလိုက်ကာမှ အကျီကြယ်သီးတွေတပ်၊ ဇစ်တွေဆွဲ၊ ဒူးခေါင်းနှစ်ဖက်တောင် ယိုင်ချင်သလိုလိုဖြစ်လာတယ်။ မတတ်နိုင်ဘူး။ ဒါလေးပဲရှိတော့ ဒါလေးနဲ့ မပြတ်ဖို့အရေး ဓားတောင်တွေ၊ မီးပင်လယ်တွေ အသာထားပြီး မသာလှည်းနားကမဖြတ်ရဲလို့ ပြတ်သွားတယ်ဆို လူကြားလို့မကောင်းဘူးလေ။ တခြားလူသေရင် ကျုပ်အဲလောက်မကြောက်ဘူးဗျ။ အဲဒီလူကြီးက ကျုပ်ငယ်ငယ်ကတည်းက ကြောက်တဲ့လူကြီးဖြစ်နေလို့လေ။ ရသမျှဘုရားစာတွေရွတ်လိုက်တယ်။ ဦးထုပ်လျှာကို သူ့လှည်းဘက်ကာပြီး ဆောင်းလိုက်တယ်။ ခတ်တိုင်တစ်တိုင်အကွာလောက်ရောက်တော့ ခဏရပ်ပြီး ပုဆိုးပြင်ဝတ်၊ ဖိနပ်လေးချွတ်ပြီး လက်ကကိုင်။ ဘေးပတ်ဝန်းကျင်တစ်ချက်လှည့်ကြည့်လိုက်တော့ ကိုယ်နဲ့မလှမ်းမကမ်းမှာ ခွေးတစ်ကောင်တွေ့တယ်။ သူကလည်း ကိုယ့်ကိုပြန်ကြည့်နေတော့ ကြက်သီးတော့ထသွားတယ်။ ဘာလဲဟ သွေးရိုးသားရိုးမှ ဟုတ်ပါ့မလား စဉ်းစားပြီး အပြေးတစ်ပိုင်းနဲ့သွားနေတုန်း လှည်းနားရောက်တဲ့အချိန် ခွေးက "အူး. . . "ဆို ထအူလိုက်လို့ ကျုပ်လည်း နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဟဆိုပြီးပြေးတာ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျရောပဲ။ ပုံမှန်လမ်းလျှောက်ရင် ၁၅ မိနစ်လောက်သွားရတဲ့ခရီးက ကျုပ်အထင် အသက်တောင် မရှူမိလိုက်ဘူးထင်တယ်။

သူ့တို့အိမ်ရှေ့ရောက်သွားမှပဲ ကျုပ်မှာ ခြံဝင်းတံခါးကြီးကိုင်ပြီး အသက်ကိုမနည်းလုရှူနေရတယ်။ အမောနည်းနည်းပြေမှ ဖုန်းထုတ် သူ့လှမ်းခေါ်ရတယ်။ "ချစ်ကိုယ်အိမ်ရှေ့မှာရောက်နေပြီ"။ "လာမယ် ခဏစောင့်"။ မကြာပါဘူး။ ပုတက်ပုတက်နဲ့ ထွက်လာပါရော။ "ရှင်ကျွန်မမသိဘဲ ဘာလုပ်ထားလဲ"။ ကိုယ် အင်း . . . အင်းပါ. . . ရှုံးရှုံးပေါက်တာကအစ ပြောပြတယ်လေ"။

"ရှင်မလိမ်နဲ့နော်။ လိမ်ရင်ပိုနာမယ်"။ "တကယ်ပါကွာ ဘာမှမလုပ်ပါဘူး"။ ပြောလည်းပြော တံခါးသံတိုင်ပိုစိပ်တဲ့နေရာလေးရွှေ့ရပ်ပြီး အကျီတွေနည်းနည်းပွအောင် ပြင်ထားလိုက်တယ်။ သူ့လက်အနေအထားလည်း လှမ်းကြည့်ထားရသေးတယ်။ "ရှင်သေချာလား။ ကျွန်မအိပ်မက်မက်တာ သုံးခါရှိပြီနော်"။ အမ် . . . သူ့ဟာသူ အအိပ်ကြီးပြီး အိပ်မက်မက်တာ ငါ့လာဆွဲထည့်နေတယ်။ "ချစ်ရယ် အိပ်မက်ပဲ တကယ်မှမဟုတ်တာလေနော်"။ "ရှင်က အိပ်မက်ထဲမှာ လမ်းထိပ်အကြော်တဲက မုဆိုးမဒေါ်တင်လေးကြီး ကလေးတွေနဲ့ ဆော့နေတာလည်း မြင်တယ်"။ "အမ်. . . အကြော်တဲက. . "။ "ဟုတ်တယ်။ ပြီးတော့ အကြော်ကြော်ဖို့ ဘူးသီးတွေလှီးပေးနေတာလည်း မြင်တယ်"။ "ငင့်. . ။ဘူးသီးပါလှီးပေးရသေးတာလား"။ "ပြီးတော့ ရေနွေးအိုးတွေလိုက်ချပေးနေတာလည်း မြင်တယ်"။

"တော်. . . တော်ပါတော့ချစ်ရာ၊ ကိုယ်လည်း အဲလို မုဆိုးမ ကလေးသုံးယောက်အမေတော့ မကြံပါဘူးကွာ"။ "အော်. . ရှင်က မုဆိုးမ ကလေးအမေမဟုတ်ရင် ကြံချင်တယ်ဆိုတဲ့သဘောလား"။ သွားပြီ ကျုပ်အရစ်ခံရပြီဆိုတာ သိလိုက်ပြီ။ ဘာပြောပြော ကျုပ်ပြောသမျှ သူကန့်လန့်တိုက်တော့မယ်။ သိလိုက်ပြီ။ "ချစ်ရယ် ကိုယ်ဘယ်တုန်းက အဲဒါမျိုးလုပ်ဖူးလို့လဲ"။ "ပြောရမလား ရှင်တို့ယောကျ်ားတွေ ယုံရတာမှတ်လို့"။ "ချစ်ယုံအောင် ကိုယ်ဘာလုပ်ပြရမလဲ ပြောလေ"။ "တကယ်လား။ တကယ်လုပ်ပြရဲလို့လား"။ ကျုပ်လည်း လောလောလတ်လတ် နားအေးပြီးရော ဆို ပြောလိုက်တာ။ "အင်း. . . ပြောလေ"။ "အဲဒါဆို ရှင်တို့လမ်းထိပ်ကိုပြန်။ ပြန်ပြီးတော့ ဦးမောင်လှ အသုဘလှည်းကြီးနဲ့ အနီးကပ်ဆယ်ဖီဓာတ်ပုံရိုက်ယူလာခဲ့။ နာမည်တွေ၊ အသက်တွေ အနီးကပ်ရိုက်ရမှာနော်"။ ကျုပ်မှာ သူပြောတာနားထောင်ပြီး စကားလည်းဆုံးရော ဒူးတွေ ညွတ်ကျသွားလို့ တံခါးကသံတိုင်တွေ လှမ်းဆွဲထားရတယ်။ "တခြားဟာခိုင်းပါလားကွာ အဲဒီလူကြီး ကြောက်လို့ပါဆို"။ ကျုပ်မှာ ပြောရင်းနဲ့အသံတွေတုန်ပြီး ငိုချင်သလိုတောင် ဖြစ်လာတယ်။ "မရဘူး။ သေတဲ့လူက ရှင့် ဘာလုပ်မှာမိုလို့လဲ။ ကျွန်မနဲ့ပြတ်မလား။ ဓာတ်ပုံရိုက်ယူလာမလား"။ "အဲဒါမယူလာရင် တကယ်ပြတ်မှာလားဟင်"။ "ပြတ်တယ်။ တကယ်မကဘူး။ ဟိုဘက်တောင်လွန်တယ်။ ရှင် အိပ်မက်ထဲမှာသစ္စာမရှိကတည်းက ပြတ်ချင်နေတာ"။ "အမ်"။ မယူလို့မရတော့တဲ့အခြေအနေဖြစ်သွားပြီ။ "ကိုယ်ပြန်လာပြရမှာလား"။ "မလာနဲ့၊ ဖုန်းချက်ဘောက်စ်ကပဲပို့။ နောက်နာရီဝက်အတွင်းနော်"။

တောက်. . . အချိန်တောင်ပါလိုက်သေးတယ်။ ကျုပ်က တခြားလူဆိုမကြောက်ဘူးဗျ။ ဒီလူကြီးက ငယ်ကြောက်ကြီး။ အတော်ဆိုးတယ်ဗျ။ လမ်းထိပ်ရောက်တော့ တစ်ကိုယ်လုံးလည်း ချွေးစေးတွေကျတာ ရေချိုးထားတဲ့အတိုင်းပဲ။ ဖိနပ်ကိုခါးကြားထိုး၊ ဦးထုပ်နောက်ပြန်ဆောင်း ပုဆိုးကို တိုတိုဝတ်၊ ဖုန်း မက်ဆင်ဂျာက ကင်မရာကို တစ်ခါတည်း အသင့်ဖွင့်၊ အသက်ကိုဝအောင်ရှူပြီး မသာလှည်းနားကို ပြေးကပ်လိုက်တယ်။ ဖျတ်. . ဖျတ်. . ဆို ဓာတ်ပုံရိုက်လိုက်တယ်။ ဆက်ပြေးတယ်။ ခတ်တိုင်တစ်တိုင်အကွာလောက်ရောက်မှ ပုံကိုကြည့်တယ်။ အမ်. . . ဝါးဝါးကြီး။ သေပြီ။ နောက်တစ်ခါ ပြန်ပြေးတယ်။ ထပ်ရိုက်ပြီး နောက်ပြန်လှည့်ပြေးတယ်။ ပုံထုတ်ကြည့်တယ်။ ဝါးဝါးကြီးပဲ။ ဒီတစ်ခါတော့ သုံးကြိမ်မြောက်။ သေချာရိုက်မှဖြစ်တော့မယ်။ လှည်းနားကိုကပ် မတ်တတ်ရပ်ပြီးရိုက်လိုက်တဲ့အချိန် ဖုန်းထဲမှာ ခေါင်းကြီးပေါ်လာပြီး "ဟေ့ကောင် ဘာလုပ်တာလဲ" ဆိုတဲ့အသံကြီးထွက်လာလို့ "အောင်မလေးဗျ"ဆိုပြီး ပြေးတာ အိမ်ပြန်ရောက်တာတောင် ကျုပ်မှာ အကြောက်မပြေဘူး။ ကျုပ်လည်း ဒီလောက်တောင်ရစ်ချင်လှတဲ့ဟာ ကြည့်ဟဆိုပြီး ရိုက်လာတဲ့ပုံတွေ အကုန်ပို့ပေးလိုက်တယ်။

နောက်နေ့ကျ မသာအိမ်မှာ ကျုပ်နာမည်ကြီးပါလေရော။ ဘယ်လိုကြီးလဲဆိုတော့ "မနေ့ညက ဦးမောင်လှသား အကြီးကောင်က သူ့အဖေ အသုဘလှည်းနားမှာ လူတစ်ယောက်ပြေးလာလိုက်၊ ဓာတ်ပုံရိုက်လိုက်လုပ်နေတာ မြင်လို့ ထွက်ကြည့်တာ။ ကျုပ်မှန်းသိလို့ ဘာလုပ်နေတာလဲ မေးရုံရှိသေးတယ်။ ပြေးလိုက်တာတန်းနေတာပဲတဲ့ဗျာ"။ ကျုပ်မှာ ဒင်းကြောင့်အရှက်တွေကွဲတဲ့အပြင် ရပ်ကွက်ထဲမှာလည်း မသာလှည်းနဲ့ ဆယ်လ်ဖီဆွဲသူကြီးဆိုပြီး နာမည်ကိုကြီးနေရောပဲ။ အချစ်ရဲ့ ချိုမြိန်တဲ့ဒုက္ခတွေပေါ့ဗျာ။

■

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# မှီခိုသူ

မြင့်ငွေ(စစ်ကိုင်းပညာရေးကောလိပ်)

၁၉၈၄ ခုနှစ် ဆယ်တန်းစာမေးပွဲ ဝင်ခွင့်ပုံစံဖြည့်တုန်းက အဖေ့ရဲ့ အလုပ်အကိုင်နေရာမှာ တောင်သူ၊ အမေ့ရဲ့ အလုပ်အကိုင်နေရာမှာ မှီခိုသူလို့ရေးခဲ့ပါတယ်။ အမေဖြစ်သူက ဝန်ထမ်းမဟုတ်ရင် မှီခိုသူလို့ရေးကြတာချည်းကိုး။ တက္ကသိုလ်တက်တော့ အမေ့ကို မှီခိုသူ၊ နောက်ဆုံး ကျောင်းဆရာ အလုပ်ရသည်အထိ အမေ့ကို မှီခိုသူအဖြစ်သာ ရေးခဲ့မိပါတယ်။

အမေက အတန်းပညာမသင်ခဲ့ရရှာပါဘူး။ အသုံးလုံးသင်တန်းကြောင့်သာ ရေးတတ်ဖတ်တတ်ရုံသာပါ။ ဒါပေမယ့် တစ်အိမ်လုံးရဲ့ကိစ္စမှန်သမျှ အမေ့ရဲ့စီမံမှုအောက်မှာရှိခဲ့တာ။ ဘယ်တောကို ဘယ်လိုထွန်၊ ဘယ်တောကို ပေါင်းနှုတ်လွှတ်၊ ဘယ်တောကိုဘာပင်စိုက်၊ တောအလုပ်တွေအတွက် စီမံနေတဲ့ အမေ့စကားသံတွေဟာ အရှေ့က ထွက်လာတဲ့ ရောင်နီနဲ့အတူ အမေ့နှုတ်ဖျားက ထွက်လာတာ နေ့စဉ်နှင့်အမျှပါပဲ။ ဒီနေ့အလုပ်သမားတွေပါတယ်။ ထမင်းပိုချက်၊ ပဲဟင်းချိုများများကျို စသည်ဖြင့် မီးဖိုချောင်ကို တာဝန်ယူထားရတဲ့ သမီးအကြီးကိုလည်း မလွတ်စေခဲ့ပါဘူး။

အမေကဖြင့်ဘာမျှမလုပ်ဘဲ ကျွန်တော်တို့ချည်းခိုင်းနေတာပဲလို့ပြောမိတော့ မင်းတို့ကဘာသိလို့လဲ။ ငါဒီလိုပြောနိုင်၊ စီမံနိုင်လို့သာ မင်းတို့တစ်တွေ ဒီလိုစားနေ သောက်နေရတာတဲ့။ စီမံခန့်ခွဲမှုအတတ်ပညာသည် မည်မျှအရေးပါကြောင်း သိနေခဲ့တဲ့အမေ၊ စီမံခန့်ခွဲမှုအတတ်ကို တတ်ကျွမ်းပြီး အသုံးချနိုင်ခဲ့တဲ့အမေပါ။

အမေ့ရဲ့ယောက္ခမ ကျွန်တော့်အဘိုး ရှိစဉ်တုန်းကတော့ အိမ်ရဲ့ရေးရာများကို အဘိုးကပဲ စီမံကွပ်ကဲခဲ့တယ်။ အကြီးကောင်ကို ဘွဲ့ရအောင်ထား၊ အငယ်ကောင်ကို ဆယ်တန်းအောင်ရင် ကျောင်းထွက်ခိုင်း တောင်သူလုပ်ပါစေလို့ အနာဂတ်အတွက် နှစ်ရှည်စီမံကိန်းကို အဘိုးချမှတ်ခဲ့တယ်။ ကျွန်တော့်ရဲ့အဖေ သူ့သားကြီး ကူဖော်လောင်ဖက်ရစေချင်တာရော၊ မိသားစုရဲ့ အဓိကဝင်ငွေဝင်ပေါက်အလုပ်ကို အရှိန်မပျက် ဆက်လက်လည်ပတ်နိုင်ဖို့လည်းပါတာပေါ့။

ဒါပေမယ့် ကျွန်တော်ခုနစ်တန်းအရောက်မှာ အဘိုးဆုံးခဲ့တယ်။ အဘိုးရဲ့စီမံခွင့်အာဏာကို အဲဒီအချိန်ကစပြီး အမေက တာဝန်ယူခဲ့တာပေါ့။ တောင်သူလုပ်ငန်းကို စာရင်းငှားနဲ့ခိုင်း၊ အမေက ကျွန်တော့်ကို တက္ကသိုလ်ဆက်တက်စေခဲ့ပါတယ်။ ပညာရေးအမြော်အမြင်ရှိနေခဲ့တဲ့အမေ။ ခေတ်နှင့်မညီတဲ့ အဘိုးရဲ့စီမံကိန်းကို ဖျက်သိမ်း၊ ခေတ်နဲ့အညီ စီမံကိန်းအသစ်ကိုလည်း အမေရေးဆွဲတတ်ခဲ့ပါတယ်။

နောက်ပြီး အမေ့ရဲ့ ကြုံ့ဝါးသံကလည်း ကြက်သီးထခဲ့ရပါတယ်။ ငါ့သားနှစ်ယောက်ဘွဲ့ရရင် ပါတီမှာတစ်ယောက်၊ ကောင်စီမှာတစ်ယောက် လူကြီးအလုပ်ခိုင်းမယ်တဲ့။ ဆိုရှယ်လစ်စနစ်ရဲ့ခါးသီးမှု၊ ပါတီကလူကြီးများ၊ ကောင်စီကလူကြီးများရဲ့ ထင်သလိုခြယ်လှယ်မှု၊ ခါးစည်းခံရတဲ့ ဘဝနာကြည်းမှုတွေကို လက်စားချေချင်ခဲ့တဲ့အမေပါ။ ဒါကြောင့်လည်း ကျွန်တော့်ကို ဘွဲ့ရအောင် ကျောင်းထားပေးခဲ့တာပေါ့။

အဲဒီလို မဟာဗျူဟာမြောက်တဲ့ နှစ်ရှည်စီမံကိန်းကို ချမှတ်ခဲ့တာလည်းအမေပါပဲ။ ဒါပေမယ့် တကယ့်လက်တွေ့မှာတော့ ကျွန်တော့်ကို ကျောင်းဆရာ ဖြစ်စေခဲ့ပါတယ်။ ကျောင်းဆရာအလုပ်က ဝမ်းမဝ၊ ငွေကြေးမချမ်းသာနိုင်ပေမယ့် ယခုဘဝမှာရော နောင်သံသရာအထိပါ ကုသိုလ်အကျိုးပေးမယ့် အလုပ်မျိုးလို့လည်း အမေကပြောခဲ့ပါသေးတယ်။ သံဝေဂနှင့်အတူ ဥပေက္ခာတရားကို လက်ကိုင်ပြု ဗုဒ္ဓရဲ့အဆုံးအမကို လိုက်နာနိုင်ခဲ့တာလည်း အမေပါပဲ။

ဒါတွေအားလုံးကို ပြန်တွေးကြည့်တော့ လျှောက်လွှာပုံစံတွေဖြည့်တိုင်း အမေ့ကို မှီခိုသူဖြစ်စေခဲ့မိပေမယ့် တကယ်တမ်းကျ ကျွန်တော်တို့မိသားစုဝင်အားလုံး အမေ့ကို မှီခိုခဲ့ရသူတွေပါ။

## ဘဝဆိုတာ ရေစက်ပမာ

ဘဝကို အတုတွေနဲ့
အကြိုက်တွေ့နေတတ်ကြတယ်…
အခိုက်အတန့်ဆိုတဲ့အရသာကို
မသမာနည်းတွေနဲ့
ဆာလောင်ရာ အမှောင်မိုက်
တငွေ့ငွေ့လောင်မြိုက်လို့…
လူသားဆိုတဲ့ သတ်မှတ်ချက်
သံပတ်မရပ်မချင်း စီးဆင်းနေလိုက်တာ
ကိုယ့်နေရာကို ကျောချမ်းလာသည်အထိ
မသိလိုက် မသိဘာသာရှိတုန်း…
အခမ်းနားဆုံးနဲ့ အနွမ်းပါးဆုံး
ကုန်းတက်သူနဲ့ ရုန်းထွက်သူ
မင်းမူတာကတော့ အတူတူရှိနေရဲ့…
ဒါဆိုရင် ဘာကွဲတာလဲ…
မခြယ်ခင်ဘဲ ကြည့်လိုက်မယ်
အနွယ်ဝင်က သတ္တဝါပဲ
စိတ်နဲ့ ခန္ဓာကလွဲလို့
ဘာမှရှာမတွေ့နိုင်ဘူး…
သေချာတယ်…
လူမှန်သမျှ ရှူးသွပ်ခြင်းပေါ့
တစ်ခုမဟုတ် တစ်ခု
တစ်စုမဟုတ် တစ်စု
ပြုပြုသမျှ ရေတစ်စက်ချလိုက်သလို
ငါတို့ရပ်သွားတဲ့ သုသာန်မှာ
ငါတို့ကို နံပါတ်တပ်ပေးလိုက်ကြတယ်…
ဘဝတစ်ခုပြီးဆုံးသွားပြီးနောက်
ငါတို့ဟာ လူသားတစ်ယောက်ရဲ့တာဝန်
ကျေပွန်ခဲ့သလားဆိုတာ …

ရှီးတံ(ပုလဲ)

## ခေတ်ဝေဒနာ

တို့ခေတ်မှာအလွန်ဆန်းလို့
ဖုန်းဟန်းဆက် လူတိုင်းလို
သုံးကြသကို။
ပျိုပျိုအိုအို
ဘယ်လိုလဲသူမေး။
ချက်ဘောက်မှာစာလေးဘာလေး
ဝင်ရေးမယ့်ခေး။
မြင်လေတိုင်းစမတ်ဖုန်းနဲ့
အချိန်ဖြုန်း ချက်တင်ထိုင်
ဝေဖန်မနိုင်။
ဆဲသံမြိုင်မြိုင်
မခံနိုင် ရိုင်းစိုင်းသည့်စကား။
ကိုယ့်စရိုက် အများသိအောင်
နည်းပညာအလွဲသုံးတယ်
မှားလျက်လေအား။
လက်ဝါးစာ ဖုန်းပြားလေးက
ဝါးမြိုနေ ဘဝတွေ
မရေတွက်နိုင်ချေ။
ဝမ်းနည်းစရာပေ
ပျက်ဆုံးနေ ဘဝများ။
ဗဟုပညာဗိမာန်ဆိုတာ
မေ့လျော့ကာသွား။

ရဲရင့်နိုင်
ဒုတိယနှစ်(သမိုင်း)

■

## လူပီသကြပါစေ

လူထဲကလူတွေ အယူအစွဲလွဲနေကြ…
ပြောပြလို့ ကုန်မယ်မထင်ဘူး…
တစ်ယူသန် လုပ်ရပ်တွေနဲ့
ရှုပ်ဇာတ်တွေခင်း…
အတ္တတွေနဲ့ ပေါင်းသင်းနေကြတယ်…။
လောဘ ဒေါသ မောဟ တွေနဲ့ယဉ်ပါး…
အသိစိတ်တွေ မထိမ်းနိုင်ကြတော့…
ဘုရားတရားနဲ့ အမှားအမှန်
ဝေဖန်နိုင်စိတ်တွေ ပျောက်ရှ…
သောက်ကြ စားကြ ပျော်ကြ ပါးကြ…
ဟားတိုက်လို့ မိုက်နေကြပုံများ…
ရင်လေးမိပါဘိ…။
မမှားမိနဲ့မိတ်ဆွေ စိတ်တွေကိုပြင်ကြ…
အတ္တကို ဖျောက်ပစ် လောဘကို ဆင်ခြင်…
ဒေါသကိုလည်း မဝင်စေနဲ့…
မောဟကိုလည်း မခင်စေနဲ့…။
သက္ကရာဇ်က ပြောင်းလဲနေမှာ…
အဟောင်းထဲမှာချည်းမနေဘူး…
ပြောင်းလဲလာမယ့် သက္ကရာဇ်အတွက်…
စိတ်သစ် လူသစ် ဘဝသစ်နဲ့…
ဖြစ်ပျက်ကိုဆင်ခြင် အမှားရှိရင်အမှန်ပြင်…
ရှိုးသားတဲ့ ဂုဏ်ကိုခင်…
ဝေဖန်ပိုင်းခြားမှု စွမ်းအင်မြှင့်လို့…
လောကမြေတစ်ခွင်
လှပတဲ့စိတ်စွမ်းအစဉ်နဲ့…
ပြင်သင့်တာပြင်
မြင်သင့်တာမြင်ကြစေဖို့…
စာအလှနဲ့ ခြယ်သလိုက်ပါရဲ့…
လူပီသကြပါစေ…။

သက်တံ့ရောင်(ဓနုဖြူ)

## လူမှုကွန်ရက်ပေါ်မှာပဲလား

လူမှုကွန်ရက်
အင်တာနက်ပေါ်မှာတင်
သတ္တိယှဉ် မစည်းလုံးနဲ့
အပြင်မှာ တကယ်စည်းလုံးစို့
သူငယ်ချင်း…။
လူမှုကွန်ရက်
အင်တာနက်ပေါ်မှာတင်
အချိန်တွေ မကုန်နဲ့
အပြင်မှာ လုပ်စရာတွေရှိသေးတယ်
သူငယ်ချင်း…။
လူမှုကွန်ရက်
အင်တာနက်ပေါ်မှာတင်…
နှလုံးသားလှမနေနဲ့
အပြင်မှာ လက်တွေ့လှဖို့ လိုတယ်
သူငယ်ချင်း…။
လူမှုကွန်ရက်
အင်တာနက်ပေါ်မှာတင်
တိုင်းပြည်အတွက် အလုပ်မလုပ်နဲ့
အပြင်မှာ အမှိုက်ကလေးတော့
ကောက်ဦး သူငယ်ချင်း။
လူမှုကွန်ရက်
အင်တာနက်ပေါ်မှာတင်
အသွင်အမျိုးမျိုးနဲ့
အမျိုးဘာသာ မညှိုးနွမ်းစေဖို့
မတိုက်တွန်းနဲ့
အပြင်မှာ တကယ်ထိန်းသိမ်းဖို့လိုတယ်
သူငယ်ချင်း…။
လူမှုကွန်ရက်
အင်တာနက်ပေါ်က နိုးကြားကြိုးစားပြီး
အဘက်ဘက်မှာ အားအပြည့်နဲ့
သူငယ်ချင်း
မင်း…အခုဘာလုပ်မှာလဲ
ဆုံးဖြတ်ပါ သူငယ်ချင်း။

မောင်သန့်ဇင်(ပညာရေး)

## တို့များသီတင်းကျွတ်ပွဲ

လမင်းကြီးလည်းထိန်ထိန်သာ
ကြယ်စင်များလည်းစုံညီစွာ။
ဆီမီးထွန်းကာပူဇော်ကြ
မီးပုံးတွေလည်းချိတ်ဆွဲလှ။
ဘိုးဘွားမိဘဆရာကိုကွယ်
ရှိသေဦးညွှတ်ကန်တော့မယ်။
ကြာပန်းတွေလည်းဆွတ်ကာခူး
ပျော်ပျော်ရွှင်ရွှင်လွန်ကြည်နူး။
ကျောင်းကန်ဘုရားသွားဖို့ရည်
ကုသိုလ်ကောင်းမှုပြုဝေစည်။
မီးပုံးပျံတွေလွှတ်ကြမြဲ
တို့များသီတင်းကျွတ်ပွဲ။

ချယ်ရီအောင်
ပထမနှစ် *(RUSSIAN)(YUFL)*

# အမေ

**armicr;re**



တောင်သမန်ရွာ၏ ဆောင်းရက်သည် သာမန်ဆောင်းရက်များထက် ပို၍အေးသည်ဟု ထင်ရသည်။ ထူထဲသော ဆောင်းဝတ်အနွေးထည်ကြီးများ ဝတ်ထားသည့်ပင် အအေးဓာတ်က ခန္ဓာကိုယ်ထဲသို့ အတင်းတိုးဝှေ့နေသည်။ မြူနှင်းတို့ကား ထူထပ်စွာကျနေသောကြောင့် ကိုက်သုံးရာအဝေးကိုပင် ကောင်းစွာမမြင်ရ။ ထိုအအေးဓာတ်နှင့် မြူနှင်းမှုန်တို့ကိုအန်တုပြီး ဈေးချွေးများပင်ပြန်နေသောသူတစ်ယောက်ကလည်း ရှိနေပြန်သေးသည်။ သူသည် လုံချည်ကို တောသူဆန်စွာ တိုတိုဝတ်၍အင်္ကျီခပ်ပါးပါးပေါ်တွင် ဝါဂွမ်းဖြင့်ပြုလုပ်ထားသော ဖျင်ကြမ်းအင်္ကျီတစ်ထည်ကို ဝတ်ဆင်ထားသည်။ အချိုးမကျစွာလိမ်းခြယ်ထားသော ရှင်မတောင်သနပ်ခါးထူထူများက မျက်နှာပေါ်တွင် ဟိုတစ်စု သည်တစ်စု။ လေးလံမည်ထင်ရသော ထန်းခေါက်ဖာတစ်လုံးကို ခေါင်းပေါ်တွင် ကျွမ်းကျင်စွာရွက်၍ ဦးပိန်တံတားပေါ်မှ ခပ်သုတ်သုတ်လျှောက်လာသည်။ သူသည် ဦးပိန်တံတားကို ဖြတ်ကျော်ကာ လမ်းမကြီးအတိုင်းလျှောက်လာပြီး ဘယ်ဘက်သို့တစ်ဆစ်ချိုးလိုက်သည် ။ ထို့နောက် ကျောင်းသားများနေသော အဆောင်တစ်ဆောင်၏ရှေ့တွင် မတ်တပ်ရပ်လိုက်ပြီး ခေါင်းပေါ်မှ ထန်းခေါက်ဖာကို အောက်သို့ခဏချလိုက်သည်။ အဆောင်အတွင်းသို့ မဝင်သေးဘဲ ထန်းခေါက်ဖာ၏ဘေးတွင် ခြေပစ်လက်ပစ်ထိုင်လိုက်ကာ ထန်းခေါက်ဖာရွက်ရာတွင်သုံးသည့် ခေါင်းမြီးစုတ်ကိုဖြေ၍ ချွေးပြန်နေသော သူ၏မျက်နှာကို သုတ်လိုက်ပြီး ချွေးများခြောက်သွေ့စေရန် ခေါင်းမြီးစုတ်ဖြင့် ယပ်ခတ်လိုက်သည်။

အတန်ကြာသောအခါတွင် သူသည် အဆောင်၏အတွင်းသို့ ဂနာမငြိမ်စွာကြည့်၍ တစ်စုံတစ်ခုကို ရှာဖွေနေ၏။ တွန့်ကြေနေသော အဝတ်အစားများက သူ့ကို အခြေခံလူတန်းစားအဖြစ် ဖော်ပြလျက်ရှိပြီး နေလောင်သော မျက်နှာ၊ အက်ကွဲနေသော ခြေဖနောင့်နှင့် ဖိနပ်စီးမထားဘဲ လုံချည်ကိုတိုတိုဝတ်ထားသည်က တောသူတစ်ယောက်ဖြစ်သည်ကို သက်သေပြနေသယောင်ပင်။

"ကြွက်နီ၊ ကြွက်နီ"

သူက ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားအသံဖြင့် အဆောင်အတွင်းသို့ အော်ခေါ်လိုက်သည်။ တစ်ဖက်မှ ပြန်ထူးသံမကြားရ၍ အသံကို ပုံမှန်ထက် ကျယ်လောင်စွာ အော်ခေါ်လိုက်ပြန်သည်။

"ကြွက်နီ၊ ဟေ့ ကြွက်နီ မထသေးဘူးလား"

"ဘယ်က ကြွက်နီလဲ မရှိဘူး၊ ဒါ ကျောင်းသားတွေနေတဲ့အဆောင်"

ခေါင်းမွှေးစုတ်ဖွားနှင့် ကျောင်းသားတစ်ယောက်က ပြတင်းပေါက်ကိုဖွင့်၍ ဒေါသဖြင့်အော်ပြောလိုက်သည်။ ဒါကို သူက အလိုက်မသိဘဲ-

"ဟဲ့ ဘယ်ကကြွက်နီရမှာလဲ၊ ငါ့သားပေါ့ဟဲ့၊ မကျည်းကုန်းရွာကလေ၊ တက္ကသိုလ်တက်နေတဲ့ ကျောင်းသားဟဲ့၊ သူ့အမေရောက်နေတယ်လို့ ပြောပေးပါ"

"ဟာ ကြွက်နီဆိုတာ မရှိပါဘူးဆို၊ ရှုပ်ရှုပ်ယှက်ယှက် နံနက်စောစော ကျက်သရေကိုမရှိဘူး"

"အောင်မယ် အောင်မယ်၊ ငါ့ကိုများ ကျက်သရေမရှိဘူးတဲ့၊ မြကြည်ဟဲ့ မြကြည်၊ မကျည်းကုန်းရွာမှာ တစ်ကြည်တည်းရှိတယ်။ ဘုရားနဲ့ တရားနဲ့နေတာ၊ ဘယ်သူ့ဥစ္စာမှ မခိုးဘူး။ လူက ပိစိကွေးပဲရှိသေးတယ်၊ ကိုယ့်အမေအရွယ်ကို ပြောလိုက်တာများ"

"ဒီမှာ အဘွားကြီး ခင်ဗျားအိတ်ကောက်မယ်ဆိုရင် တံခွန်တိုင်ဘက်မှာ အမိုက်ကုန်းဆိုတာရှိတယ်။ အဲဒီမှာသွား။ ဒီမှာ ရေသန့်ဘူးခွံ၊ အိတ်ခွံမရှိဘူး"

တစ်ဖက်က ကျောင်းသား၏ ပြောစကားကြောင့် ဒေါ်မြကြည် ဒေါသထောင်းခနဲထွက်သွားသည်။ ရေသန့်ဘူးနှင့် အိတ်ကောက်သူက ဘယ်လိုလူမျိုးဆိုတာမသိပေမယ့် တီဗွီထဲမှာ အဲဒီလိုအပြောခံရသူတိုင်း မကျေမနပ်ဖြစ်သည်ကိုမြင်၍ မကောင်းတာပြောသည်ကိုတော့ သိသည်။

"ကြည့်စမ်းကြည့်စမ်း၊ ကျောင်းသားဖြစ်နေပြီးတော့ ယဉ်ကျေးမှုမရှိလိုက်တာ၊ မိမဆုံးမ ဖမဆုံးမကောင်လေးပဲ"

ဒေါ်မြကြည်က ဒေါသဖြင့် တစ်ရပ်ကွက်လုံးကြားအောင် အော်ပြောသည်။ ဒေါ်မြကြည်နှင့် ကျောင်းသားအချီအချပြောသံကြောင့် အဆောင်ရှိကျောင်းသားများက ဝရန်တာဘက်ထွက်ကာ ဝိုင်းကြည့်နေကြသည်။ အနီးအနားတွင်ရှိသော မိန်းကလေးအဆောင်များကလည်း တစ်ယောက်စ နှစ်ယောက်စဖြင့် ဝိုင်းကြည့်သူများလာသည်။ ထိုတွင် ဒေါ်မြကြည်နှင့်ကျောင်းသား အချေအတင်ပြောသည့်အဆောင်မှ ကျောင်းသားတစ်ယောက်ထွက်လာကာ "ဟာ ဒါငါ့အမေကွ"ဟု ပြောပြီး ဒေါ်မြကြည်ထံ အပြေးအလွှားသွားလေသည်။ အနားသို့ရောက်သောအခါ-

"အမေကလည်းဗျာ၊ ဒီအချိန် ကျောင်းသားတွေအိပ်ရာမထသေးဘူးဆိုတာ မသိဘူးလား။ ခုနစ်အိမ်ကြား ရှစ်အိမ်ကြားအသံကြီးနဲ့ အပြောခံရတာတောင် မနည်းဘူး"

အမော မပြေသေးသော ဒေါ်မြကြည်ကို ပစ္စည်းများကူသယ်ပြီး အထဲဝင်ခိုင်းမည်မကြံဘဲ ဆီးကြို၍ အပြစ်တင်လိုက်သောကြောင့် ဒေါ်မြကြည်၏မျက်နှာကွက်ခနဲပျက်သွားသည်။ သို့သော် သား၏မျက်နှာကို မြင်လိုက်ကတည်းက အမောပြေလုလုဖြစ်နေသောကြောင့် ပုံမှန်ထက်ပို၍ ပြုံးပြလိုက်သည်။

"အံမယ် ငါ့သားတောင် စကားတွေတတ်လာပြီပဲ"

"စကားတတ်တာမဟုတ်ဘူးဗျ၊ ဒေါသထွက်လို့ပြောနေတာ။ ဒါက တောမဟုတ်ဘူး။ ရွာမှာလို ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ပြောလို့ရတာမဟုတ်ဘူး"

ဒေါ်မြကြည် စိတ်ထိခိုက်သွားသည်။ အလာတုန်းက နှင်းမှုံကြားထဲမှာမအေးဘဲ အခုမှ အေးသက်သက်ဖြစ်နေသလို ခံစားလာရသည်။ ကြယ်သီးမပါသောကြောင့် ရင်ဘတ်ဟနေသော အနွေးထည်နှစ်စကို ဆွဲကပ်လိုက်သည်။

"အေးပါသားရယ်၊ အမေနောက်တစ်ခါဆင်ခြင်ပါ့မယ်"

"ဆင်ခြင်ပါ့မယ်၊ ဆင်ခြင်ပါ့မယ်နဲ့။ အရင်နေတဲ့အဆောင်ကနေပြောင်းလာတာလည်း အမေ့ကြောင့်ပဲ။ လူကြားထဲ ကြွက်နီဆိုတဲ့နာမည်ကြီး မခေါ်ပါနဲ့လို့ပြောတာမရဘူး။ အမေနောက်တစ်ခါ ဘာအကြောင်းပဲရှိရှိ ကျုပ်ဆီမလာနဲ့တော့"

"သား အမေ့ကို တကယ်ပြောနေတာလား"

ဒေါ်မြကြည်အသံက ပြိုကျတော့မည့်မိုးသံနှယ်။ အမှတ်မထင်ကျလာသည့်မျက်ရည်ကို တစ်ဖက်သို့ လှည့်ကာ သားဖြစ်သူမမြင်အောင် ခပ်မြန်မြန်သုတ်လိုက်သည်။

"အဟုတ်ပြောနေတာ၊ ဘယ်သွားသွား ဟောဒီလုံချည်အစုတ်နဲ့။ ဖိနပ်ကမပါဘူး။ လုံချည်ဝတ်တာ တောကျတဲ့အပြင် လိမ်းထားတဲ့သနပ်ခါးက အချိုးကို မကျဘူး။ ခင်ဗျားကြောင့် သူငယ်ချင်းတွေကကျုပ်ကို ဝိုင်းပြီးဟားနေတာ။ ခုချိန်ထိ အရှက်ခွဲလို့မဝသေးဘူးလား"

"အေးပါသားရယ်၊ သားမကြိုက်ရင် အမေ ဒါတွေဝတ်မလာတော့ပါဘူး။ အို . . . နောက် သားဆီမလာတော့ပါဘူးကွယ်"

ဒေါ်မြကြည် သားရှေ့မျက်ရည်မကျအောင် စိတ်ကိုထိန်းချုပ်ထားရသည်။ လျှာကို အံသွားနှင့် နာကျင်စွာဖိကိုက်၍ ရှိသမျှအားနှင့် ဖျစ်ညှစ်ပြီး ပြုံးပြနေသည်။

"ပြီးတာပဲ၊ နောက်တစ်ခါ ကျုပ်ကို အဆိုးမဆိုနဲ့။ ဘယ်မလဲ ကျုပ်မှာလိုက်တဲ့ ပိုက်ဆံ"

ဒေါ်မြကြည်က လုံချည်အလိပ်ထဲတွင် လက်ကိုင်ပဝါအနွမ်းနှင့်ထုပ်ထားသော ပိုက်ဆံများကို ထုတ်ပေးလိုက်သည်။

"ဒါပဲမဟုတ်လား၊ ကျုပ်သွားတော့မယ်"

"နေဦးလေ၊ အမေပြန်ဖို့လမ်းစရိတ်"

"ဟာဗျာ ရွာက ကားနဲ့ပြန်မှာပဲ။ အကြွေးစီးသွား၊ ရွာရောက်မှပြန်ပေးလိုက်"

"အော် အေးအေး၊ ဟုတ်သားပဲ"

ခါးသီးသော သားဖြစ်သူ၏ စကားသံကြောင့် ဒေါ်မြကြည်ခမျာ တင်းထားသည့်အားပင် ပြတ်လုမတတ်ဖြစ်သွားသည်။ မန္တလေးမြို့ကြီးနှင့်ဝေးသော တောရွာကနေလာခဲ့ရသော မိခင်တစ်ယောက်အဖို့ သားဖြစ်သူဆီမှ နွေးထွေးသည့်ဆီးကြိုမှုမရခဲ့ဘဲ သားဖြစ်သူ၏ အလိုမကျမှုတွေသာရလာခဲ့သည်။

သားဖြစ်သူကလည်း သားဖြစ်သူပင်။ အဆောင်ထဲဝင်ပါဦး။ အမေနေကောင်းလား။ အလုပ်အကိုင်ကော အဆင်ပြေလားဆိုတာပင် မမေး။ အဆောင်တွင်းသို့ ချာခနဲလှည့်ထွက်သွားသော သားဖြစ်သူ၏ ကျောပြင်ကို ကြည့်ပြီး ဒေါ်မြကြည် မျက်ရည်များမထိန်းနိုင်တော့။

"အော် သားရယ်၊ အမေက တောသူတစ်ယောက်ဖြစ်နေလို့ သားကရှက်နေတာလား။ ကြွက်နီဆိုတဲ့ ငယ်နာမည်ကြောင့် သားက ရှက်နေတာလားဟင်။ သားရဲ့အမေ ဟောဒီတောသူမကြီးက နေပူမိုးရွာမရှောင် ရွာနီးစပ်တွေမှာ လှည့်လည်ပြီး အကြော်ရောင်းနေသူမို့ လုံချည်ကိုတိုတိုဝတ်ထားတာပါ။ "ဟောဒီကအကြော်သည်"လို့ ခုနစ်အိမ်ကျော် ရှစ်အိမ်ကျော် အော်ရတဲ့ အကြော်သည်မပါ သားရယ်။ ငယ်ငယ်က အမေ့လက်ကိုဆွဲပြီး အမေသွားတဲ့ရွာတိုင်းမှာ သားကိုခေါ်ဖို့ သားကိုယ်တိုင်ပြောခဲ့ပေမယ့် ခုတော့ သားကိုမွေးပေးခဲ့တဲ့ ဟောဒီကအကြော်သည်မကို သားက အမေလို့ လူကြားထဲပြောရမှာ ရှက်နေတာလားဟင်။ အကြော်သည်မသားဆိုတာ သားသူငယ်ချင်းတွေသိသွားမှာ စိုးလို့ ရှက်နေတာလား"

ဒေါ်မြကြည် ရင်ထဲကပြောလိုက်ခြင်းဖြစ်သည်။ သားဖြစ်သူ၏ ရန်သူတစ်ယောက်လိုဆက်ဆံသည့် အမူအရာကြောင့် ဒေါ်မြကြည်ရင်ထဲ အူမကြီးများ ပြတ်သကဲ့သို့ ခံစားရသည်။ သားမျက်နှာကိုမြင်ချင်သည့် စိတ်ကြောင့်သာ မိုင်ပေါင်းများစွာကွာဝေးသည့် ဟောဒီရတနာပုံတက္ကသိုလ်ကျောင်းကြီးကို အသက်ကြီးရင့်သူအနေဖြင့် စွန့်စားပြီးလာခဲ့ရသည်။ ယခုမူ စိတ်ကူးယဉ်မှုနှင့် တခြားစီပင်ဖြစ်နေတော့သည်။ နွေးကွေးသည့် ခြေလှမ်းများဖြင့် ဒေါ်မြကြည်ခမျာ ရွာကားဂိတ်ကိုသွားရုံမှလွဲ၍ တခြားမရှိတော့။ အော်. . . ကားခကိုလည်း ရွာရောက်မှ ပေးမည်ဆိုတာ လူတွေကြားထဲ တောင်းပန်ရပေဦးမည်။

"ဟူး . . . . . "

"ဟဲ့ မြကြည် သက်ပြင်းတွေချလှချည်လား။ သားဆီသွားတာ အဆင်မပြေလို့လား"

"မဟုတ်ပါဘူး နွဲ့ပိုရယ်၊ တခြားတွေးနေတာပါ။ ကျုပ်သားဆီသွားတာအဆင်ပြေတာပေါ့။ ကျုပ်သားက တက္ကသိုလ်ကျောင်းသားလေ"

ဒေါ်မြကြည်က သားအကြောင်းပြောရမည်ဆိုလျှင် မောသည်ဟူ၍မရှိ။ ကြွားတာမဟုတ်သော်လည်း ဘယ်သူနှင့်ပြောပြော ငါ့သားက တက္ကသိုလ်ကျောင်းသားလေဆိုသည်ကို အမြဲလိုလို ထည့်ပြောတတ်သည်။

"ညည်းကလည်းအေ ဒီတက္ကသိုလ်ချည်းပဲ ထည့်ထည့်ပြောနေတာပဲ"

"အော် ကျုပ်သားက ပညာတတ်တစ်ယောက်ကိုး။ ပြောရမှာပေါ့ ဟုတ်ဘူးလားတော်"

"ပြောပါ ပြောပါ၊ ဒါနဲ့ ဟိုနေ့က ညည်းသားသွားပေးဖို့ ချေးထားတဲ့ငွေ အဆင်များပြေပြီလားလို့"

နွဲ့ပိုက ပြောလိုက်တော့ ဒေါ်မြကြည်မှိုင်သွားသည်။ သားဆီကပြန်လာကတည်းက ဒီရက်ပိုင်းမှာ အကြော်ကလည်း ရောင်းမကောင်း။ တချို့ရက်များဆိုလျှင် ဖောက်သည်နည်း၍ အရင်းပင်မကျေ။ တစ်ခါတလေမှာတောင် ချက်စရာဆန်မရှိ၍ ရွာရှေ့ဖျားက မောင်ဖြစ်သူထံပင် သွားသွားချေးနေရသည်။

"နည်းနည်းလောက်စောင့်ပါဦး နွဲ့ပိုရယ်၊ ကျုပ်သားကျောင်းပြီးလို့ အလုပ်ဝင်ရင် အတိုးပါတစ်ခါတည်းဆပ်ပါ့မယ်"

"ယုံလောက်အောင်ပြောပါမြကြည်ရယ်၊ တော့်သားက ခုချိန်ထိ မိဘဆီကို လက်ဖြန့်တောင်းတုန်းပဲလေ။ ဦးသာဘုသားလို ကျောင်းတက်ရင်းအလုပ်လုပ်တာလည်း မဟုတ်ဘဲနဲ့။ ဆန်ကုန်မြေလေး သက်သက်ပါပဲအေ"

"နွဲ့ပို ညည်းကျုပ်သားကို အဲဒီလိုမပြောပါနဲ့။ ကျုပ်သားက ပညာတတ်ဟဲ့။ သာဘုသားလို သူများဆီမှာ အောက်ကျို့ခံစရာလား"။

"ဟဲ့ အလုပ်ပိုင်ရှင်မဟုတ်ရင် အလုပ်တိုင်းက အောက်ကျို့ခံရတာချည်းပဲ။ ပညာတတ်တွေ၊ ပညာမဲ့တွေ ရွေးမနေပါဘူး။ တော့်သားကိုက . . . "

"တော်ပြီ နွဲ့ပို၊ ညည်းတော်ပြီ။ ညည်းဆီက ချေးထားတာအကုန်လုံး ညနေရွာတောင်ဘက်က လက်ကျန်လယ်ကို ပေါင်ပြီးလာပေးမယ်။ ညည်းကျုပ်သားမကောင်းကြောင်းကို ဘယ်တော့မှ မပြောနဲ့။ အေး ကျုပ်သားမကောင်းကြောင်း ပြောတဲ့နေ့ဟာ ညည်းပါးကွဲတဲ့နေ့ပဲ"

ဒေါ်မြကြည်က ဒေါသဖြင့်ပြောသောကြောင့် ဒေါ်နွဲ့ပိုခမျာ မကြောက်သော်လည်း ရန်မဖြစ်ချင်၍ ထိုနေရာမှထသွားသည်။ စိတ်ထဲမှာတော့ ကျေနပ်သည်မဟုတ်လှချေ။ ဒေါ်မြကြည်မှာကား ထမီကို တိုတိုဝတ်ကာ ခါးထောက်လျက် မုန်ယိုနေသောဆင်ကဲ့သို့ ကြည့်နေသည်။ အကယ်၍ နွဲ့ပိုများ သားမကောင်းကြောင်းဆက်၍ပြောမည်ဆိုလျှင် နပန်းလုံးမည့်ပုံစံတည်း။

"ဒေါ်မြကြည်၊ တော့်သားက ဘွဲ့ရတော့မှာဆို"

"အေးပေါ့ ဂျမ်းစိန်ရဲ့၊ ကျုပ်သားက ဘွဲ့ရတော့မှာ။ ဟိုတစ်နေ့က သားဆီသွားတာလေ။ အမလေး သားက ချောပြီးခန့်လို့၊ မျက်မှောင်ကြီးကုတ်ပြီးတော့ စဉ်းစားနေပုံကလေ သွားလေသူ သူ့အဖေကြီးနဲ့တောင်တူသေး။ ကျုပ်လည်းသွားတော့ ကျုပ်ကို လက်ဖက်ရည်ဆိုင်ခေါ်သွားတာ၊ အဲဒီဆိုင်က ရုပ်ရှင်စက်ကြီးကလည်း အကြီးကြီးပဲ။ ကျုပ်သားက ကျုပ်ကိုအဲဒီလိုမျိုးဝယ်ပေးမယ်တဲ့။ ဘွဲ့ရပြီးရင် မိန်းမမယူဘူးတဲ့။ အမေ့ကိုပဲ လုပ်ကျွေးမှာတဲ့လေ။ ကျုပ်လည်း ကျုပ်သားနဲ့ သဘောတူရမယ့် မိန်းကလေး ရှာလို့တောင်မတွေ့သေးပါဘူးအေ"

"တော့်သားက လူချောဆိုတော့ ရုပ်ရှင်မင်းသမီးတွေနဲ့ပဲ လိုက်ဖက်ပါတယ်တော်"

"ဟုတ်တယ် ဟုတ်တယ်၊ ညည်းပြောတာ မှန်တယ်"

"အကြော်နှစ်ခုလောက် အဆစ်ပေးပါဦး"

"ပေးရမှာပေါ့ ဂျမ်းစိန်ရယ်၊ ညည်းက ကျုပ်သားအပေါ် အမှန်မြင်တဲ့သူပဲ။ နှစ်ခုမဟုတ်ဘူး သုံးခုယူ"

ဒေါ်မြကြည်က အကြော်ဗန်းကိုရွက်ပြီး ထိုနေရာမှ ထွက်သွားသည်။ ဒေါ်ဂျမ်းစိန်စိတ်ထဲက ဒီမိန်းမကြီး မြှောက်ပေါင်းရင်ရတယ်။ ငပေါမကြီးဟု စိတ်ထဲမှမှတ်ချက်ပြုလိုက်သော်လည်း ဒေါ်မြကြည်စိတ်ထဲတွင်တော့ ယူကျုံးမရမှုတွေဖြစ်နေသည်။ မှန်သည်။ သားဆီသွားသောအခါက ဒေါ်မြကြည်ကို အဆောင်ထဲတောင် ဝင်ခွင့်မပေးဘဲ အပေါက်ဝမှာတင် ဆူပူငေါက်ငမ်းခဲ့သည်။ ယခုမူ မိမိမဟုတ်မမှန်လုပ်ကြံပြောသောစကားတို့သည် ထိုအချိန်ကနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ မုသားပြောမိ၍ ငရဲကြီးမည်ဆိုလျှင် မြကြည်တို့ကတော့ အဖန်ရာထောင်ချီလည်း မမှုပေ။ အဓိကက မိမိသားကို တခြားသူတွေအထင်သေးလို့မဖြစ်။ ဒေါ်မြကြည် စီးကျနေသောမျက်ရည်ကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။ ပြီးမှ လက်ကျန်အကြော်ရောင်းရန်အတွက် ညာဘက်လမ်းလေးကို ချိုးဝင်လိုက်ပြန်သည်။

"ဟောဒီက အကြော်သည် အကြော်ပူပူလေး၊ ဝယ်ကြဦးမလားတော်ရေ့ . . . "။ ။

# အချိန်လေးတစ်ခု အတူရှိနေပေးပါ



ရဲရင့်ထိုက်

ဟိုးရှေးရှေးတုန်းက ကြီးလည်းကြီး မြင့်လည်းမြင့်တဲ့ သစ်ပင်ကြီးတစ်ပင်ရှိသတဲ့။ ကောင်ကလေးတစ်ယောက်က နေ့တိုင်း သစ်ပင်အောက်ကိုလာတယ်။ အပင်ပေါ်တက် အသီးခူးစားတယ်။ အပင်ရိပ်မှာ အိပ်တယ်။ သစ်ပင်ကြီးက သူ့ကိုချစ်တယ်။ သူကလည်းသစ်ပင်ကြီးကိုချစ်တယ်။

အဲဒီလိုနဲ့ ကောင်လေးကြီးပြင်းလာတဲ့နောက်မှာ သစ်ပင်ကြီးနဲ့နေ့တိုင်းလာမကစားတော့ဘူး။

တစ်နေ့ သူ သစ်ပင်အောက်ကိုလာပြီး အတော်စိတ်ညစ်တဲ့ပုံနဲ့ ညည်းတွားတယ်။ သစ်ပင်ကြီးက

"လာလေ တူတူကစားမယ်"လို့ ပြောတယ်။

ကောင်လေးက

"ငါမငယ်တော့ဘူး။ နင်နဲ့မကစားချင်တော့ဘူး။ ကစားဖို့ အရုပ်လိုချင်တယ်၊ ဒါပေမယ့် ဝယ်ဖို့ပိုက်ဆံမရှိဘူး" လို့ ပြောတယ်။

သစ်ပင်ကြီးကပြောတယ်။

"ကံမကောင်းတာပဲ။ ငါလည်း ပိုက်ဆံမရှိဘူး။ ဒါပေမယ့် နင် ငါ့အသီးတွေဖြုတ်ပြီး ဈေးမှာသွားရောင်းလေ ပိုက်ဆံရမှာမဟုတ်ဘူးလား"

ကောင်လေး အလွန်ပျော်သွားတယ်။ အသီးတွေ အကုန်ဖြုတ်ပြီး ပျော်ပျော်ကြီးထွက်သွားတယ်။ နောက် ကောင်လေး တော်တော်ကြာကြာနဲ့ ပြန်ပေါ်မလာပြန်ဘူး။ သစ်ပင်ကြီး အလွန်စိတ်ထိခိုက်ရတာပေါ့။ နောက်ဆုံးတော့ ကောင်လေးထပ်ပြန်လာတယ်။ သစ်ပင်ကြီးက အလွန်ပျော်သွားတယ်။

"လာလေ ငါတို့ အတူတူကစားကြမယ်"လို့ ပြောတယ်။

ကောင်လေးက

"မရဘူး၊ ငါအချိန်မရှိဘူး။ ငါ့မိသားစုအတွက် အလုပ်ရှိသေးတယ်။ ငါတို့ အိမ်တစ်လုံးလိုအပ်တယ်။ နင်ကူညီပေးနိုင်မလား"လို့ ပြောတယ်။

"ငါ့မှာ အိမ်မရှိဘူး"လို့ သစ်ပင်ကြီးက ပြန်ဖြေတယ်။ ဒါပေမယ့် နင်ငါ့ရဲ့ အကိုင်းအခက်တွေကိုခုတ်သွားလေ။ အိမ်တစ်လုံးတော့ ကောင်းကောင်းဆောက်လို့ရမှာပါ။

ဒါနဲ့ ကောင်လေးက သစ်ပင်ကြီးရဲ့ ရှိသမျှ အကိုင်းအခက်တွေ အကုန်ခုတ်ယူသွားတယ်။ ပျော်ပျော်ကြီးနဲ့ အိမ်သစ်တစ်လုံးသွားဆောက်ချလိုက်တယ်။ ကောင်လေး ပျော်တော့ သစ်ပင်ကြီးလည်းပျော်တာပေါ့။ နောက်တော့ ကောင်လေး ထပ်မပေါ်လာပြန်တော့ဘူး။

သစ်ပင်ကြီးခမျာ တစ်ကိုယ်တည်း အထီးကျန်တဲ့ ဒဏ်ကို သေလုမတတ်ခံစားရပြန်တယ်။ နွေရာသီတစ်ခုမှာ ကောင်လေးပြန်လာတယ်။ သစ်ပင်ကြီး အလွန်ပျော်သွားခဲ့တယ်။

"လာလေ ကလေး ငါနဲ့တူတူကစားမယ်လေ"

ကောင်လေးက

"ငါစိတ်မပျော်ဘူးဖြစ်နေတယ်။ ငါစိတ်ပြေလက်ပျောက် ပင်လယ်ထဲရွက်သွားလှော်မယ်။ စိတ်ညစ်တာတွေထားခဲ့မယ်။ နင်ငါ့ကို လှေတစ်စင်းလုပ်ပေးနိုင်မလား"လို့ မေးတယ်။

သစ်ပင်ကြီးက

"ငါ့ ပင်စည်ကိုခုတ်လှဲလိုက်လေ၊ သင်္ဘောအကြီးကြီး ဆောက်လိုက်ပါ။ ပင်လယ်ဆိုတာ အန္တရာယ်သိပ်များတယ် မဟုတ်လား"လို့ ပြောတယ်။

ကောင်လေးက သူ့ရဲ့ပင်စည်ကိုခုတ်လှဲပစ်ပြီး သင်္ဘောအကြီးကြီးဆောက်ပြီး ထွက်သွားတာ လုံးဝ ပြန်မလာတော့ဘူးတဲ့။

သစ်ပင်ကြီးက မျက်နှာမှာ အပြုံးတွေဝေလို့၊ ပျော်လို့တော့ မဟုတ်ဘူးပေါ့။ ချစ်တဲ့သူကို ပေးဆပ်လိုက်ရတာကိုး။ နှစ်တွေ တော်တော်ကြာ ကုန်ဆုံးသွားတယ်။ နောက်ဆုံး ကောင်လေး ပြန်လာခဲ့တယ်။

သစ်ပင်ကြီးကပြောတယ်။

"ဆောရီးပါ ကလေး၊ ငါ့မှာ နင့်ကိုပေးစရာ ဘာမှ မရှိတော့ဘူး။ ပေးဖို့ အသီးလည်းမရှိတော့ဘူး"

ကောင်လေးက ပြောတယ်။

"ကျွန်တော့်မှာလည်း သွားမရှိတော့ဘူး။ အသီး မကိုက်နိုင်တော့ဘူး"

သစ်ပင်ကြီးက ထပ်ပြောတယ်။

"နင် ကုပ်တက်လာဖို့ ပင်စည်လည်းမရှိတော့ဘူး"

ကောင်လေးက ပြောတယ်။

"ကျွန်တော်အိုပြီ၊ အရင်လိုလည်း မတက်နိုင်တော့ဘူး"

"ငါ့မှာလည်း အကုန်ကုန်သွားပြီ၊ လိုချင်ရင် ခြောက်သွေ့နေတဲ့ ငါ့သစ်ငုတ်ကို တူးယူသွားလေ"လို့ သစ်ပင်ကြီးက ငိုပြီးပြောတယ်။

ကောင်လေးက "ဒီလောက်နှစ်တွေကုန်ဆုံးသွားပြီးမှ ကျွန်တော်လည်း ပင်ပန်းနေပါပြီ။ ဘာမှလည်း ထပ်မလိုချင်တော့ပါဘူး။ နားခိုစရာနေရာ တစ်နေရာလေး ရှိရင် လုံလောက်ပါပြီ"လို့ ပြောတယ်။

"ရတယ်လေ၊ ငါ့ သစ်ငုတ်ပေါ်မှာ ထိုင်အနားယူလို့ ရတယ်လေ၊ ငါ့ပေါ်ထိုင်ချလေ၊ အတူတူ စကားစမြည်ပြောလို့ရတာပေါ့"လို့ သစ်ပင်ကြီးကပြောတယ်။

ကောင်လေး ထိုင်ချလိုက်တယ်။ သစ်ပင်ကြီးက ပျော်လွန်းလို့ မျက်ရည်တွေကျဆင်းလာတယ်။

ဒါဟာ ကျွန်တော် အွန်လိုင်းမှာဖတ်လိုက်ရတဲ့ ပုံပြင်လေးပါ။ ပုံပြင်အဆုံးမှာ ဘာပြောရမှန်းမသိအောင် ခဏ္တခဏဆွံ့အသွားခဲ့တယ်။ ကျွန်တော်တို့မွေးကတည်းက ဘယ်လောက်များ ယူမိခဲ့ကြပြီလဲ။

မိဘဆိုတာ ဘယ်တော့မှ ပြန်ပြီးရပါစေဆိုတဲ့ စိတ်မရှိပေမယ့် မိဘတိုင်းမျှော်လင့်တဲ့ အရာတစ်ခုရှိတယ်။ အလွန်ရိုးရှင်းပြီး အများကြီးမဟုတ်တဲ့ ကျွန်တော်တို့အချိန်လေး ခဏလောက်ပါပဲ။ စကားလေးပြောချင်ရုံလေးပါ။ စကားလေးပြောခဲ့ချင်ရုံလေးပါ။ သားသမီးမျက်နှာ ကောင်းလား၊ မကောင်းလား၊ ပိန်လား၊ ဝလား ဘာတွေဖြစ်နေလဲ။ ဒါလေးပဲ သူတို့သိချင်တာ။ ဟင်းတွေထမင်းတွေ ချက်၊ ရှိတာလေးတွေပေးဖို့ ဒါတွေပဲမျှော်လင့်ခဲ့တာ။ ဘယ်နှခါများ ကျွန်တော်တို့ လျစ်လျူရှုခဲ့မိသလဲ။ ဘယ်နှခါများ လက်ကိုကိုင်ပြီး မျက်လုံးချင်းဆုံပြီး အချိန်ပေးခဲ့ပြီး စကားပြောခဲ့ဖူးလဲ။ ကျွန်တော်တို့သာ နေရာတွေပြောင်းခဲ့ကြတာပါ။

အများကြီးရေးချင်ပါတယ်။ ဒီလောက်နဲ့တင် ကျွန်တော်ပြောချင်တဲ့အချက်ကို ရလောက်မှာပါ။ မိဘသေးရင် အခုပဲသွားလိုက်ပါ။ အဝေးတစ်နေမှာရောက်နေရင် အခုပဲ ဖုန်းဆက်လိုက်ပါ။ စကားတွေ တစ်ဝကြီးပြောလိုက်စမ်းပါ။ လက်တွေကို အကြာကြီးဆုပ်ကိုင်ပြီး ပြောလိုက်စမ်းပါ။ ဒါလေးပါပဲ။ အများကြီးမဟုတ်ပါဘူး။ ။

## ရင်ထဲကဆန္ဒ

နေအရောင်ကို တိမ်အမှောင်ကွယ်ခဲ့ပြီ
လမိုက်ညမှာလည်း ကြယ်တွေကမရဲတရဲနဲ့
ချောင်းကြည့်နေရတယ်
ယမ်းငွေ့တွေက မြူခိုးတွေအစား
အရုဏ်ဦးမှာ နေရာယူလိုက်ကြပြီ
လင်းကြက်တွန်သံပျောက်လို့
တဒိုင်းဒိုင်းနဲ့ဒီအသံတွေက
နှိုးစက်သံဖြစ်လာတယ်
ရောင်နီဦးအလင်းတန်းအောက်
အလှကိုယ်စီပွင့်နေတဲ့
အဖြူရောင်ပန်းပွင့်လေးတွေ
လောင်းရိပ်ကြောင့် အနီရောင်ပြောင်းရပြီ
ဒီလိုပြောင်းလဲမှုတွေအတွက်
ဆန္ဒဆိုတာ ရှိမနေခဲ့ဘူး
လိပ်ပြာလေးတွေကို
အဖြူရောင်ပန်းမျိုးစေ့
ဖြန့်ကြဲဖို့တာဝန်ပေးချင်မိတယ်
ငှက်ကလေးတွေကိုလည်း
ငြိမ်းချမ်းရေးတေးသီဆိုဖို့ တာဝန်ပေးချင်မိတယ်
မြူခိုးတွေကြား ငြိမ်းချမ်းရေးရောင်နီမြင်ရဖို့
မညီမျှခြင်းအီကွေးရှင်းတွေကို
နားလည်မှုနဲ့ညှိဖို့ တောင်းဆိုချင်မိတယ်
ဒါက
လမ်းပြရုပ်ကြယ်ကို
ရှာဖွေနေသူတစ်ယောက်ရဲ့ဆန္ဒ

**ဆု**
ဒုတိယနှစ်၊ သတ္တဗေဒ (ရန်ကုန်တက္ကသိုလ်)

## စစ်ပြေး

အမေရေ
အိမ်ဘယ်တော့ပြန်ရမှာလဲ
ဗိုက်တွေလည်းဆာလှပြီ
နားတွေလည်း အူနေတာပဲ
ပြေးရတာပင်ပန်းလွန်းလို့
သမီးခဏတော့ အိပ်ချင်ပြီ
မပြေးခင်ရေးခဲ့ရတဲ့ အိမ်စာလေး
တဲထဲမှာ ကျန်ခဲ့တယ်
အိမ်ပြန်ရင် ရှိပါဦးမလား
မငိုပါနဲ့ အမေရယ်
အဖေရော ဘယ်မှာလဲလို့
သမီးမမေးတော့ပါဘူး
ပုန်းနေတဲ့မြက်တွေကြား
တစ်ရေးလောက်အိပ်နေတုန်း
အိပ်မက်ထဲက မိသားစုထမင်းဝိုင်းလေး
အမေလှုပ်နှိုးလို့ ပျက်သွားရပြီ
အမောတကော အမေ့အသံ
နားထဲမှာလျှံလာတယ်
"သူတို့တွေလာနေပြီ ပြေးစို့သမီး"။

**အောင်ဘုန်း**
ရူပဗေဒ၊ ဒဂုံတက္ကသိုလ်

## အနေးပြကွက်

အိမ်ရှေ့တံခါးပေါက်က
ပြောင်ပြောင်တင်းတင်း
ဝင်ရောက်လာသူတွေကလည်း
ဖွေးဖွေးကိုလှုပ်လို့။
အိမ်နောက်ဖေးအပေါက်က
ခိုးကြောင်ခိုးဝှက်
ဝင်ရောက်လာသူတွေကလည်း
မည်းမည်းကိုမှောင်လို့။
သူတို့တွေဟာ
အိမ်သာလို့ လာကြတဲ့ဧည့်သည်တွေ
အခုတော့
သူတို့တွေက
ရှာလယ်ကသာယာဝေစည်တဲ့
ငါတို့ရဲ့အိမ်လေးကို
ခြံခတ်နေကြပြီ။
အဲဒါဘာကြောင့်လဲဆို
တို့ညီအစ်ကိုအချင်းချင်း
ပန်းခင်းထဲမှာ ဓားသိုင်းကနေကြလို့။

**ခက်ဆစ်လင်း(ပြည်)**

## အရှုံးမဲ့ပန်းတိုင်

နေမင်းနဲ့လွဲရလို့
ငါငိုမယ်ထင်သလား
ကြယ်လေးတွေကို ငါမျှော်လင့်လို့
ရှေ့ဆက်ကာကြိုးစား။
ပန်းပွင့်တွေနွမ်းကြွေလို့
ငါရင်ကွဲမယ်ထင်သလား
မြက်ပင်လေးတွေ ငါစိုက်ပျိုးလို့
စိမ်းလန်းအောင်မွေးဖွား။
ဘဝဟူသည်
မျက်လှည့်ပမာ
ပန်းခင်းတစ်ခါ၊ ဆူးတောတစ်လှည့်
အလင်းတစ်ခါ၊ အမှောင်တစ်လှည့်
ကြုံရမြဲမို့
မည်းညည်းညူ ငါလျှောက်လှမ်းလို့
လောကဓံခရီးကြမ်းကိုလ
ကြံ့ကြံ့ခံရပ်တည်ရင်ဆိုင်ကာရယ်
အနိုင်ရအောင်ယူပါ့မယ်
ငါဟဲ့လူသား။

**ခင်မေဒေး**

## ကျည်ဆန်ကြားက ရှိုက်သံများ

အတ္တအတွက်
ဝါဒအတွက်
ကျည်မိုးတွေရွာနေတယ်။
ဗျာပါဒတွေ
ရင်ဝယ်သားဖြစ်ပြီး
သောကတွေအထပ်ထပ်
နှိုးသောက်နေကြတယ်။
အသက်ရှူသံ ယိုင်နဲ့နဲ့နဲ့
မှိုင်တိုင်တိုင်ခြေလှမ်းတွေ
ချုံတိုးပြီး မိုးခိုနေရတယ်။
ညည်းတွားနေတဲ့ ယမ်းငွေ့တွေ
ခပ်လွင့်လွင့် ကနေတော့လည်း
ကျည်ဆန်ကြားက ရှိုက်သံတွေ
အသက်ဝင်နေတာဘာဆန်းမလဲ။

**လဝန်းချိုချို**